# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ခွင့်လွှတ်ခြင်းဖြင့် ပြေငြိမ်းစေ**

လူ့လောက၌ အကြောင်းတစ်ခုကိုစွဲ၍ တစ်ပါးသူအပေါ် ရန်ငြိုး ဖွဲ့ခြင်းသည် မကောင်း။ ရန်သည် မည်သည့်အခါမျှ မငြိမ်းနိုင်။ အပြစ်မယူ၊ ရန်ငြိုးမဖွဲ့ခြင်း၊ ခွင့်လွှတ်ခြင်းဖြင့်သာ ရန်သည် ပြေငြိမ်းနိုင်၏။ တိဿရဟန်းကြီးကဲ့သို့ ဆုံးမခက်သော ဘ၀မျိုးသို့ မရောက်စေမူ၍ ဇာတ်၀တ္ထုပါ နာရဒရသေ့ကဲ့သို့ အရာရာကို အပြစ်မယူ ခွင့်လွှတ်ခြင်းဖြင့် ရန်ကိုငြိမ်းစေရာ၏။

ယမကဝဂ်(ဓမ္မပဒ-၄)


၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့ | 26, Sunday June 2016 | (၈၆၀၄)


# ပြည်ပတွင်ရောက်ရှိနေသည့် နိုင်ငံသားအားလုံးသည် အိမ်ရှင်နိုင်ငံ၏ ဥပဒေစည်းကမ်းများအတိုင်း နေထိုင်သွားကြရမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား မှာကြား

ဗန်ကောက် ဇွန် ၂၅

**ထိုင်းနိုင်ငံ၌ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ဇနီး လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နခွမ်းပထုမ်ခရိုင် ဘန့်ဟိုးအောင် စံပြကျေးရွာနှင့် SAMPRAN Riversideတို့သို့ သွားရောက်၍ သဘာဝနည်းကျစိုက်ပျိုးထုတ်လုပ်မှု၊ ဇီဝမြေဩဇာထုတ်လုပ်မှု၊ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် သဟဇာတဖြစ်သော ပေါင်းစည်းလယ်ယာစနစ်လုပ်ကိုင်နေမှုနှင့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာသည်။**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘန့်ဟိုးအောင် စံပြကျေးရွာအနီး အလုပ်လုပ်ကိုင်နေကြသည့် မြန်မာ အလုပ်သမားများအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာသံရုံး၌ Assumption Universityမှ မြန်မာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး မိမိ နိုင်ငံသားများဒုက္ခရောက်လျှင် ကူညီကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ တာဝန်သည် နိုင်ငံသူနိုင်ငံသား အားလုံးနှင့်သက်ဆိုင်ကြောင်း၊ ယခု ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသည့် နိုင်ငံသားအချင်းချင်း အပြန်အလှန် ကူညီစေလိုကြောင်း၊ အထူးသဖြင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်များကို တတ်နိုင်သည့်ဘက်က ကူညီပေးစေလိုကြောင်း၊ ကျောင်းသားများအနေဖြင့် အသက်အရွယ် ငယ်ရွယ်စဉ်ကပင် ပရဟိတစိတ်ဓာတ် ရှိရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ကိစ္စ အားလုံးသည် မိမိတို့နှင့်သက်ဆိုင်ကြောင်း၊ ပြောရမည်ဆိုပါက လူသားများ၏ကိစ္စသည် မိမိတို့နှင့်ဆိုင်ကြောင်း၊ မိမိတို့ရရှိထားသည့် အထူးအခွင့်အရေးကို အများအကျိုးအတွက် အသုံးချစေလိုပါကြောင်း၊ နိုင်ငံ၏


**စာမျက်နှာ ၃ ကော်လံ ၁ သို့**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံရောက် မြန်မာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၂၅

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယနေ့ညနေမှ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ (ကြေးမုံ)

## မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်နှင့် မန်းရတနာပုံလေကြောင်းလိုင်းမှ လေယာဉ်တို့ တောင်ပံစွန်းချင်း တိုက်မိ


စာမျက်နှာ - ၈





❐ ရွှေဖုံးမှ

ဂုဏ်သိက္ခာကိုစောင့်ထိန်းရန်မှာ နိုင်ငံသူ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ပါကြောင်း၊ ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံသူ နိုင်ငံသားအားလုံးသည် မိမိတို့နိုင်ငံ၏သံတမန်များဟုပြောလျှင် မမှားကြောင်း၊ ထို့ကြောင့် အိမ်ရှင်နိုင်ငံ၏ ဥပဒေစည်းကမ်းများအတိုင်း နေထိုင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအရေးဆောင်ရွက်နေသည့် အဖွဲ့အစည်း ၁၃ ဖွဲ့မှ တာဝန်ရှိသူများအား မြန်မာသံရုံး၌ ဆက်လက်တွေ့ဆုံပြီး ရွှေ့ပြောင်းအလုပ်သမားများ၏ ပညာရေး၊ ကျန်းမာရေး၊ ထိုင်းနိုင်ငံက သတ်မှတ်ထားသည့် အလုပ်သမားအခွင့်အရေးများအား ဥပဒေဘောင်အတွင်းမှ အပြည့်အဝရရှိရေး၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် သက်ဆိုင်သည့် အထောက်အထားစာရွက်စာတမ်းများ ရရှိရေး၊ အနိမ့်ဆုံးလုပ်ခလစာရရှိရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ သံရုံးမိသားစုများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**






# နိုင်လွေး(ခ)နိုင်လှသောင်းဦးစီးသော လက်နက်ကိုင်အဖွဲ့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံတော်လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ပူးပေါင်း၍ တက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်းတွင် လှုပ်ရှားနေသော နိုင်လွေး(ခ) နိုင်လှသောင်း ခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ သဘောထားအမှန်ကို သိရှိနားလည်လာပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လိုကြောင်း နယ်မြေခံတပ်မတော်စစ်ကြောင်းထံ ဆက်သွယ်လာသဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်း၊ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးနှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် ရေးမြို့နယ် နယ်မြေခံတပ်နယ်ခန်းမ၌ ၎င်းအဖွဲ့အား အခမ်းအနားဖြင့် ကြိုဆိုခဲ့ကြသည်။

ရှေးဦးစွာ တိုင်းမှူးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အဖွဲ့ခေါင်းဆောင် နိုင်လွေး(ခ)နိုင်လှသောင်းက တိုင်းမှူးနှင့် တာဝန်ရှိသူများထံသို့ လက်နက်များလွှဲပြောင်းအပ်နှံသည်။ ထို့နောက် တိုင်းမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။ ထို့နောက် နိုင်လွေး(ခ)နိုင်လှသောင်း ခေါင်းဆောင်သောအဖွဲ့သည် ဆရာတော်၊ သံဃာတော်များနှင့် ပြည်သူများအား ဝန်ချတောင်းပန်သည်။

အဆိုပါ နိုင်လွေး(ခ)နိုင်လှသောင်းခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့သည် အဖွဲ့ဝင် ၂၀ နှင့်အတူ လက်နက်ငယ် ၁၂ လက်၊ ဗုံးသီး ၁၂ လုံး၊ လက်ပစ်ဗုံး ၁၀ လုံး၊ လက်လုပ်မိုင်း ခြောက်လုံး၊ ကျည်မျိုးစုံ ၁၀၉၉ တောင့်၊ ကျည်အိမ်မျိုးစုံ ၁၂ ခု၊ လမ်းလျှောက် စကားပြောစက် နှစ်လုံး၊ လွယ်ကြိုးတစ်ချောင်းတို့ပါဝင်ကြောင်း သိရှိရပြီး ယင်းအဖွဲ့ဝင်များ လူမှုဘဝလုံခြုံစွာ ရပ်တည်နိုင်ရေး၊ ဥပဒေဘောင်အတွင်း အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးတို့အား ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့ ပေါင်းစပ်ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# အော်တစ်ဇင်အကြောင်း သိကောင်းစရာဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၅**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံအော်တစ်ဇင်အသင်း(ရန်ကုန်)တို့ ပူးပေါင်း၍ အော်တစ်ဇင်အကြောင်း သိကောင်းစရာဟောပြောပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ IBC (International Business Centre)၌ ကျင်းပရာ **(အောက်ပုံ)** အခမ်းအနားသို့ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာများဖြစ်ကြသော ဦးမိုးဆန်းအောင်နှင့် ဦးထွန်းလင်း၊ ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်မြင့်မြင့်ချို၊ အထွေထွေမန်နေဂျာ ဦးအောင်ကျော်စိုး၊ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အော်တစ်ဇင်အသင်း (ရန်ကုန်)မှ အတိုင်ပင်ခံ ပါမောက္ခ ဒေါက်တာညဏ်ဝင်းကျော်၊ အတိုင်ပင်ခံ ဒေါက်တာတင်မဖြူ၊ အော်တစ်ဇင်အသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်လွင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာအော်တစ်ဇင်အသင်း (ရန်ကုန်)၏ အတိုင်ပင်ခံပါမောက္ခ ဒေါက်တာညဏ်ဝင်းကျော်က အာရုံကြောဖွံ့ဖြိုးမှုဆိုင်ရာ ရောဂါများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် အော်တစ်ဇင်ဖြစ်ပေါ်လာရခြင်း၏ အနက်အဓိပ္ပာယ်၊ သဘောသဘာဝများကို ဒေါက်တာမြင့်လွင်က ဖြည့်စွက်ရှင်းလင်းပြီး မြန်မာနိုင်ငံ အော်တစ်ဇင်အသင်း (ရန်ကုန်)၏ အတိုင်ပင်ခံ ဒေါက်တာတင်မဖြူက အော်တစ်ဇင်များ၏ ဓလေ့စရိုက်၊ သင်ကြားမှုပုံစံတို့ကို ရုပ်ပုံကားချပ် ဆလိုက်များဖြင့် အသေးစိတ်ရှင်းလင်း ပြောကြားသည်။

မြန်မာနိုင်ငံ အော်တစ်ဇင်အသင်း (ရန်ကုန်)အနေဖြင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းနှင့် ပထမဆုံးအကြိမ်ပူးပေါင်း၍ ဟောပြောပွဲကျင်းပရခြင်းဖြစ်ပြီး ဆက်လက်၍လည်း အော်တစ်ဇင်နှင့်ပတ်သက်သည့် လုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝဝ)**



# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်/စာစောင်ပြပွဲပြုလုပ်

**မော်လမြိုင် ဇွန် ၂၅**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် TTCL (Myanmar Engineering and Construction) ကုမ္ပဏီတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်/ စာစောင်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ညောင်ပင်ဆိပ်ရပ်ကွက် သာသနာ့ဝေပုလ္လ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ဇွန် ၂၄ ရက် က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါလွင်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးကို ကျောင်းသားလူငယ်များအား အသေးစိတ်ရှင်းလင်းပြောကြားပြီး မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများနှင့် စာအုပ်/စာစောင်များကိုပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိသူများအား TTCL (Myanmar Engineering and Construction) ကုမ္ပဏီမှ ဦးထက်အောင်မွန် ခေါင်းဆောင်သောအဖွဲ့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝေလင်း(IPRD)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ထိုင်းနိုင်ငံခရီးစဉ် မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Assumption University မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နခွမ်းပထုမ်ခရိုင် ဘန့်ဟိုးအောင် စံပြကျေးရွာ၌ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နခွမ်းပထုမ်ခရိုင် SAMPRAN ၌ ထုတ်ကုန်ပစ္စည်းများ လေ့လာစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအရေး ဆောင်ရွက်နေသည့် အဖွဲ့များနှင့်တွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံမှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ သံရုံးမိသားစုများက သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတက်ရောက်

**နေပြည်တော် ဇွန် ၂၅**

သစ်ပင်စိုက်ပျိုးခြင်းသည် အများပြည်သူအတွက် အေးမြသည့် အရိပ်အာဝါသကိုဖန်တီးပေးသည့် လုပ်ဆောင်ချက်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ကာ သဘာဝဘေးဒဏ်များကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထားကာ ရှင်သန်အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်လိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ခရေပင်ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက ကံ့ကော်ပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက စိုက်ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၅၀၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်တွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင် စုစုပေါင်းမှာ ၄၀၈၄၉၇ ပင်ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

# ပြောင်းလဲနေသည့်ခေတ်စနစ်ကို ထင်ဟပ်အားကောင်းစေမည့် တေးသီချင်းများ ရေးသားထုတ်လွှင့်နိုင်ရေး တွေ့ဆုံဆွေးနွေး



**ရန်ကုန် ဇွန် ၂၅**

တေးသီချင်းများကို ဂီတအသံနှင့် ပေါင်းစပ်လိုက်ပါက ပိုပြီးအားကောင်းထိရောက်မှုရှိလာမည်ဖြစ်ပြီး တေးသီချင်း၊ ဂီတအသံနှင့် ရုပ်မြင်သံကြားပူးပေါင်းလိုက်သည့်အခါ ပိုပြီးသက်ရောက်မှု ရှိလာမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တေးရေးပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် တေးရေးဂီတပညာရှင်ကြီးများအား တေးသီချင်းများ ရေးသားပေးရန် အကူအညီ တောင်းလိုပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အများပြည်သူနှင့် ဆက်ဆံသည့်အခါ အားရှိသည့် မီဒီယာတစ်ခုဖြစ်သည်ဟု မြင်ပါကြောင်း၊ နိုင်ငံရေးခေတ်စနစ် ပြောင်းလဲလာသည့် အခြေအနေတွင် အနုပညာခံစားမှုများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် ပြည်သူများအား တွေ့မြင်စေလိုပါကြောင်း။

ပြောင်းလဲနေသည့် ဒီမိုကရေစီခေတ်စနစ်ကို ထင်ဟပ်အားကောင်းစေမည့် တေးသီချင်းများကို ရေးသားထုတ်လွှင့်စေလိုပါကြောင်း၊ တေးရေး၊ တေးဆိုပညာရှင်များ၏ လုပ်ငန်းအခက်အခဲများအား ဝန်ကြီးဌာနဘက်မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲနေသည့်ကာလတွင် တေးဂီတဆိုင်ရာလိုအပ်နေသောကွက်လပ်အား ဝိုင်းဝန်းဖြည့်ဆည်း ပေးစေလိုပါကြောင်း၊ အဆိုပါရည်ရွယ်ချက်များဖြင့် တွေ့ဆုံခြင်းဖြစ်ပြီး အကြံဉာဏ်များကိုလည်း ပေးစေလိုပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တေးရေးပညာရှင်များက တေးဂီတလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တေးရေးပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ရေကူးအသံလွှင့်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

## နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၈ ပါ "အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ" ဆိုသည့် စကားရပ်ကို "လုပ်သက်နှစ် ၃၀ ပြည့်သောအခါ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"၆၂။ ဝန်ထမ်းက ပုဒ်မ ၅၈ အရ နှစ်ပြည့်ပင်စင် ခံစားခွင့်တောင်းခံသည့်အခါ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်း မပြုရ။"**



**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ လမ်းညွှန်မှု၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဂီတအစည်းအရုံးမှ ဦးဆောင်ကာ ဇွန် ၂၇ ရက်တွင် ကျရောက်မည့် "ဂီတနေ့"ကို ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၌ကျင်းပရာ မရမ်းကုန်းမြို့နယ် အမက(၁၇) ကျောင်းသူလေးများက အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်စဉ်။**

ညီညီ(သမိုင်း)

# အင်းစိန်မြို့နယ် ဂီတအစည်းအရုံးမှ မြန်မာ့ဂီတနေ့ကျင်းပ အဆိုတော်များ တေးသံသာများ သီဆိုဖျော်ဖြေ

**ရန်ကုန် ဇွန် ၂၅**

ဇွန် ၂၇ ရက်တွင် ကျရောက်မည့် မြန်မာ့ဂီတနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းစိန်မြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဂုဏ်ပြုပွဲကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးဘုန်းဝေ(ဒါရိုက်တာ-ဘုန်းဝေ)က နှုတ်ခွန်းဆက်စကားပြောကြား၍ မြန်မာနိုင်ငံဂီတအစည်းအရုံး ဗဟိုကော်မတီဝင် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်လှိုင်လှိုင်က မြန်မာ့ဂီတနေ့ကျင်းပသော တို့ဗမာသီချင်းမှ စာသားတချို့ကိုသီဆိုသည်။ (ဗဟို)မှပေးပို့သော သဝဏ်လွှာကို မြို့နယ်ဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ-၂ ဦးဇော်သွင်(ကီးဘုတ်)က ဖတ်ကြားကာ မြို့နယ်စည်းရုံးရေးမှူး အဆိုတော် ဒေါ်မေသူခိုင်က စည်းရုံးရေးလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး အင်းစိန်မြို့နယ် ဂီတအစည်းအရုံး၊ မြန်မာမှုတေးဂီတ တေးရေးဆရာများက တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း(အင်းစိန်)**



# အငှားယာဉ်ရပ်နားရန်နေရာနဲ့ မီတာစနစ်ကိုဖော်ဆောင်ဖို့ အချိန်ကျပြီ

**လင်းသီဟ**

ရန်ကုန်မြို့အားအခြေပြု၍ ပြေးဆွဲနေသော အငှားယာဉ်အရေအတွက် များပြားနေသဖြင့် အငှားယာဉ်များတင်သွင်းမှုအား ရပ်ဆိုင်းထားကြောင်းနှင့် နံပါတ်အနက်ယာဉ်များအား အငှားယာဉ်များအဖြစ် ပြောင်းလဲပြေးဆွဲနေခြင်းကို ယာယီရပ်ဆိုင်းထားကြောင်း သိရပါသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲနေသော အငှားယာဉ်များကို လေ့လာကြည့်ပါက မူလကပင် အငှားယာဉ်ပြေးဆွဲရန် သီးသန့်သတ်မှတ်ထားသော (AA၊BB) စသော အက္ခရာများဖြင့် တင်သွင်းလာသော ယာဉ်များနှင့် နံပါတ်အနက်ယာဉ်များအား အငှားယာဉ်အဖြစ် ပြောင်းလဲပြေးဆွဲနေသော ယာဉ်များဟူ၍ နှစ်မျိုးနှစ်စားတွေ့နိုင်ပါသည်။ အငှားယာဉ်နံပါတ်များဖြင့် ပြေးဆွဲနေသော ယာဉ်များတွင်လည်း ရန်ကုန်တိုင်းဒေသကြီးအတွက် သတ်မှတ်ထားသော (YGN) အငှားယာဉ်များအပြင် အိမ်နီးချင်း ဧရာဝတီ၊ ကရင်၊ မွန်၊ ပဲခူး၊ မန္တလေးစသော တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် တင်သွင်းလာသော အငှားယာဉ်များကိုလည်း ရန်ကုန်မြို့၌ တွေ့ရှိနေရသည်။

ရန်ကုန်မြို့တွင် ထိုကဲ့သို့နံပါတ်ပြားအနီ အငှားယာဉ်အက္ခရာ (AA၊BB၊CC၊DD) ဖြင့် တွေ့တိုင်းလည်း အငှားယာဉ်များဖြစ်သည်ဟု တစ်ထစ်ချမှတ်ယူ၍ မရပေ။ အဘယ်ကြောင့်ဆိုသော် အချို့သောသူများသည် ဈေးနှုန်းသက်သာလို၍၊ အခွန်များကို ရှောင်ရှားလို၍ စသော ရည်ရွယ်ချက်များဖြင့် အငှားယာဉ်အက္ခရာတပ်ယာဉ်များကို ဝယ်ယူကာ အငှားယာဉ်ပြေးဆွဲခြင်းမပြုဘဲ အိမ်သုံးယာဉ်များအဖြစ် အသုံးပြုနေကြ၍ဖြစ်ပါသည်။ ဥပမာအားဖြင့် အမျိုးသမီးငယ်လေးများ မောင်းနှင်သော (AA၊BB၊CC) အက္ခရာယာဉ်များသည် အများအားဖြင့် အိမ်သုံးကိုယ်ပိုင်ယာဉ်များဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အလားတူပင် တန်ဖိုးမြင့် ဇိမ်ခံကားအချို့သည်လည်း အငှားယာဉ်အက္ခရာတပ်ပြီး အိမ်သုံးအဖြစ်စီးနေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် အမှန်တကယ်ပြေးဆွဲနေသော အငှားယာဉ် အရေအတွက်ကို သိရှိရန်မလွယ်ကူပေ။

အငှားယာဉ်များ၏ ပြေးဆွဲနေမှုအခြေအနေကို လေ့လာကြည့်ပါက မိမိတို့သန်ရာသန်ရာနေရာများတွင် ဂိတ်ထိုး၍ ခရီးသည်ရှာသူများရှိသကဲ့သို့ တစ်မြို့လုံး လူစည်ကားရာနေရာများတွင် လှည့်ပတ်မောင်းနှင်ရင်း ခရီးသည်ရှာသူ ယာဉ်မောင်းများကို တွေ့ရှိရပါသည်။ ဒုတိယအမျိုးအစားအငှားယာဉ်များသည် မည်မျှပင် ယာဉ်ကြောကျပ်သည့်နေရာဖြစ်စေ၊ မီးပွိုင့်ဧရိယာအတွင်း၌ပင်ဖြစ်စေကာမူ ခရီးသည်တားပါက လမ်းလယ်ယာဉ်ကြောပေါ်တွင် ရပ်၍ ခရီးသည်တင်ရန် ဝန်မလေးသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယုတ်စွအဆုံး တစ်ဖက်ယာဉ်ကြော၏ ပလက်ဖောင်းမှ ခရီးသည်ကိုပင် ဘယ်ကွေ့မျဉ်းသေကို ဖြတ်ကာ ခရီးသည်လုတင်ကြသူများဖြစ်ပါသည်။

၎င်းအပြင် ခရီးစဉ်ခေါက်ရေများများရရှိရေးအတွက် ခရီးသည်ရသည်နှင့် ပုံမှန်ယာဉ်ကြောအတိုင်း မမောင်းဘဲ "အစ်ကိုတစ်စီးလောက်"ဟု ဆိုကာ မြွေလိမ်မြွေကောက် မောင်းနှင်လေ့ရှိပါသည်။ အလယ်ယာဉ်ကြောမှ မောင်းနှင်ရာမှ ယာဘက်ပလက်ဖောင်းပေါ်၌ ခရီးသည်တွေ့လျှင် ယာဘက်သို့ ခေါင်းထိုးပြီး လမ်းလယ်ယာဉ်ကြောပေါ်တွင် ဖင်တစ်ခြမ်းတင်ပြီး ရုတ်တရက်ရပ်လေ့ရှိပါသည်။ ထို့ကြောင့် ကျန်ယာဉ်မောင်းသူများက အငှားယာဉ်များနှင့်တွေ့လျှင် သတိထားမောင်းနေကြရပြီး သတိထားသည့်ကြားမှပင် အငှားယာဉ်များနှင့် တိုက်မိ၊ ချိတ်မိကြလေ့ရှိပါသည်။ ဤသည်တို့မှာ အငှားယာဉ်များ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအနေအထားကို တင်ပြခြင်းဖြစ်ပါသည်။

ထပ်မံတင်ပြလိုသည်မှာ လုံခြုံရေးအပိုင်းဖြစ်ပါသည်။ ကာတွန်းတစ်ခုတွင် တွေ့ရသည့်အတိုင်းပင် ခရီးသည်ကလည်း "ဒီအငှားယာဉ်သမား စိတ်ချရရဲ့လား။ ငါ့ကိုလမ်းမှာ တစ်ခုခုလုပ်မှာလား"ဟု သံသယစိတ်ဖြင့် ကြည့်သကဲ့သို့ အငှားယာဉ်သမားကလည်း "ဒီခရီးသည်တွေ ငါ့ကို မတရားကြံမယ့်သူတွေလား။ လမ်းမှာစိတ်ချရပါ့မလား" ဟု တစ်ဦးအပေါ်တစ်ဦး သံသယစိတ်အပေါ် အခြေခံကာ အငှားယာဉ်စီးနေကြရပါသည်။

**ယခင်ကကျင့်သုံးခဲ့သော မီတာမဝယ်မနေရစနစ်တွင် တာဝန်ရှိသူများသည် မီတာတပ်ဆင်အသုံးပြုရေးကို အဓိကမထားဘဲ မီတာရောင်းချရရေးကိစ္စရပ်ကိုသာ အဓိကထားဆောင်ရွက်ခဲ့သဖြင့် နာမည်ပျက်ခဲ့ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ယခုမီတာစနစ်ကို ကျင့်သုံးမည်ဆိုပါက မီတာတင်သွင်းမည့် ကန်ထရိုက်ကို ပွင့်လင်းမြင်သာစွာဖြင့် ရွေးချယ်ရန် လိုအပ်ပါသည်။ တပ်ဆင်မည့် မီတာများသည် လုံခြုံစိတ်ချရပြီး အရည်အသွေးကောင်းမွန်သည့် မီတာများဖြစ်ရန် လိုအပ်. . .**

၎င်းတို့ သံသယဝင်ကြသကဲ့သို့ပင် ကားငှားစီးသူများ၏ အကောက်ကြံမှုကြောင့် ငွေ၊ ဟန်းဖုန်းပါသွားသူများ၊ သေလုမြောပါးဒဏ်ရာရရှိသူများနှင့် အသက်သေပြီး ကားပါ အလုခံလိုက်ရသည့် ယာဉ်မောင်းများလည်း များစွာရှိခဲ့ပြီးဖြစ်ပါသည်။ ထို့အတူပင် ဒုစရိုက်သမားအငှားယာဉ်မောင်းသူများကြောင့် ဘဝပျက်သွားသူခရီးသည်အမျိုးသမီးများ၊ ပစ္စည်းအလုခံရသူများနှင့် အသက်ပေးခဲ့ရသည့် ခရီးသည်များ၏ အရေအတွက်မှာလည်း ဆယ်ဂဏန်းကျော်ခဲ့ပြီဖြစ်ပါသည်။ ၎င်းတို့ထက်ပိုဆိုးသည်မှာ ဖောက်ထွင်းလုယက်မည့် ဒုစရိုက်သမားများ၊ ခါးပိုက်နှိုက်များသည် အငှားယာဉ်များကို အသုံးပြု၍ တစ်မြို့လုံးသို့ လှည့်ပတ်သွားလာစနည်းနာပြီး ပြစ်မှုကျူးလွန်ရန် ကြိုးစားနေကြခြင်းပင် ဖြစ်ပါသည်။

အငှားယာဉ်များနှင့် စပ်လျဉ်း၍ ခရီးသည်များနှင့် အငှားယာဉ်သမားများကြားတွင် နေ့စဉ်ပေါ်ပေါက်နေရသော အခြားကိစ္စတစ်ရပ်မှာ ဈေးနှုန်းကိစ္စဖြစ်ပါသည်။ မည်သည့်နိုင်ငံမဆို အငှားယာဉ်တစ်စီးထိုးဆိုက်လိုက်သည်နှင့် တက်ထိုင်လိုက်ပြီး သွားလိုရာသို့ ပြောလိုက်ရုံပင်ဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံတွင်မူ သွားလိုရာခရီးကို ခရီးသည်က ဦးစွာပြောရမည်။ အငှားယာဉ်သမားက လိုက်ပို့ရန်ဆန္ဒရှိမှ လိုက်ပို့နိုင်ကြောင်း တုံ့ပြန်ပါမှ ဈေးနှုန်းကိုညှိနှိုင်းရမည်ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက် ဈေးနှုန်းကို သဘောတူသတ်မှတ်ပြီးမှသာ လိုရာသို့ ခရီးဆက်နိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဈေးဆစ်မှုသည် တစ်ခါတစ်ရံ ငါးမိနစ်မှ ဆယ်မိနစ်ကြာသည်ကို တွေ့ရှိရပါသည်။ ခရီးသည်နှင့် အငှားယာဉ်မောင်းတို့ ဈေးဆစ်နေသည့်နေရာသည် ယာဉ်ကြောကျပ်တည်းသော နေရာဖြစ်ပါက ယာဉ်ကြောပိတ်ဆို့မှုများပါ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ရန်ကုန်မြို့တော်တွင် ဖြစ်ပေါ်နေသော ယာဉ်ကြောကျပ်တည်းမှုများ လျော့နည်းသွားစေရေး၊ ခရီးသည်များ ဘေးကင်းလုံခြုံစိတ်ချစွာ လိုရာခရီးရောက်ရှိရေး၊ ယာဉ်မောင်းများ လုံခြုံစိတ်ချဘေးကင်းစွာဖြင့် စီးပွားရှာနိုင်ရေး၊ ကားခနှုန်းထားအား ဈေးဆစ်နေရသည့်ဒုက္ခနှင့် ဈေးနှုန်းညှိနှိုင်းနေရသည့် အချိန်များသက်သာစေရေးအတွက် အငှားယာဉ်ရပ်နားရန်နေရာ (Taxi Stand) စနစ်နှင့် ယာဉ်စီးခနှုန်းထားအား အလိုအလျောက်တွက်ချက်သော မီတာစနစ် (Meter System) တို့ကို စတင်ကျင့်သုံးသင့်နေပြီဖြစ်ပါသည်။

ယခင်ကကျင့်သုံးခဲ့သော မီတာမဝယ်မနေရစနစ်တွင် တာဝန်ရှိသူများသည် မီတာတပ်ဆင်အသုံးပြုရေးကို အဓိကမထားဘဲ မီတာရောင်းချရရေးကိစ္စရပ်ကိုသာ အဓိကထားဆောင်ရွက်ခဲ့သဖြင့် နာမည်ပျက်ခဲ့ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ယခုမီတာစနစ်ကို ကျင့်သုံးမည်ဆိုပါက မီတာတင်သွင်းမည့် ကန်ထရိုက်ကို ပွင့်လင်းမြင်သာစွာဖြင့် ရွေးချယ်ရန် လိုအပ်ပါသည်။ တပ်ဆင်မည့် မီတာများသည် လုံခြုံစိတ်ချရပြီး အရည်အသွေးကောင်းမွန်သည့် မီတာများဖြစ်ရန် လိုအပ်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ်မောင်းနှင်စဉ် ကျသင့်မည့် အခကြေးငွေ၊ မီးပွိုင့်များနှင့် ယာဉ်ကြောကျပ်တည်းသော နေရာများတွင် ရပ်စောင့်နေရချိန်များအတွက် ကျသင့်ငွေများကို မှန်ကန်စွာ တွက်ချက်ပေးနိုင်မည့် မီတာများဖြစ်ရန် လိုအပ်ပါသည်။

ထို့အတူပင် အငှားယာဉ်၊ အငှားယာဉ်မောင်းနှင့် ခရီးသည်များကို ရိုက်ကူးပုံဖော်မှတ်တမ်းတင်နိုင်မည့် CCTV များကိုလည်း အငှားယာဉ်ရပ်နားရန်နေရာများ၌ တပ်ဆင်ပေးရန်လိုအပ်ပါသည်။ သို့မှသာလျှင် အငှားယာဉ်မောင်းများက ခရီးသည်များအပေါ် အကောက်မကြံနိုင်သကဲ့သို့ ယာဉ်မောင်းများ၏ လုံခြုံရေးကိုလည်း စောင့်ရှောက်ပေးနိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် ခရီးသည်များ ပစ္စည်းမေ့ကျန်ခြင်း၊ ပျောက်ဆုံးခြင်းများကိုလည်း CCTV ကိုကြည့်ကာ ဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ရန်ကုန်မြို့တော်၏ အဓိကကျသော လမ်းများပေါ်တွင် လူစည်ကားသော နေရာများ၌ အငှားယာဉ်ရပ်နားရန်နေရာ (Taxi Stand) များကို အမြန်ဆုံး သတ်မှတ်နေရာချထားပေးသင့်ပါသည်။ ထိုအငှားယာဉ်ရပ်နားရန် နေရာများတွင်လည်း မှတ်တမ်းတင်လုံခြုံရေးကင်မရာ (CCTV) များကို တပ်ဆင်ပေးခြင်း၊ အငှားယာဉ်ရပ်နားရန်နေရာများနှင့် ကိုက် ၅၀၀ အတွင်း ရပ်တန့်ကာခရီးသည်တင်သော အငှားယာဉ်များနှင့် အငှားယာဉ်စီးသူ ခရီးသည်များအား ယာဉ်ကြောပိတ်ဆို့စေမှုဖြင့် အမှုဖွင့်အရေးယူခြင်းများကို ဆောင်ရွက်သင့်ပါသည်။

ထို့အပြင် အငှားယာဉ်အားလုံးတွင်လည်း နိုင်ငံတော်အစိုးရမှ သတ်မှတ်ထားသော မိုင်နှုန်း (ကီလိုမီတာ) အရသတ်မှတ်ထားသော ယာဉ်စီးခ၊ စောင့်ဆိုင်းခ (ဥပမာ၊ တစ်မိနစ်လျှင်. . . ကျပ်) များကို တွက်ချက်ပေးနိုင်သော မီတာများ တပ်ဆင်ရမည်ဖြစ်ပါသည်။

အငှားယာဉ်ရပ်နားရန်နေရာများတွင် ခရီးသည်အတင်၊အချပြုလုပ်ပြီး အငှားယာဉ်မီတာစနစ်ကို အသုံးပြုရန် သဘောတူညီသည့် အငှားယာဉ်များကိုသာ အငှားယာဉ်များအဖြစ် မှတ်ပုံတင်ပေးကာ အငှားယာဉ်များအဖြစ် ပြေးဆွဲခွင့်ပြုသင့်ပါသည်။ အငှားယာဉ်ရပ်နားရန်နေရာများကို အသုံးပြုပြေးဆွဲရန် ငြင်းဆိုသော၊ မီတာစနစ်ဖြင့် ပြေးဆွဲမောင်းနှင်ရန် သဘောမတူသော အငှားယာဉ်များအားလုံးကို အငှားယာဉ် ပြေးဆွဲခွင့်လိုင်စင်များ ပိတ်သိမ်းသင့်ပါသည်။ လိုအပ်ပါက သင့်တော်သော ဥပဒေများကိုပြဋ္ဌာန်းရမည်ဖြစ်ပါသည်။

ယခုအချိန်တွင် ပြည်သူကတင်မြှောက်သော အစိုးရအနေဖြင့် ရက် ၁၀၀ အစီအစဉ်များချမှတ်လုပ်ဆောင်နေချိန်ဖြစ်ပါသည်။ အစိုးရ၏ ဆောင်ရွက်ချက်များကိုလည်း ပြည်သူများက ကြည်ဖြူစွာ လိုက်နာဆောင်ရွက်နေချိန်ဖြစ်ပါသည်။ ထို့ကြောင့် ပရမ်းပတာဖြစ်နေသော အငှားယာဉ်လောကကို ကယ်တင်သောအားဖြင့် အငှားယာဉ်စီးနင်းသူများရော မောင်းသူများပါ အကျိုးရှိစေမည့် အငှားယာဉ်ရပ်နားရန်နေရာနှင့် မီတာဖြင့် ပြေးဆွဲသောစနစ်ကို စတင်အကောင်အထည်ဖော်ရန် အချိန်ကျရောက်နေပြီဖြစ်ပါကြောင်း တာဝန်ရှိသူများသို့ အကြံပြုတင်ပြလိုက်ပါသည်။ ။

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ဖျာပုံ ဇွန် ၂၅**

ဇွန် ၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်း ဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ဖျာပုံခရိုင် ဖျာပုံမြို့ရှိ အထက (၁) အောင်မြေခန်းမဆောင်၌ ဇွန် ၂၃ ရက်ကကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မျိုးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဖျာပုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းက "လူငယ်များ မူးယစ်ဆေးဝါးအလွဲသုံးမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများရနိုင်ကြောင်း၊ အထူးသဖြင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးမသုံးစွဲမိစေရန် အရေးကြီးကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲပါကပြစ်မှုပြစ်ဒဏ်များပါ ကျခံရနိုင်ကြောင်းနှင့် လူမျိုးပါသုဉ်းနိုင်ကြောင်း၊ သို့အတွက် ကျောင်းသားလူငယ်များအားရည်ရွယ်၍ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိ ဒေါ်ကြူကြူအေးက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်က မူးယစ်ဆေးဝါး အန္တရာယ်နှင့် ယနေ့လူငယ် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြကြောင်း သိရသည်။

**(သပြေထွန်း)**



# မြေယာစီမံခန့်ခွဲရေးနှင့်ပတ်သက်သော အခြေခံသဘောတရားများ(၃)

မြေကြေးမောင်

မြေယာစီမံခန့်ခွဲရေးနှင့်ပတ်သက်၍ သိရှိထားသင့်သော အခြေခံသဘောတရားများကို လက်လှမ်းမီသရွေ့ တင်ပြခဲ့ပြီးဖြစ်ပါသည်။ သိရှိပြီးဖြစ်သော ပညာရှင်များအနေဖြင့် ပြန်လည်အမှတ်ရနိုင်ပြီး မသိရှိသေးသော ပုဂ္ဂိုလ်များအနေဖြင့် ထိုက်သင့်သည့်ဗဟုသုတများဖြစ်ထွန်းစေမည်ဟု မျှော်လင့်ပါသည်။ ယခုလည်း မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်သော အခြေခံသဘောတရားများကို ဆက်လက်တင်ပြလိုက်ရပါသည်။

**(က) မြေယာစီမံခန့်ခွဲမှုကို အဖွဲ့အစည်းများဖြင့် အားပြုဆောင်ရွက်ခြင်း**

မြေယာဟူသည် ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင် ဖြစ်ပါသည်။ မြေယာဟူသော စကားရပ်တွင် လူအပေါင်းတို့၏ ဘဝမျှော်လင့်ချက်များ၊ ဘဝအိပ်မက်များ၊ ဘဝရပ်တည်မှုများပါဝင်နေပါသည်။ ဤမျှလောက်အလေးထားခြင်းခံရသော မြေယာကို လက်တွေ့စီမံခန့်ခွဲရာတွင် အမှားအယွင်းမဖြစ်လေကောင်းလေဖြစ်ပါသည်။ မှားယွင်းသောစီမံခန့်ခွဲမှု မဖြစ်ပေါ်စေရေးအတွက် အဖွဲ့အစည်းများ၊ အဖွဲ့များဖြင့် စီမံခန့်ခွဲသောအလေ့အကျင့်ကို ရှေးယခင်ကပင် ကျင့်သုံးခဲ့ပါသည်။ တတ်ကျွမ်းနားလည်သော လူပုဂ္ဂိုလ်များပါဝင်သော အစုအဖွဲ့ဖြင့် ဆောင်ရွက်လျှင် အမှားအယွင်းပိုနည်းလိမ့်မည်ဟု ယခင်ကပင်မျှော်လင့်ချက်ထားခဲ့ပါသည်။ သို့ဖြစ်ပါ၍ မြေယာစီမံခန့်ခွဲမှုအား တစ်ဦးတစ်ယောက်တည်းကို လုပ်ပိုင်ခွင့်ပေးခြင်းထက် အစုအဖွဲ့ အဖွဲ့အစည်းကိုသာ ဖွဲ့စည်းတာဝန်ပေးအပ်လေ့ရှိကြောင်း သတိပြုကြရမည်ဖြစ်ပါသည်။

သို့သော် လူများပြီး ပွဲမစည်သောစကားလည်းရှိပါသည်။ ရိုးသားမှုမရှိ၊ ကျွမ်းကျင်မှုမရှိ၊ စိတ်ပါဝင်စားမှုလည်းမရှိ၊ ကိုယ်ကျိုးစီးပွားကိုသာ ဦးတည်ချက်ထားရှိသည့် ပုဂ္ဂိုလ်များပါဝင်သော အစုအဖွဲ့ကမူ အမှန်ထက် အမှားကိုသာ ဦးတည်ဆောင်ရွက်လေ့ရှိတတ်သည်ကို သတိမူရပါသည်။ လူမှန်နေရာမှန် ရှိရေးဆိုသည့်စကားသည်လည်း ဤအစုအဖွဲ့တွင် အရေးကြီးပါသည်။ စေတနာမှန်ကန်သော၊ ကိုယ်ကျင့်တရား သမိုင်းကြောင်းတွင် အမည်းစက်မရှိသော၊ မှားယွင်းမှုမပြုအောင် မိမိကိုယ်ကို ကောင်းစွာဆောက်တည်ထားနိုင်သည့် ကိုယ်ကျင့်တည်ကြည်မှုရှိသော၊ အရည်အချင်းနှင့် ကျွမ်းကျင်မှုရှိသည့်ပုဂ္ဂိုလ်များကို ဂရုပြုရွေးချယ်ပြီး အစုအဖွဲ့၊ အဖွဲ့အစည်းဖြင့်ဆောင်ရွက်ခြင်းသည် လိုလားအပ်သော စီမံခန့်ခွဲမှုတစ်ရပ်ဖြစ်ပေါ်နိုင်ပါသည်။

**(ခ) ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အယူခံခြင်း၊ အပြီးအပြတ်ဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်ထားရှိရခြင်း**

မြေယာစီမံခန့်ခွဲရာ၌ အချို့သောကိစ္စရပ်များတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ချိန်ကိုက်၍ ညှိနှိုင်းဆုံးဖြတ်မှုပြုရသည့် အခြေအနေများလည်း ကြုံတွေ့ရတတ်ပါသည်။ ထိုသို့ဆုံးဖြတ်ချက်ချမှတ်ရာတွင် တစ်ကြိမ်တစ်ခါတည်းနှင့် အပြီးအပြတ်ဆုံးဖြတ်၍မရပါ။ လူများဖြစ်သည့်အားလျော်စွာ အမှားအယွင်းဆိုသည် ရှိတတ်မြဲဖြစ်ပါသည်။ ထိုသို့အမှားအယွင်းရှိတတ်သော သဘာဝရှိသည့်အတွက် တစ်ကြိမ်တစ်ခါတည်းနှင့် အပြီးအပြတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါလျှင် ထိုဆုံးဖြတ်ချက်သည် မှားယွင်းသောဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ခဲ့ပါက ကာယကံရှင်များအတွက် များစွာနစ်နာသွားတတ်ပါသည်။

> **မြေယာစီမံခန့်ခွဲမှုအား တစ်ဦးတစ်ယောက်တည်းကို လုပ်ပိုင်ခွင့်ပေးခြင်းထက် အစုအဖွဲ့ အဖွဲ့အစည်းကိုသာ ဖွဲ့စည်းတာဝန်ပေးအပ်လေ့ရှိကြောင်း သတိပြုကြရမည်။**

သို့ဖြစ်ပါ၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် အယူခံခွင့်ပေးခြင်း၊ အယူခံသည့် အချက်များအပေါ်အခြေခံ၍ ထပ်မံစဉ်းစားဆုံးဖြတ်ပေးခြင်း၊ ထပ်မံအယူခံခြင်းနှင့် အပြီးအပြတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်ကို ကာယကံရှင်များအတွက် မှန်ကန်သော အခွင့်အရေးရရှိစေရန် မလွဲမသွေ ထည့်သွင်းထားသင့်ပါသည်။

မြေယာစီမံခန့်ခွဲမှုသမိုင်းကြောင်းကို ပြန်လေ့လာကြည့်ပါက ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေဖြင့် မြေယာမှုခင်းများကို ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာတွင် ကျေးရွာမြေယာကော်မတီသည် ပထမဆုံး ဆုံးဖြတ်ချက်ချမှတ်သည့် အခြေခံရုံးဖြစ်၍ မြို့နယ်မြေယာကော်မတီသည် အယူခံရုံးဖြစ်ကာ တိုင်းဒေသကြီး မြေယာကော်မတီသည် အပြီးအပြတ်ဆုံးဖြတ်ချက် ချမှတ်သည့်ရုံးအဖြစ် ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

ယခုလယ်ယာမြေဥပဒေတွင် ပထမဆုံးဖြတ်ချက်ချမှတ်သည့်အဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဖြစ်ပြီး ပထမ အယူခံရုံးသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖြစ်ပါသည်။ ဒုတိယ အယူခံရုံးသည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖြစ်ပါသည်။ အပြီးအပြတ်ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖြစ်ပါသည်။

ဤသို့ အဆင့်ဆင့်ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုသည် အထက်တွင်တင်ပြခဲ့သော ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အယူခံခြင်း၊ အပြီးအပြတ်ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်ကို အခြေခံ၍ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြေယာစီမံခန့်ခွဲမှုပြုသော ပုဂ္ဂိုလ်အပေါင်းတို့သည် ဤလုပ်ငန်းစဉ်ကို သတိပြုလျက် မြေယာမှုခင်း၌သာမက အခြားဆုံးဖြတ်ချက်ချမှတ်ရမည့် လုပ်ငန်းရပ်များတွင်လည်း စနစ်တကျ စဉ်းစားဆောင်ရွက်သွားနိုင်ကြရန် တင်ပြအပ်ပါသည်။

**(ဂ) မြေယာစီမံခန့်ခွဲမှုပြုနိုင်ရန်အတွက် အခြေခံအချက်အလက်များ ရှာဖွေရယူခြင်း**

ယနေ့အချိန်အခါတွင် မြေယာလုပ်ကိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ တင်ပြတိုင်ကြားစာများ အများအပြားဖြစ်ပေါ်နေကြောင်းတွေ့ရှိရပါသည်။ ထိုသို့တင်ပြတိုင်ကြားစာများတွင် မြေယာဗဟုသုတရှိသူများ၏ တင်ပြစာများမှ လိုအပ်သော အချက်အလက်များ ရှာဖွေထုတ်နုတ်နိုင်သော်လည်း များသောအားဖြင့် တင်ပြလာသော တိုင်စာများသည် ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်စွမ်းမရှိပါကြောင်း တွေ့ရှိရပါသည်။

တင်ပြတိုင်ကြားစာသာမက မည်သည့်မြေယာကိစ္စ စိစစ်ခြင်း၌မဆို အောက်ပါအခြေခံအချက်အလက်များပါရှိရမည်ဖြစ်ပါသည်။ ၎င်းတို့မှာ-

**(၁) တင်ပြလိုသော မြေတည်နေရာ**

၎င်းတို့ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကွင်းအမှတ်၊ ကွင်းအမည်၊ ဦးပိုင်အမှတ်၊ မြေမျိုး၊ ဧရိယာ စသည့်အစီအစဉ်အတိုင်း ပါဝင်ရမည်ဖြစ်ပါသည်။

မြေမျိုးသည် အခြားသောအချက်အလက်များနည်းတူ အရေးကြီးသော အချက်ဖြစ်ပါ၍ မမေ့မလျော့ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၌ မြေမျိုးအပေါ်အခြေခံ၍ စီမံခန့်ခွဲနေသည့်ဌာနများ၊ စီမံခန့်ခွဲခွင့်ရှိသည့်ဌာနများ ကွဲပြားသွားသောကြောင့် ဤအချက်ကို ဂရုပြုဖော်ပြပေးရန် လိုအပ်ပါသည်။ များသောအားဖြင့် မြေမျိုးကို ပေါ့ပေါ့ဆဆဖော်ပြလေ့ရှိသောကြောင့် သတိမူမိစေရန် တင်ပြရခြင်းဖြစ်ပါသည်။

**(၂) ပိုင်ဆိုင်မှု**

မြေအားလုံးနိုင်ငံတော်က ပိုင်ဆိုင်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားသော်လည်း ပိုင်ရေးပိုင်ခွင့် ခွင့်ပြုထားသောမြေတစ်ရပ်ကို နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်မရှိသောကြောင့် ပိုင်ဆိုင်မှုဆိုသည် ရှိနေသည်ဟု အသိအမှတ်ပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အစဉ်အဆက်ပိုင်ဆိုင်ခဲ့မှု၊ ဆွေစဉ်မျိုးဆက် အမွေဆက်ခံမှု၊ ပိုင်ဆိုင်မှုအမျိုးအစား(ဂရန်၊ ပုံစံ ၇ စသည်)၊ ပိုင်ဆိုင်ခဲ့မှုကာလ အပိုင်းအခြားစသည်တို့ကို ပြည့်ပြည့်စုံစုံ ဖော်ပြပေးရမည်ဖြစ်ပါသည်။

**(၃) လုပ်ကိုင်မှု၊ လက်ရောက်ရရှိမှု**

စီမံခန့်ခွဲမှုပြုနေရသည့် အများစုသော မြေယာများသည် လယ်ယာမြေများဖြစ်ပါသည်။ လယ်ယာမြေမှန်သမျှ စိုက်ပျိုးလုပ်ကိုင်နိုင်ရန် ရည်ရွယ်လျက် နိုင်ငံတော်က ပေးအပ်ထားခြင်းဖြစ်ပါ၍ စိုက်ပျိုးမြေကို မလွဲမသွေ စိုက်ပျိုးလုပ်ကိုင်မှုပြုရပါမည်။ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါစည်းကမ်းချက်များအရ အကြောင်းမဲ့ မြေလပ်ထား၍မရပါ။

သို့ဖြစ်ပါ၍ လက်ရောက်ရရှိ၊ လွှဲပြောင်းလာခဲ့ပုံအဆင့်ဆင့်နှင့် မြေယာအပေါ် စိုက်ပျိုးလုပ်ကိုင်မှုကို ခုနှစ် အစဉ်အဆက်ဖြင့် တိတိကျကျ ဖော်ပြပေးရန် လိုအပ်ပါသည်။ ထို့ပြင် လယ်ယာမြေအတွင်း အကျုံးမဝင်သော မြေယာများဖြစ်ပါက လက်ရောက်ရယူခဲ့မှုကို ဖော်ပြပေးရန် လိုအပ်ပါသည်။

**(၄) တိုင်ကြားရသောအကြောင်းအရင်းနှင့် မှုခင်းစတင်ဖြစ်ပွားခဲ့ရမှု**

ဤအချက်သည်လည်း လိုအပ်သောအချက်ဖြစ်ပါသည်။ တင်ပြသူ၏ လိုလားချက်နှင့် မည်သည့်အကြောင်းအချက်ကြောင့် ပြဿနာစတင်ဖြစ်ပွားခဲ့ရသည်ကို သိရှိမှ မှန်မှန်ကန်ကန် စီမံခန့်ခွဲနိုင်ပါမည်။ ပြဿနာ၏အရင်းအမြစ်ကိုမသိဘဲ ရမ်းသန်းစီမံခန့်ခွဲနေပါက အနာတခြား၊ ဆေးတခြားဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ တိုင်ကြားရသောအကြောင်းအရင်းနှင့် မှုခင်းစတင်ဖြစ်ပွားခဲ့ရမှုတို့ကိုလည်း ထည့်သွင်းစိစစ်ပေးရပါမည်။

**(၅) တွေ့ရှိချက်နှင့်သုံးသပ်ချက်**

အထက်မှတင်ပြခဲ့ပြီး အချက်အလက်များမှတစ်ဆင့် တွေ့ရှိချက်များကို အနှစ်ချုပ်ပြန်လည်ပြုစုရပါမည်။ နှုတ်ဖြင့် စစ်ဆေးမှုပြုခဲ့သည်ဆိုလျှင်လည်း အထက်မှတင်ပြပြီး အချက်အလက်များအတိုင်း စီကာစဉ်ကာ တစ်ချက်ပြီးတစ်ချက် မှတ်တမ်းပြုထားရပါမည်။ စာဖြင့်တင်ပြသည်ဆိုလျှင်လည်း အထက်ပါ အချက်များကို ထုတ်နုတ်ရေးသားမှတ်တမ်းပြုရပါမည်။ မှတ်တမ်းပြုစုရာတွင် ပါဝင်သောအချက်အလက်များကို တွေ့ရှိချက်အဖြစ် ပြန်လည်ရေးသားရပါမည်။ မှတ်တမ်းတွင် မပါဝင်သောအချက်များကို တွေ့ရှိချက်အဖြစ် မရေးသားမိအောင် ဂရုပြုရပါမည်။ ထိုသို့ မှတ်တမ်းတွင် မပါဝင်သောအချက်များကို တွေ့ရှိချက်အဖြစ် ဖော်ပြမိပါက ၎င်းအချက်သည် မရိုးသားသောအချက်၊ ဘက်လိုက်သောအချက်အဖြစ် စွပ်စွဲခံရနိုင်ပါသည်။

သို့ဖြစ်ပါ၍ နှုတ်ဖြင့်ထွက်ဆိုရာ၌လည်းကောင်း၊ စာဖြင့်တင်ပြရာ၌လည်းကောင်း ပါဝင်သောအချက်များကို မှတ်တမ်းပြုပြီးမှ တွေ့ရှိချက်အဖြစ် ပြန်လည်ကောက်နုတ်ရေးသားအသုံးပြုရန်ဖြစ်ပါသည်။ တွေ့ရှိချက်အပေါ် အခြေခံ၍ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများကိုအသုံးပြုကာ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်မှုရှိသည်၊ မရှိသည်၊ ကွဲလွဲမှုရှိသည်/မရှိသည်ကို သုံးသပ်ရပါမည်။

ထိုသုံးသပ်ချက်ကို အကြောင်းပြု၍ မည်သို့ဆောင်ရွက်သင့်သည်ကို ဆုံးဖြတ်ဆောင်ရွက်ရပါသည်။

အထက်မှတင်ပြချက်များသည် လက်တွေ့မြေယာစီမံခန့်ခွဲရန်အတွက် စိစစ်မှုပြုလုပ်ရာတွင် မလွဲမသွေ ပါဝင်ရမည့် အချက်များဖြစ်ပါ၍ လက်တွေ့အသုံးချနိုင်ရေး ရည်ရွယ်လျက် စေတနာထားတင်ပြလိုက်ရပါသည်။ မှန်ကန်သော မြေယာစီမံခန့်ခွဲမှုဖြင့် အေးချမ်းသာယာဝပြောသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ပါစေကြောင်း တောင်းဆုပြုအပ်ပါသည်။ ။

# အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့်အတူ နေပြည်တော်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးဌာနခွဲ၊ အစားအသောက်ဌာနခွဲ၊ Recreation Center၊ ဆေးပစ္စည်း၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများဌာနခွဲတို့ကိုလည်းကောင်း၊ ဓာတ်ခွဲခန်းများတွင် ခေတ်မီ စက်ကိရိယာပစ္စည်းများဖြင့် စမ်းသပ်စစ်ဆေး ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်နှင့် သက်ဆိုင်ရာဌာနခွဲများအလိုက် တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ဤဌာနသည် နိုင်ငံအတွက် အလွန်အရေးကြီးသောဌာနတစ်ခုဖြစ်ပါကြောင်း၊ အဘက်ဘက်မှချိန်ဆသုံးသပ်ပြီး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နေသည်များကို အသိအမှတ်ပြုပါကြောင်း၊ အစားအသောက်နှင့်ဆေးဝါးများ အဆင့်မမီလျှင် ပြည်သူအား ထိခိုက်နိုင်ကြောင်း၊ အစားအသောက်နှင့် သောက်ရေသန့်လုပ်ငန်းများကို စဉ်ဆက်မပြတ် ပြန်လည်စစ်ဆေးရန်လိုအပ်ပါကြောင်း၊ Post Market Survey များ၊ ကျောင်းမုန့်ဈေးတန်း အစားအစာစစ်ဆေးခြင်းများကို ယခုထက်ပိုမိုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Network များဖြင့် ချိတ်ဆက်ဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်ရန်၊ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးများ ပိုမိုဆောင်ရွက်ရန်၊ သုတေသနဌာနတစ်ခုထား၍ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် News Letter ထုတ်၍ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဖြန့်ဝေရန်ပြောကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်သူများအတွက် အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်နှင့် ဆေးပစ္စည်းကိရိယာများ ရရှိသုံးစွဲနိုင်ရေးကို အမျိုးသားလုံခြုံရေးခံယူချက်ဖြင့် ပြဋ္ဌာန်းထားသောဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ ကြေညာချက်များ ထုတ်ပြန်ခြင်း၊ ပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် ရှုပ်ထွေးနေသည့် ဆားဗစ်ကြိုးများကို စနစ်တကျ ရှင်းလင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၅**

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်အတွင်း လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန်အတွက် ရှုပ်ထွေးနေသည့် ဆားဗစ်ကြိုးများနှင့် အမြင်မတင့်တယ်သည့် ဆားဗစ်ကြိုးများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ရှင်းလင်းဆောင်ရွက်နေမှုလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွင်းရှိ တာမွေ၊ လှိုင်သာယာ၊ လှိုင်နှင့် ဒလမြို့နယ်တို့တွင် ရှုပ်ထွေးနေသည့် ဆားဗစ်ကြိုးများ၊ ရှည်လျားနေသည့် ဆားဗစ်ကြိုးများ၊ အမြင်မတင့်တယ်သည့်ဆားဗစ်ကြိုးများကို ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် မြို့တော်အဂ်ါရပ်နှင့်အညီ ဖြစ်ရန် အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကျန်မြို့နယ်များကိုလည်း အပိုင်းလိုက် လုပ်ဆောင်သွားရန် မြို့နယ်များရှိ လျှပ်စစ်ရုံးများသို့ ညွှန်ကြားထားကြောင်း သိရသည်။

ထို့အတူ ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်တောင်ပိုင်း (၆၅) ရပ်ကွက်တွင် ရှုပ်ထွေးနေသည့် ဆားဗစ်ကြိုးများ၊ ရှည်လျားနေသည့် ဆားဗစ်ကြိုးများ၊ အမြင်မတင့်တယ်သည့် ဆားဗစ်ကြိုးများကို စနစ်တကျဖြစ်စေရန် လုပ်ငန်းများဆောင်ရွက်နေမှု (၁၈) ရပ်ကွက်နှင့် (၂၀)ရပ်ကွက်တို့တွင် 200 KV ထရန်စဖော်မာအသစ်တပ်ဆင်ပြီး ဓာတ်အားပို့လွှတ်ရန် ဆောင်ရွက်နေမှုတို့ကို ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ထိုကဲ့သို့ ရှုပ်ထွေးရှည်လျားနေသည့် လျှပ်စစ်ဆားဗစ်ကြိုးများ၊ အမြင်မတင့်တယ်သည့် ဆားဗစ်ကြိုးများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ ရရှိနိုင်မည့်အပြင် လျှပ်စစ်အန္တရာယ်လည်း ကင်းဝေးသွားမည်ဖြစ်သည်။

ထို့အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများသည် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် ပုဂ္ဂလိကမှ တာဝန်ယူဆောင်ရွက်နေသည့် Myanmar Global Lighting Star Co., Ltd ရုံးခန်းကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံး (ဒဂုံမြို့သစ်တောင်ပိုင်း)တွင် ဖွင့်လှစ်ပေးခဲ့သည်။ **(သတင်းစဉ်)**



# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့တွင် မြန်မာ့ပုလဲအတွဲ ၂၀၀ ရောင်းချခဲ့ရ

**နေပြည်တော် ဇွန် ၂၅**

(၅၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

ပြပွဲကျင်းပသည့် နံနက်ပိုင်းမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် အပြင်တို့တွင် ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကို တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ သြစတြေးလျ စသည့် ပြည်ပကျောက်မျက်ရတနာကုန်သည်များနှင့် ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး မြန်မာ့ပုလဲအတွဲများ ဝယ်ယူနိုင်ရေးအတွက် တင်ဒါများတင်သွင်းကြသည်။

ညနေပိုင်းတွင် တင်ဒါတင်သွင်းထားသူများမှ ဝယ်ယူခွင့်ရရှိသူများကို ထုတ်ပြန်ကြေညာရာ ယူရိုငွေ ၁ ဒသမ ၇ သန်းကျော်တန်ဖိုးရှိ မြန်မာ့ပုလဲအတွဲ ၂၀၀ ရောင်းချခဲ့သည်။

(၅၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်သည် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများ တင်ပြရောင်းချရန် အပ်နှံမှုများအပေါ် လျာထားသတ်မှတ်ရခြင်းဖြစ်၍ ကျောက်စိမ်းကျောက်မျက်အတွဲများ များပြားပါက သတ်မှတ်ကာလထက်စော၍ လည်းကောင်း၊ အချိန်ကာလ ပိုမိုကျင်းပခြင်းဖြင့်လည်းကောင်း ရောင်းချနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာအမျိုးသားလေကြောင်းလိုင်းမှလေယာဉ်နှင့် မန်းရတနာပုံလေကြောင်းလိုင်းမှလေယာဉ်တို့ တောင်ပံစွန်းချင်းတိုက်မိ

**ထားဝယ် ဇွန် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ယနေ့မွန်းလွဲ ၁ နာရီခန့်က မြန်မာအမျိုးသား လေကြောင်းလိုင်းမှ လေယာဉ်နှင့် မန်းရတနာပုံလေကြောင်းလိုင်းမှ လေယာဉ်တို့ ထိခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန်းရတနာပုံလေကြောင်းလိုင်းမှ (ATR-72-600) လေယာဉ်သည် ရန်ကုန်- ထားဝယ်- မြိတ်- ကော့သောင်း-မြိတ်-ထားဝယ်-ရန်ကုန် ခရီးစဉ်အဖြစ် ထားဝယ်လေဆိပ်သို့ မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်တွင် ဆင်းသက်ခဲ့ပြီး ပြန်လည်ထွက်ခွာရန် (Apron)တွင် ပြေးလမ်းဘက်သို့ မျက်နှာမူ၍ စောင့်ဆိုင်းနေစဉ် မြန်မာအမျိုးသား လေကြောင်းလိုင်းမှ (EMBRAER-190) လေယာဉ်သည် ရန်ကုန်-ထားဝယ်-ကော့သောင်း-ထားဝယ်-ရန်ကုန် ခရီးစဉ်အဖြစ် ထားဝယ်လေဆိပ်သို့ ဆင်းသက်ပြီး လေယာဉ်ရပ်နားရန်နေရာ Apron သို့ ဝင်ရောက်စဉ် ယာဘက်တောင်ပံစွန်းချင်း တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ထိခိုက်မှုကြောင့် မန်းရတနာပုံလေယာဉ်၏ ယာဘက်တောင်ပံအောက်ဘက်တွင် ကိုးလက်မခန့် ပေါက်ပြဲခဲ့ပြီး မြန်မာအမျိုးသား လေကြောင်းလိုင်းမှ လေယာဉ်၏ ယာဘက်တောင်ပံစွန်း အနည်းငယ်ပျက်စီးခဲ့ကြောင်းနှင့် လေယာဉ်နှစ်စင်းလုံးရှိ ခရီးသည်များနှင့် ဝန်ထမ်းများ တစ်စုံတစ်ရာ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်နှစ်စင်းအား ပြန်လည် ပြင်ဆင်နိုင်ရန်အတွက် ထားဝယ်လေဆိပ်၌ ရပ်နားထားပြီး ခရီးသည်များအား မြန်မာအမျိုးသား လေကြောင်းလိုင်းမှ လေယာဉ်ဖြင့် အစားထိုး ပျံသန်းပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမေရိကန်သံရုံးတို့ ပူးပေါင်း၍ အင်္ဂလိပ်စာအထူးပြုသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၅**

Lower Mekong Initiative (LMI)အစီအစဉ်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးတို့ ပူးပေါင်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းငယ်များအတွက် English for Professional Communication သင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ဇွန် ၈ ရက်မှ ၁၇ ရက်အထိလည်းကောင်း၊ အလယ်အလတ်အဆင့်နှင့် အထက်အရာထမ်းများအတွက် The LMI Communication Skills for Leaders သင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်၌ ဇွန် ၂၀ ရက်မှ ၂၅ ရက်အထိ လည်းကောင်း ဖွင့်လှစ်ပို့ချခဲ့သည်။

English for Professional Communication သင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းငယ် ၂၀ ဦးနှင့် The LMI Communication Skills for Leaders သင်တန်းသို့ အလယ်အလတ်အဆင့်နှင့် အထက်အရာထမ်း ၁၆ ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းများတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန English Language Fellow Program မှ နည်းပြဆရာမ Ms.Kelly Vassar နှင့် Ms.Marie Katherine Snider တို့က လာရောက်ပို့ချခဲ့ပြီး အင်္ဂလိပ်ဘာသာဖြင့် မိန့်ခွန်းများ၊ မှတ်တမ်းများ၊ အစီရင်ခံစာများ ကောင်းမွန်စွာရေးသားနိုင်စေရန်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာအစည်းအဝေးများတွင် ကျွမ်းကျင်စွာပြောဆိုဆွေးနွေးနိုင်စေရန် အဓိကထား လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**✱ ကျောဖုံးမှ**

လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်၍ အချိန်အတိုင်းအတာတစ်ခုအထိ စောင့်ဆိုင်းပေးရမည် ဖြစ်ပါကြောင်း။

သိမ်းဆည်းခံ လယ်ယာမြေပြဿနာများသည် ရိုးရိုးသားသားနှင့် တရားဥပဒေကို အမှန်တကယ်နားမလည်၍ မှန်ကန်မှုမရှိသည်များလည်း ရှိနိုင်သကဲ့သို့ မရိုးမသား မမှန်မကန်ပြုလုပ်နေသည်များလည်း ရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ကော်မတီအဆင့်ဆင့်အနေဖြင့် သိမ်းဆည်းခံ လယ်ယာမြေပြဿနာများကို တရားဥပဒေဘောင်အတွင်းမှ တရားမျှတခြင်းရရှိအောင် စေတနာကရုဏာဖြင့် ကူညီပေးလိုသည့် မေတ္တာစိတ်အရင်းခံဖြင့် နည်းလမ်းတကျ ရဲရဲတင်းတင်း ကိုင်တွယ်ဖြေရှင်းဆုံးဖြတ်ဆောင်ရွက်ရန် အမှန်တကယ်လိုအပ်ကြောင်း။

ထိုသို့ ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် လယ်မဲ့၊ ယာမဲ့နှင့် အလုပ်အကိုင်အခွင့်အလမ်းမရှိ၍ ကျေးလက်ဒေသကိုစွန့်ခွာသွားမှုများ၊ မြို့ကြီးပြကြီးများသို့ မိသားစုလိုက် ရွှေ့ပြောင်းကျူးကျော်နေထိုင်မှုများ၊ ပြည်ပနိုင်ငံများသို့ ဆင်းရဲဒုက္ခခံပြီး နည်းလမ်းမျိုးစုံဖြင့် သွားရောက်လုပ်ကိုင်နေမှုများ၊ မြန်မာပြည်မှ ခေတ်ပညာတတ် လုပ်ငန်းကျွမ်းကျင်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြည်ပသို့ ထွက်ခွာဆုံးရှုံးနေမှုများသည်လည်း တဖြည်းဖြည်းလျော့ကျလာမည်ဖြစ်ကြောင်း။

ထို့အပြင် မိမိတို့လယ်ယာမြေများသည် ဘိုးဘွားပိုင် အမွေအနှစ် အစစ်ဖြစ်သည့်အတွက် သားစဉ်မြေးဆက် အမွေဆက်ခံခွင့်ရရှိထားသည်ကို တန်ဖိုးထားပြီး စားနပ်ရိက္ခာဖူလုံမှုရရှိအောင်သာမက ပိုလျှံအောင်စိုက်ပျိုးလုပ်ကိုင်သွားကြရန်နှင့် ယခင်က မိမိတို့နိုင်ငံသည် အာရှဆန်အိုးကြီးအဖြစ် အမွှမ်းတင်ခံရဖူးသည်ကို ဂုဏ်ယူဖွယ် အမှတ်ရနေကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်အစိုးရသစ်၏ အများပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့်မူဝါဒကို အကောင်အထည်ဖော်ရာတွင် ကျေးလက်နေပြည်သူအများစုဖြစ်သည့် တောင်သူလယ်သမားများဘဝကို မြှင့်တင်ပေးနိုင်အောင် စိုက်ပျိုးရေးလုပ်ငန်း၌ အဓိကအခြေခံကျသည့် အသုံးမလို ပိုလျှံလယ်ယာမြေများကို မူလပိုင်ရှင်များထံ အမြန်ပြန်လည်လွှဲပြောင်းနိုင်ရေးသည်လည်း အလွန်အရေးကြီးသောကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အထူးအလေးထားဆောင်ရွက်ပေးပါရန် တိုက်တွန်းပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီက စွန့်လွှတ်မြေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ယခုကဲ့သို့ ပြန်လည်ပေးအပ်ရာတွင် တောင်သူတစ်ဦးချင်း မိမိလုပ်ကိုင်နေသည့် ဧရိယာအတိုင်း ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ပြီး ဒေသခံတောင်သူများအကြား ပြဿနာတစ်စုံတစ်ရာမရှိပါက ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ထင်က စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်သူ့လွှတ်တော် လယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းက ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက မအူပင်ခရိုင်မှ တောင်သူနှစ်ဦးနှင့် ဖျာပုံခရိုင်မှ တောင်သူတစ်ဦးတို့ကို စွန့်လွှတ်မြေလုပ်ပိုင်ခွင့်များအား ပေးအပ်သည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မအူပင်ခရိုင်မှ တောင်သူနှစ်ဦးအား လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဖျာပုံခရိုင်မှ တောင်သူနှစ်ဦးအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီက မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့မှ တောင်သူ တစ်ဦးစီအားလည်းကောင်း စွန့်လွှတ်မြေလုပ်ပိုင်ခွင့်များအား ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ညောင်တုန်းမြို့သို့ရောက်ရှိပြီး ညောင်တုန်းမြို့ တာပတ်လမ်းတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ဧရာဝတီမြစ်ခွဲဖြစ်သော ပန်းလှိုင်မြစ်ရေဘေးကာကွယ်ရေးတာဖြစ်သည့် ညောင်တုန်းမြို့ ပတ်တာ ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဧရာဝတီမြစ် ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ယခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်ခဲ့မှု၊ မြစ်ကမ်းပြိုကမ်းစားမှုများ ထိန်းချုပ်ရေးအတွက် မြစ်ကြောင်းပိတ်ခြင်း၊ မြစ်ကမ်းထိန်းခြင်းနှင့် ပန်းတာတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ညောင်တုန်းမြို့ပတ်တာ ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းအဖြစ် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့ ရေဘေးကာကွယ်ရေးတာ(စည်ပင်တာ) အလျားပေ ၁၁၄၀၀ အား သတ်မှတ်အမြင့်(ACL)အထိ မြှင့်တင်ခြင်း၊ တာအခြေတွင် Toe Wall ထောက်၍ အုတ်ရိုးရေကာနံရံ (Parapet Wall) တည်ဆောက်၍ တာပေါင်မြှင့်တင်ခြင်း၊ ကွန်ကရစ်ရေကာနံရံ တည်ဆောက်ခြင်း၊ ပန်းလှိုင်မြစ်ကမ်းထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဇွန်လပထမပတ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာသို့ရောက်ရှိပြီး တောင်သူဦးအုန်းခိုင်၏ လယ်မြေ ၅ ဒသမ ၈ ဧကအတွင်း မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဟင်္သာတခရိုင် ဇလွန်မြို့ ဝါသလရွာနှင့် မေဒုံရွာအနီးရှိ မေဒုံပန်းတာနှင့် မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မေဒုံပန်းတာမှာ အလျားပေ ၅၇၀၀ နှင့် ပျမ်းမျှအမြင့် ၁၈ ပေ ဖြစ်ပြီး ယခုနှစ် မတ်လအကုန်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင် ကျောက်ဆည်မြို့နယ်ရှိ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား ဖူးမြော်

**ကျောက်ဆည် ဇွန် ၂၅**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်သည် ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားသို့ လာရောက်ဖူးမြော်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်သည် ဘုရားပရိဝုဏ်အတွင်း တူးဖော်တွေ့ရှိခဲ့သည့် သမိုင်းအထောက်အထားအမှတ်အသားများကို ကြည့်ရှုလေ့လာပြီး ဘုရားကြီးအား ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော် ကန်တော့သည်။

ဆက်လက်၍ ကျောင်းထိုင်ဆရာတော် အရှင်စန္ဒောဘာသနှင့် ကျောက်ဆည်မြို့ မဟာဂန္ဓာရုံကျောင်း စာချဆရာတော် အရှင်ပဏ္ဍိတတို့အား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။ ထို့နောက် တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား တူးဖော်ပြုပြင်စဉ်က တွေ့ရှိခဲ့သော ဗုဒ္ဓဆင်းတုတော်များ၊ သာသနိကအဆောက်အအုံများ၊ ဗိသုကာအနုပညာလက်ရာများ၊ ပန်းတော့လက်ရာများ၊ မြေထည်ပစ္စည်းများ၊ ကျောက်စာများ၊ အုတ်ခွက်စာများ စသည့် ရှေးဟောင်းလက်ရာပစ္စည်းများထားရှိသည့် သမိုင်းပြတိုက်သို့ ဝင်ရောက်လေ့လာကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အနောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်ဆည်-တံတားဦးမြို့ချင်းဆက်လမ်းဘေးတွင်တည်ရှိပြီး ပုဂံခေတ်လက်ရာ ဂူဘုရားတစ်ဆူဖြစ်ကာ အနုစိတ်ကနုတ်ပန်းခက်များနှင့် အရုပ်မျိုးစုံ၊ အပြောက်အမွှမ်း အပြည့်အစုံပါသော ဂူပြောက်ဘုရားအမျိုးအစားဖြစ်သည်။

တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားတည်ရှိရာ ပရိဝုဏ်ကို ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာ ဇုန်အဖြစ် သတ်မှတ်ထားပြီး ဆက်လက်၍ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသော စေတီတော်ကြီးတစ်ဆူလည်း ဖြစ်သည်။

**သက်မောင်(ကျောက်ဆည်)**

**■ ရတနာပုံမှ**

ပထမပိုင်းတွင် ရှုံးကန်ခဲ့ရသည်။ ရခိုင်အသင်း၏ ရှုံးကန်မှုကြောင့်လည်း ရတနာပုံအသင်း အခက်တွေ့ခဲ့ရသည်။ ၂၇ မိနစ်တွင် ရတနာပုံအသင်း ပင်နယ်တီရခဲ့ပြီး ပွဲပယ်ပြစ်ဒဏ်မှ လွတ်မြောက်ကာ ပထမဆုံးကစားခွင့်ရခဲ့သည့် တိုက်စစ်မှူး မာတူနာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်း ဂိုးရနိုင်သည့်အခွင့်အရေးရခဲ့သော်လည်း ဝင်းနိုင်စိုး လွဲချော်ခဲ့၍ ပထမပိုင်းတွင် ရတနာပုံအသင်းက တစ်ဂိုးဖြင့်သာ အနိုင်ရနေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားအပြောင်းအလဲများပြုလုပ်ခဲ့ပြီး တိုက်စစ်အားမြှင့်ခဲ့သည်။ ရတနာပုံအသင်းမှာ ဒုတိယပိုင်းတွင်လည်း ကစားအားတက်မလာသလို တစ်ဦးချင်းစွမ်းဆောင်ရည်မှာလည်း သာမန်သာရှိခဲ့သောကြောင့် ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ ၇၅ မိနစ်တွင် ရတနာပုံအသင်း ဒုတိယဂိုးရခဲ့ပြီး စည်သူအောင်ကန်တင်ပေးသည့် ပြစ်ဒဏ်ဘောကို မျိုးကိုထွန်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။



ရတနာပုံနှင့် ရခိုင်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။

အောင်ဆန်းကွင်းတွင် မကွေးအသင်းက Horizon အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မကွေးအသင်းမှာ ပွဲအစကတည်းက အနိုင်ဂိုးရခဲ့ပြီး ယင်းဂိုးဖြင့်ပင် သုံးမှတ်အပြည့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မကွေးအတွက် အနိုင်ဂိုးကို နှစ်မိနစ်တွင် ဒီဂျန်က သွင်းယူခဲ့ခြင်းဖြစ်သည်။

**(ယနေ့ပွဲ)**

**(တောင်ကြီးကွင်း)**

ရှမ်းယူနိုက်တက် - ဇေယျာရွှေမြေ

**(YUSC ကွင်း)**

ရန်ကုန် - ဧရာဝတီ

**(အောင်ဆန်းကွင်း)**

ဇွဲကပင် - Southern

**(တောင်ငူကွင်း)**

ဟံသာဝတီ - ချင်းယူနိုက်တက်

**(ရှိုင်းထက်ဇော်)**

**○ ရိုးရာလက်ဝှေ့မှ**

မိုက်ရိုင်းလေး(ရွှေဖူး)တို့တွဲဆိုင်း ဒုတိယအချီမှာပင် ဒိုင်ပွဲရပ်ဖြင့် မိုက်ရိုင်းလေးအနိုင်ရခဲ့သည်။

၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်) နှင့် မျိုးမာန်သစ်(S.T.L) ပွဲစဉ် တတိယအချီမှာပင် ကြယ်စင်ဖြိုးက မျိုးမာန်သစ်ကို ဒိုင်ပွဲရပ်ဖြင့် လည်းကောင်း၊ ဒေါနအောင်(ရွှေဖားစည်)နှင့် ကျော်ကြား(တိုက်ဂါး)တို့ပွဲစဉ်တွင် ဒေါနအောင်က ကျော်ကြားကို ပွဲချိုးပြတ်ဖြင့် လည်းကောင်း၊ ကြယ်စင်ထူး(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် ထက်အောင်ဦး(တောင်ကလေး)တို့ပွဲစဉ် ပထမအချီမှာပင် ထက်အောင်ဦးက ကြယ်စင်ထူးကို အလဲထိုးဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး သားအသည်းတစ်ပွင့်(ဗမာ့သွေး)နှင့် ဒေါင်းသည်းချေ(အောင်မြန်မာ)တို့ပွဲစဉ် ပထမအချီတွင် သားအသည်းတစ်ပွင့်က မာဂုဏ်ရှိသလို ဒေါင်းသည်းချေကလည်း မျက်နှာသွေးချင်းချင်းနီသည်အထိ ဖွဲ့မလျှော့။ ပွဲချိုးပြည့်ယှဉ်ပြိုင်ပြီးသော်လည်း အမှတ်ပေးဒိုင်သုံးဦးလုံးက သားအသည်းတစ်ပွင့်ကို အနိုင်ပေးလိုက်သည်။

၇၀ ကီလိုတန်းတွင် ရွှေရာမာန်(ရွှေဒေါပုံ)နှင့် ကြယ်လင်းအောင်(တောင်ကလေး)တို့ပွဲစဉ် တတိယအချီ ၂ မိနစ် ၄၁ စက္ကန့်တွင် ကြယ်လင်းအောင်က ရွှေရာမာန်ကို အလဲထိုးဖြင့် လည်းကောင်း၊ စောအယ်လေး(ထော့မဲပါ)နှင့် ရန်နိုင်အောင် (ရွှေမိုးထိငြိမ်းချမ်းရေး)တို့တွဲဆိုင်းတွင် ရန်နိုင်အောင်ကလည်းကောင်း၊ စိုးထက်ဦး(အဖြူရောင်သွေးသစ်)နှင့် ရှမ်းကို(T&T)တို့ပွဲစဉ်တွင် စိုးထက်ဦးက ရှမ်းကိုကို အလဲထိုးဖြင့်လည်းကောင်း၊ စောရန်ပိုင်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် ရဲရင့်အောင်(နဂါးမာန်)တို့ပွဲစဉ်တွင် ရဲရင့်အောင်က စောရန်ပိုင်ကို အလဲထိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရခဲ့သည်။ ပွဲစဉ်များအားလုံးကို အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်စေခဲ့ပြီး ကျန်ရှိနေသော ရွှေခါးပတ်ချန်ပီယံလုပွဲများကို ယနေ့ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်ရှိနေသေးသော ရွှေခါးပတ်ချန်ပီယံလုပွဲများအပြင် နိုင်ငံတကာအထူးစိန်ခေါ်ပွဲတစ်ပွဲကိုထည့်သွင်းကျင်းပမည်ဖြစ်ရာ ၂၀၁၀ ရွှေခါးပတ်ချန်ပီယံထပ်ဆင့်ဒင်္ဂုံရွှေအောင်လံဆုရ စိုးလင်းဦး(ဒို့ရိုးရာ)နှင့် တာဝမ်ချိုင်(ထိုင်း)တို့၏ အထူးစိန်ခေါ်ပွဲကို ယနေ့ ကြည့်ရှုကြရမည်ဖြစ်သည်။

■

# ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ်အစည်းအဝေးကျင်းပ



**ဘာလင် ဇွန် ၂၅**

နိုင်ငံပေါင်း ၂၈ နိုင်ငံပါဝင်သော ဥရောပသမဂ္ဂအဖွဲ့မှ ဗြိတိန်နိုင်ငံ နုတ်ထွက်သွားပြီးနောက် ဥရောပသမဂ္ဂအဖွဲ့ဝင် ခြောက်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးများသည် ဇွန် ၂၅ ရက်တွင် ဘာလင်မြို့၌ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့ကို ယခင်အတိုင်း တညီတညွတ်တည်းပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ လူဇင်ဘတ်နှင့် နယ်သာလန်နိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံခဲ့ကြသည်။ ဥရောပ ကျောက်မီးသွေးနှင့် စတီးလုပ်ငန်းဆိုင်ရာအသိုက်အဝန်း တစ်ရပ်ကို ၁၉၅၂ ခုနှစ်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည်။ ထို့နောက် အဆိုပါအသိုက်အဝန်းသည် ဥရောပသမဂ္ဂအဖွဲ့အစည်းတစ်ရပ် ဖြစ်လာခဲ့သည်။ ယခုတိုင် ကျောက်မီးသွေးလုပ်ငန်းများကို အဆိုပါ ဥရောပသမဂ္ဂအဖွဲ့က ဆောင်ရွက်လျက်ရှိသည်။

အစည်းအဝေးပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဖရန့်ဝေါတာ စတီရန်မီရာက အဖွဲ့အတွင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ စည်းလုံးညီညွတ်မှုရှိစေရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးကို တိုက်တွန်းပြောကြားခဲ့သည်။ ထို့နောက် ဥရောပအဖွဲ့သည် အရေးပါသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် ယင်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများကို ဟန်ချက်ညီညီ ထမ်းရွက်ကြရန် လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ ထို့ပြင် ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် အစည်းအဝေးများကျင်းပရန် လိုအပ်ကြောင်း ဂျာမန်နိုင်ငံခြားရေးဝန်ကြီးက ဥရောပသမဂ္ဂအဖွဲ့၏အနာဂတ်ကို ရှေးရှုပြီးပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



## အာဖဂန်အရှေ့ပိုင်းတွင် မောင်းသူမဲ့လေယာဉ်ဖြင့်တိုက် အိုင်အက်စ်စစ်သွေးကြွ ၄၂ ဦး သေဆုံးဟုဆို

**ကဘူး ဇွန် ၂၅**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် အိုင်အက်စ်စစ်သွေးကြွများ ပုန်းခိုရာနေရာများအား ပစ်မှတ်ထား၍ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၄၂ ဦးသေဆုံးကြောင်း ဒေသတွင်းထုတ်လွှင့်သည့် ရုပ်မြင်သံကြားလိုင်းတိုလိုက ဖော်ပြသည်။

ကော့တ်နှင့် အက်ချင်ခရိုင်များရှိ အိုင်အက်စ်စစ်သွေးကြွများအား မောင်းသူမဲ့ လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဒေသတွင်းသတင်းထုတ်ပြန်ချက်များအရ သိရှိရပြီး တိုက်ခိုက်မှုအတွင်း အခြားစစ်သွေးကြွ ၃၂ ဦးမှာ ထိခိုက်ဒဏ်ရာ ရရှိသွားသည်ဟု ဆိုသည်။

ကော့တ်နှင့်အက်ချင်ခရိုင်များသည် အာဖဂန်နစ္စတန်တွင် အိုင်အက်စ်စစ်သွေးကြွများ အလေးထား ခုခံကာကွယ်ရာနေရာများဖြစ်သည်။

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ သဘောထားတင်းမာသော စစ်သွေးကြွအုပ်စုက တစ်စုံတစ်ရာ ထုတ်ပြန်ပြောကြားခြင်းမရှိဟု သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

---

## လာဘ်ငွေများလက်ခံခဲ့သည့် ရုရှားအုပ်ချုပ်ရေးမှူးတစ်ဦးအား ဖမ်းဆီး

**မော်စကို ဇွန် ၂၅**

ရုရှားနိုင်ငံ ကီရုဗ်ခရိုင်အုပ်ချုပ်ရေးမှူး နီကီတာ ဘယ်လက်ခ်သည် လာဘ်ငွေများ လက်ခံရယူခဲ့သည့်အတွက် ရုရှားတရားရုံးတစ်ရုံးက ယနေ့ အမိန့်ချမှတ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်အရ သိရသည်။

အုပ်ချုပ်ရေးမှူး နီကီတာ ဘယ်လက်ခ်သည် မော်စကိုမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် လာဘ်ငွေများလက်ခံခဲ့သည်ဟုဆိုကာ ရုရှားစုံစမ်းစစ်ဆေးရေးဌာနက ဇွန် ၂၄ ရက်တွင် ဖမ်းဆီးခဲ့သည်။ အုပ်ချုပ်ရေးမှူးသည် လာဘ်ငွေများလက်ခံခဲ့သည့်အတွက် ထောင်ဒဏ်နှစ်လ ကျခံရမည်ဖြစ်ကြောင်း သိရသည်။ **ရိုက်တာ။**



# အိန္ဒိယတွင် ကုန်တင်ကားနှင့်ဂျစ်ကား ခေါင်းချင်းဆိုင်တိုက် လူ ၁၅ ဦးထက်မနည်း သေဆုံးပြီး သုံးဦးဒဏ်ရာရ

**နယူးဒေလီ ဇွန် ၂၅**

အိန္ဒိယနိုင်ငံ မဟာရပ်ရှ်ထရာပြည်နယ်တွင် ဇွန် ၂၄ ရက်က အရှိန်ပြင်းစွာ မောင်းနှင်လာသော ကုန်တင်ကားတစ်စီးနှင့် ဂျစ်ကားတစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိရာ လူ ၁၅ ဦးထက်မနည်း သေဆုံးပြီး အခြား သုံးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မဟာရပ်ရှ်ထရာပြည်နယ် မြို့တော် မွမ်ဘိုင်း၏ အရှေ့မြောက်ဘက် ၃၂၃ ကီလိုမီတာ အကွာရှိ ဒျူလီခရိုင်တွင် ဇွန် ၂၄ ရက် ညနေပိုင်း၌ ယင်းယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းခရိုင်အတွင်းရှိ နက်ပူရာဆူရက်အဝေးပြေးလမ်းမတွင် ခရီးသည်များတင်ဆောင်လာသော ဂျစ်ကားနှင့် ကုန်တင်ကားတို့တိုက်မိမှုဖြစ်ပွားပြီး သေဆုံးသူများထဲ၌ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ကိုးဦးတို့ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် လူအသေအပျောက်ရှိသော လမ်းပေါ် ယာဉ်မတော်တဆဖြစ်မှုများ မကြာခဏဖြစ်ပွားနေပြီး ယင်းသို့ ဖြစ်ရသော အကြောင်းအရင်းများမှာ ကုန်တင်ယာဉ်များ၌ ဝန်ပိုတင်ဆောင်ခြင်း၊ လမ်းများအရည်အသွေး ညံ့ဖျင်းဆိုးရွားခြင်းနှင့် မဆင်မခြင် ယာဉ်မောင်းနှင်ခြင်းတို့ကြောင့် ဖြစ်သည်။

ယမန်နှစ်အတွင်းက အိန္ဒိယနိုင်ငံတစ်ဝန်းတွင် လမ်းများပေါ်၌ ယာဉ်မတော်တဆဖြစ်မှုပေါင်း ၅၀၁၄၂၃ ကြိမ်ဖြစ်ပွားခဲ့ရာ လူ ၁၄၆၁၃၃ ဦး သေဆုံးပြီး ၅၀၀၂၇၉ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အိန္ဒိယအစိုးရ ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# တရုတ်နိုင်ငံတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူ ၉၈ ဦးသေဆုံး၊ ၈၀၀ ကျော် ထိခိုက်ဒဏ်ရာရ

**ပေကျင်း ဇွန် ၂၅**

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်းစုခရိုင် ယန်ချန်းမြို့တွင် ဇွန် ၂၃ ရက်က လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီးနောက် အပျက်အစီးများအောက်တွင် ပိတ်မိနေသည့် ပြည်သူများအား ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေကာ ကယ်တင်ပေးလျက်ရှိသည်။

လေဆင်နှာမောင်း တိုက်ခတ်မှုတွင် သေဆုံးသူအရေအတွက်မှာ ၉၈ ဦးခန့်ရှိခဲ့ပြီး လူပေါင်း ၈၀၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ လူနေအိမ်အများအပြား ပြိုကျပျက်စီးခဲ့သည်။ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးလုပ်သားများက ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများ၏ အပျက်အစီးများကို ဖယ်ရှားကာ ပိတ်မိနေသည့် လူများကို ရှာဖွေကယ်ဆယ်ခဲ့ကြသည်။

ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် မိုးရွာသွန်းမှု ရပ်တန့်သွားခဲ့ပြီး ဘေးလွတ်ရာပြောင်းရွှေ့နေသည့် ပြည်သူများက ၎င်းတို့နေအိမ်များဆီသို့ ပြန်ခဲ့ကြသည်။ အချို့သောနေအိမ်ခေါင်မိုးများမှာ ပြုတ်ထွက်လွင့်စဉ်နေပြီဖြစ်သည်။ လမ်းမီးတိုင်များလည်း ပြိုလဲကျလျက်ရှိသည်။ နှစ် ၂၀ ကျော်နေထိုင်ခဲ့သည့် သူ၏အိမ် ပြိုကျပျက်စီးခဲ့သဖြင့် အိုးအိမ်မဲ့ဖြစ်သွားကြောင်း အမျိုးသမီးတစ်ဦးက ဆိုသည်။

ကျောင်းများနှင့် စက်ရုံများလည်း ပျက်စီးခဲ့ကြောင်း အစီရင်ခံစာများအရသိရသည်။ ဒေသအာဏာပိုင်များက ကယ်ဆယ်ရေးလုပ်သား ၂၀၀၀ ခန့်ကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ချထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**



# ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးရေး စာကြည့်တိုက်မှူး ၁၀၀၀ မွေးထုတ်ပေးမည်

**မုံရွာ ဇွန် ၂၅**

ကျေးရွာစာကြည့်တိုက်များ မြေပြင်တွင် အမှန်တကယ်ရှင်သန်ဖွံ့ဖြိုးစေရန်နှင့် ကျေးရွာစာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဝင်များ စာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ အရည်အသွေးမြင့်မားစေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်ဖောင်ဒေးရှင်း၏ ထောက်ပံ့ကူညီမှုဖြင့် ပြန်/ဆက်ဦးစီးဌာနနှင့် ပူးပေါင်းကာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာစာကြည့်တိုက်မှူးများအား သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်မည့် အခြေအနေနှင့် ပတ်သက်၍ တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဘုန်းကြွယ်က "စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက ကျေးလက်စာကြည့်တိုက်တွေ ရှင်သန်ဖွံ့ဖြိုးဖို့အတွက် ထောက်ပံ့ငွေကျပ် ၇၅ သိန်း အကုန်အကျခံပြီး တစ်ရွာမှာ နှစ်ဦးနှုန်းနဲ့ စာကြည့်တိုက်မှူး ၁၀၀၀ ကို သက်ဆိုင်ရာမြို့နယ်တွေအလိုက် မွေးထုတ်လေ့ကျင့်ပေးမှာ ဖြစ်ပါတယ်။ သင်တန်းကာလက သုံးရက်ဆိုပေမယ့် စာကြည့်တိုက်ဆိုင်ရာ လက်တွေ့လုပ်ငန်းတွေပါတဲ့အတွက် ထိရောက်ပြီး အကျိုးရှိစေမှာဖြစ်ပါတယ်။ သင်တန်းမှာ အနယ်နယ်အရပ်ရပ်က စာကြည့်တိုက်မှူးတွေ တစ်ရွာနဲ့တစ်ရွာ အသိအမြင်၊ အတွေ့အကြုံတွေ အချင်းချင်းဖလှယ်ကြရာကနေ လုပ်ငန်းဆိုင်ရာအတွေးအမြင် တိုးတက်ရရှိစေမှာ ဖြစ်ပါတယ်။

စာကြည့်တိုက်ဆိုတာ ကျောင်းပြင်ပ ပညာရေးလို့ခေါ်တယ်။ စိုက်ပျိုးရေး၊ စီးပွားရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို စုပေါင်းလေ့လာတဲ့ Community Learning Center လည်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးဖို့ဆိုရင် စာကြည့်တိုက်မှူးကောင်းတွေ ရှိဖို့လိုအပ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်မှူးကောင်းတွေ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ဖို့အတွက် မြို့နယ်တွေမှာ စာကြည့်တိုက်မှူးသင်တန်းတွေ ဖွင့်လှစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်တလောမှာလည်း ကျေးရွာစာကြည့်တိုက်မှူးတွေ ရက်အလိုက်၊ လအလိုက် ဆောင်ရွက်ရမယ့်လုပ်ငန်း လမ်းညွှန်ချက်တွေပါတဲ့ ကျေးရွာစာကြည့်တိုက်မှူးများ ပြက္ခဒိန်ကို ထုတ်ဝေသွားနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်"ဟု ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာစာကြည့်တိုက်မှူးများကို သက်ဆိုင်ရာ မြို့နယ်များအလိုက် ပထမအကြိမ်တွင် ၃၀၀၃ ဦးကိုလည်းကောင်း၊ ဒုတိယအကြိမ်တွင် ၁၈၀၀ ကိုလည်းကောင်း မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုလစတုတ္ထပတ်အတွင်းတွင် မုံရွာ၊ စစ်ကိုင်း၊ ယင်းမာပင်၊ ရွှေဘို၊ ကသာ ခရိုင်များတွင် သက်ဆိုင်ရာ ပြန်/ဆက်ဦးစီးဌာနများဖြင့် ပူးပေါင်းလေ့ကျင့် သင်ကြားပေးသွားမည် ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာပေါင်း ၆၀၀၅ ရွာတွင် ဖွင့်လှစ်ပြီးကျေးရွာစာကြည့်တိုက် ၅၉၆၄ တိုက်ရှိပြီး မြေပြင်တွင် အမှန်တကယ်ရှင်သန်ဖွံ့ဖြိုးသည့် ကျေးရွာစာကြည့်တိုက်ပေါင်း ၁၀၈၃ တိုက်ရှိကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

# သိန္နီမြို့တွင် မီးသဂြိုဟ်စက်တပ်ဆင်အသုံးပြုနိုင်ရေးဆောင်ရွက်

**သိန္နီ ဇွန် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့ရှိ ဥတ္တရာသုဘဘာသာပေါင်းစုံသုသာန်သစ်တွင် မီးသဂြိုဟ်စက်တပ်ဆင်အသုံးပြုနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေကျပ်သိန်း ၅၀၀ ဖြင့် သိန္နီမြို့နယ်စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အဆိုပါ လောင်တိုက်နှစ်လုံးနှင့် မီးခိုးတိုင်နှစ်တိုင် ပါဝင်သော မီးသဂြိုဟ်စက်သစ် စမ်းသပ်ဆောင်ရွက်ရာသို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းစိန်လူ၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲ(လားရှိုး)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်စိုး၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းဆာညွှန့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(သီပေါကိုလတ်)**



# (၂၁) ကြိမ်မြောက် တက္ကသိုလ်များခြေလျင်တောင်တက်အသင်း မိတ်ဆုံဂုဏ်ပြုပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၅**

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းက ကြီးမှူး၍ (၂၁) ကြိမ်မြောက် ကျောင်းသားဟောင်း မျိုးဆက်သစ်မိတ်ဆုံပွဲနှင့် ခြေလျင်တောင်တက်ခရီးစဉ်များ၊ လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုပွဲကို ဇွန် ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီ သီရိခန်းမ၌ ကျင်းပမည်ဟု သိရသည်။

"ခြေလျင်တောင်တက်အသင်းရဲ့ နှစ်ပတ်လည် အခမ်းအနားကို ဗိုလ်မှူးကြီးလှအောင် စတင်တည်ထောင်ခဲ့တဲ့ ၁၉၆၀ ပြည့်နှစ်ကနေစပြီး နှစ်စဉ် ဇွန်လနောက်ဆုံးပတ်ရောက်တိုင်းကျင်းပခဲ့တာ ဆရာတို့ အခုဆို နှစ် ၂၀ ကြာကာလကို ဖြတ်သန်းခဲ့ပြီးဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ အောက်မြန်မာပြည် တက္ကသိုလ်များ ခြေလျင်တောင်တက်အသင်း၊ ဆရာတို့ သဘာဝခေါ်သံဖောင်ဒေးရှင်းတို့ကနေ တစ်နှစ်တာ ခြေလျင်တောင်တက် ခရီးကြမ်းလှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ကြတဲ့အဖွဲ့ဝင်တွေ၊ လူမှုအကျိုးပြုလုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းတွေမှာ ပါဝင်လှုပ်ရှားခဲ့ကြတဲ့ အသင်းသူအသင်းသားတွေကို အဲဒီနေ့မှာ ဂုဏ်ပြုဆုတံဆိပ်တွေကို ပေးအပ်ချီးမြှင့်ပါတယ်"ဟု တက္ကသိုလ်ခြေလျင်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

အဆိုပါအခမ်းအနားတွင် တက္ကသိုလ်များ အသင်းဝင်ဟောင်းများဖြစ်ကြသည့် ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သော နိုင်ငံ့ဂုဏ်ဆောင် တောင်တက်သမားများ အပါအဝင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သို့ ထွက်ခွာဆောင်ရွက်ခဲ့ကြသော တောင်တက်ခရီးစဉ်အဖွဲ့ဝင်များ၊ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှု သဘာဝဘေးကျရောက်ခဲ့စဉ်က ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်း၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးများအတွင်း ကယ်ဆယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ခြေလျင်တောင်တက်အသင်းဝင်များ၊ ကချင်ပြည်နယ် ခါကာဘိုရာဇီဒေသသို့ ရက် ၄၀ ကြာ၊ ခြေလျင်တောင်တက်မိုင် ၂၅၀ ခရီးကြမ်းထွက်ခွာ၍ စေတီများတည်ထားခြင်း၊ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ကျေးရွာများတွင် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့၌ လိုက်ပါဆောင်ရွက်ခဲ့ကြသော တောင်တက်အသင်းဝင်များ စသည်တို့ကို ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ- Rose Aung**

# လမ်းသစ်လမ်းခုံးကျော်တံတားအနီး လမ်းပြောင်းပြန်မောင်းနှင်သော ကျောင်းကား ယာဉ်အန္တရာယ်စိုးရိမ်ရ

**ရန်ကုန် ဇွန် ၂၅**

လမ်းသစ်လမ်း လူကူးခုံးကျော်တံတားအနီး မဟာဗန္ဓုလလမ်းပေါ်တွင် ဇွန် ၂၂ ရက်မှ ၂၄ ရက်အထိ နံနက်ပိုင်း ၆ နာရီခွဲဝန်းကျင်တွင် ဟွန်ဒိုင်းအမျိုးအစား ကျောင်းကားတစ်စီး လမ်းပြောင်းပြန် မောင်းနှင်သွားလာနေသည်ကို နေ့စဉ်ရက်ဆက် မြင်တွေ့ရသည်ဟု ယင်းနေရာအနီး အလုပ်လုပ်ကိုင်နေသူ ကိုသန့်က ဆိုသည်။



လှိုင်သာယာမှ လမ်းမတော်သို့ လာရောက်၍ နံနက်ပိုင်း အနေ့းယာဉ်နင်းသူ ကိုစံကလည်း အနေ့းယာဉ် ညအိပ်လက်ခံသည့် ဆိပ်ကမ်းမှ အနေ့းယာဉ်ထုတ်ယူပြီး မဟာဗန္ဓုလလမ်းအတွင်းသို့ နင်းလာစဉ် ခုံးကျော်တံတားအလွန် လမ်းကြောင်းပြောင်းပြန်မောင်းနှင်လာသော အဆိုပါကျောင်းကားကို ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် ရှောင်ပေးခဲ့ရသည်ဟု ဆိုသည်။**(ဝဲပုံ)**

မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြားရှိ (၉) လမ်းအတိုင်း မဟာဗန္ဓုလလမ်းပေါ်သို့ ထွက်လာသော အဆိုပါ ကျောင်းကားသည် အရှေ့ဘက်သို့ ယာဉ်ကြောအမှန်သွားရမည့် အစားလမ်းပြောင်းပြန် အနောက်သို့ မောင်းနှင်ကာ လမ်းသစ်လမ်းအတွင်း ဝင်ရောက်သွားခြင်းဖြစ်သည်။

ရံဖန်ရံခါ ကျောင်းချိန်လိုအပ်ချက်ကြောင့် အချိန်မီရန် လမ်းပြောင်းပြန်မောင်းနှင်ရမှုမျိုး ရှိတတ်သည်ဟု အခြားကျောင်းကားပိုင်ရှင်တစ်ဦးက ဆိုသည်။ သို့သော် နေ့စဉ်ရက်ဆက် လမ်းပြောင်းပြန် မောင်းနှင်နေမှုမျိုးသည် စည်းကမ်းအစ စာသင်ကျောင်းက ဆိုရိုးစကားအတိုင်း ကျောင်းကားပေါ်ပါ ကျောင်းသားလူငယ်များအား အတုယူမှုမှားသော အသိမျိုးဖြစ်စေနိုင်သည်။

အဆိုပါလမ်းဆုံမှာ ယာဉ်မျိုးစုံဖြင့် ပိတ်ဆို့နေတတ်ပြီး လမ်းဘေးယာဉ်နှစ်ထပ်ရပ်နေမှုများပြားသော နေရာဖြစ်သည်။ သက်ဆိုင်ရာမှ လှည့်ကင်းဖြင့် လာရောက်အရေးယူသော်လည်း လှည့်ကင်းရှိသည့် မိနစ်ပိုင်းတွင်သာ စည်းကမ်းတကျမြင်တွေ့ရသည်။

ရန်ကုန်မြို့တွင်း လမ်းများတွင် အရေးပေါ် လိုအပ်ချက်ကြောင့်သာ မီးသတ်ယာဉ်များ၊ လူနာတင်အရေးကြီးယာဉ်များ လမ်းကြောင်းပြောင်းပြန်မောင်းနှင်မှုမြင်တွေ့ရသည်။ သို့သော် ကျောင်းကားများအနေဖြင့် ယာဉ်အန္တရာယ်စိုးရိမ်ရသဖြင့် မှန်လုံမီနီဘတ်စ်ယာဉ်ငယ်ကဲ့သို့ အိမ်စီးယာဉ်များ ပြောင်းလဲအသုံးပြုချိန်တွင် ယခင်ကဲ့သို့သော ယာဉ်များအနေဖြင့် ယာဉ်စည်းကမ်း လိုက်နာမှုအလေးထားရန် လိုအပ်သည်။

သို့မှသာ ယာဉ်ပေါ်ပါကျောင်းသားလူငယ်များ ယာဉ်အန္တရာယ်စိုးရိမ်ရမှု လျော့ပါးလာမည်။ သို့ဖြစ်ရာ ကျောင်းကားအမျိုးအစား ပြောင်းလဲအသုံးပြုခြင်းသာမက ကျောင်းကားပြေးဆွဲနေသော လမ်းကြောင်းများတွင် ကျောင်းကားများ ယာဉ်စည်းကမ်းနှင့်အညီ အလေးထားလိုက်နာမောင်းနှင်မှုရှိ၊ မရှိကိုပါ စောင့်ကြည့်အရေးယူရန် လိုအပ်နေသည်ဟု အထက်ဖော်ပြပါဖြစ်စဉ် မြင်တွေ့နေရသူတစ်ဦးက သုံးသပ်ပြောဆိုသည်။

**(မောင်စေအောင်)**

# ကလေးသူငယ်စောင့်ရှောက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဒလ ဇွန် ၂၅**

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် မိသားစုအခြေပြု အခြားစောင့်ရှောက်မှုစီမံချက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဘုရင့်နောင်ရပ်ကွက် Terre des homes အဖွဲ့ရုံးခန်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ လုပ်ငန်းအစည်းအဝေးတွင် ဒလမြို့နယ်ရှိ ရတနာ့မေတ္တာအဖွဲ့မှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လက်ထောက်စီမံချက်မန်နေဂျာ ဒေါ်မြတ်မြတ်စိုးက မိသားစုအခြေပြု ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်း စီမံချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး Tdh-L မှ အဖွဲ့ခေါင်းဆောင် ဒေါ်ဖူးဝေမျိုးက ဒလမြို့နယ်ရှိ ရပ်ကွက်/ ကျေးရွာ ၁၄ နေရာကို စီမံချက်နေရာဖြင့် ယခုအခါ ကလေးသူငယ်စောင့်ရှောက်ရေး၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ရပ်ကွက်/ကျေးရွာများသို့ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများကို မသန်စွမ်းသူများအဖွဲ့ (TLMM)မှ ဒေါ်သက်သက်လှိုင်က ပြောကြားခဲ့သည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ကလေးသူငယ်ကြီးကြပ်ရေးမှူးဖြစ်ရပ်စီမံခန့်ခွဲမှု ဦးစီးအရာရှိ ဒေါ်စိုးစိုးထိုက်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသက်အရွယ်နှင့်မမျှသော ကလေးများအား ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ အကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်း၊ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်းတို့မှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်းနှင့် ကလေးသူငယ်များ ပြစ်မှု၊ ပြစ်ဒဏ်နှင့် ငြိစွန်းပါက လူမှုဝန်ထမ်းဦးစီးဌာနမှ အဆိုပါကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ NGO၊ INGO၊ Unicef၊ The Leprosy Mission Myanmar၊ Save the Children၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ လူ့အဖွဲ့အစည်းအတွင်း နေထိုင်ကြသော ကလေးသူငယ်ကာကွယ်ရေးနှင့် အခွင့်အရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# အမေရိကန်တဲလန့်ရှိုးတွင် ဧည့်အကဲဖြတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သွားမည့် Louis



ပေါ့ပ်တေးသံရှင်တစ်ဦးလည်းဖြစ်ပြီး One Direction အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ Louis Tomlinson က အမေရိကန် တဲလန့်ရှိုး တစ်ခုဖြစ်သည့် America's Got Talent ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အသစ် တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

အသက်(၂၄)နှစ်အရွယ်ရှိ Louis သည် ယင်းအစီအစဉ်၏ Season 11 တွင် အခြားသော ဒိုင်အဖွဲ့ဝင်အသစ်များနှင့်အတူ အကဲဖြတ်လုပ်ငန်း များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းအစီအစဉ်၏ ပင်တိုင်တင်ဆက်သူတစ်ဦးဖြစ်သူ ဆိုင်မွန် ကော်ဝဲလ်နှင့်အခြားအဖွဲ့ဝင်များက အနုပညာရှင်လေးဦးကို ဧည့်သည် အကဲဖြတ်အဖွဲ့ဝင်များအဖြစ် ရွေးချယ်ကာ Season 11 တွင် ယင်းသို့ ဆောင်ရွက်စေခြင်းဖြစ်ပြီး လာမည့် Season သစ်သည် ဇူလိုင်လလယ်ပိုင်း ခန့်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၀ ခုနှစ်က The X Factor သီချင်းအဆိုပြိုင်ပွဲမှ စတင်ကာ ဂီတလောကသို့စတင်ခြေချခဲ့ပြီး တစ်ဟုန်ထိုး အောင်မြင်မှုများရရှိလာခဲ့သူ One Direction အဖွဲ့နှင့် ဆိုင်မွန်ကော်ဝဲလ်တို့သည် မကြာခင်ကမှ ပြန်လည်သင့်မြတ်လာခဲ့ကြခြင်းလည်းဖြစ်သည်။

One Direction အဖွဲ့မှ ဇေမာလိခ် နုတ်ထွက်ပြီး နောက်ပိုင်း အဖွဲ့ဝင်များ စိတ်ဝမ်းကွဲကာ အဖွဲ့ပျက်တော့မည့် သတင်းများထွက်ပေါ် လျက်ရှိသည်နှင့်ပတ်သက်ပြီး ဆိုင်မွန်ကော်ဝဲလ်က "သူတို့အဖွဲ့နဲ့ပတ်သက် တဲ့သတင်းတွေထွက်နေတာ သိပေမယ့် အတိအကျ မသိသေးပါဘူး။ အဲဒီ အတွက်လည်း အဖြေမရှိပါဘူး"ဟု အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့ သည်။

One Direction အဖွဲ့သည် အချိန်တိုအတွင်း ဂီတလောကတွင် တစ်ရှိန်ထိုး အောင်မြင်မှုရရှိလာခဲ့သည့် အမျိုးသားဂီတအဖွဲ့ တစ်ဖွဲ့ဖြစ် ကြောင်း၊ ၎င်းအနေဖြင့် ၎င်းတို့အဖွဲ့ မပြိုကွဲဘဲ အားလုံးစုံညီစွာဖြင့် ပရိသတ် ရှေ့ပြန်လည်မြင်တွေ့နိုင်ရန် မျှော်လင့်နေသေးကြောင်း ဆိုင်မွန်က ဖြည့်စွက် ပြောကြားခဲ့သည်။

# တောင်ကိုရီးယား၏ ကြော်ငြာလောကတွင် အအောင်မြင်ဆုံးဖြစ်နေသည့် ဆောင်ဂျွန်ကီ



တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ပြီး Descendants Of The Sun ဇာတ်ကားဖြင့် အာရှရုပ်ရှင်လောကတွင် နာမည်ရလာခဲ့သူ သရုပ်ဆောင် ဆောင်ဂျွန်ကီသည် မေလအတွင်း တောင်ကိုရီးယား ကြော်ငြာ လောက၏ အအောင်မြင်ဆုံးသော သရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့သည်။

ဆယ်ကျော်သက်အမျိုးသမီးပရိသတ်များ၏ အထူးအားပေးမှုရရှိ နေသည့် သရုပ်ဆောင် ဆောင်ဂျွန်ကီသည် ကြော်ငြာရှင်စပွန်ဆာများ၏ အလိုလားဆုံးသော သရုပ်ဆောင်တစ်ဦးအဖြစ် သုံးလတိုင်တိုင် ထိပ်တန်းမှ ရပ်တည်နေခဲ့ခြင်းလည်းဖြစ်ကြောင်း သုတေသနစင်တာတစ်ခုမှ ဧပြီ ၂၇ ရက်မှ မေ ၂၈ ရက်အတွင်း ပြုလုပ်ခဲ့သော သုတေသနစစ်တမ်းတစ်ခုအရ သိရသည်။

"Descendants Of The Sun ဇာတ်ကားရဲ့မင်းသားက မတ်လနဲ့ မေလအတွက် ကြော်ငြာရှင်တွေရဲ့ အလိုလားဆုံးပထမနေရာမှာ ရပ်တည်နေပါတယ်"ဟု ကြော်ငြာရှင်တစ်ဦးက ဆိုသည်။

တောင်ကိုရီးယားကြော်ငြာလောက၏ အအောင်မြင်ဆုံးသော အနုပညာရှင်များစာရင်းတွင် ဆောင်ဂျွန်ကီအပြင် ဘတ်စကတ်ဘောကစား သမား လီဒါဟူးက ၉၅ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး အခြားသောအနုပညာရှင်များအနေဖြင့် မင်းသမီး ဆောင်းဟေကို၊ တေးသံရှင် အိုင်ယူ၊ ဆူဇီနှင့် အခြား ဂီတ၊ ရုပ်ရှင် အနုပညာရှင်များစွာ ပါဝင်ကြောင်းသိရသည်။

# နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ပါဝင်ပြသခဲ့သည့် The BFG ဇာတ်ကား မြောက်အမေရိကတွင် စတင်ပြသ

ဝါရင့်ဒါရိုက်တာကြီး စတီဗင်စပီးလ်ဘတ်ခ်က ဒါရိုက်တာတစ်ဦး တစ်ဖြစ်လည်း ပူးတွဲထုတ်လုပ်သူအဖြစ်ရိုက်ကူးခြယ်မှုန်းထားသည့် The BFG အမည်ရှိ အက်ရှင်ဇာတ်ကားကို မေလလယ်ပိုင်းက ကျင်းပခဲ့သည့် ကန်းစ် နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသခဲ့ပြီး ဇွန် ၂၂ ရက်က မြောက်အမေရိကရှိ El Capitan Theater တွင် စတင်ရုံတင်ပြသခဲ့ကာ နိုင်ငံတကာရှိ ရုပ်ရှင်ရုံများ၌ ဇူလိုင် ၁ ရက်တွင် စတင်ပြသသွားမည်ဖြစ် ကြောင်း သိရသည်။

The BFG ဇာတ်ကားသည် အမည်တူဝတ္ထုကို ဇာတ်ညွှန်းအဖြစ် ပြန်လည်ပုံဖော်ထားခြင်းဖြစ်ပြီး ယင်းဝတ္ထုကို ၁၉၉၀ ပြည့်နှစ်များက ရုပ်ရှင်ဇာတ်ကားများအဖြစ် ဇာတ်ကားတစ်ကားမက ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

ယခုဇာတ်ကားအတွက် ဇာတ်ညွှန်းပိုင်းဆိုင်ရာပြင်ဆင်မှုများကို ဒါရိုက် တာစတီဗင်စပီးလ်ဘတ်ခ်က ၂၀၁၄ ခုနှစ်ကတည်းက ကြိုတင်ပြင်ဆင်ခဲ့ခြင်း ဖြစ်ကာ ဒစ်စနေးရုပ်ရှင်ထုတ်လုပ်ရေးမှ ဇူလိုင်လဆန်းပိုင်းတွင် ဖြန့်ချိပြသ မည်ဖြစ်ကြောင်း သိရသည်။




မျိုးစန္ဒာမောင် - ရေးသားသည်။

နိုင်ငံတကာသတင်းဂျာနယ်
- သမ္မတရိုကျင့်ဖျင်အောက်က တရုတ်ကွန်မြူနစ်ပါတီ
- သူရဲကောင်းအတွက် အမှတ်တရ
- လုပ်ကြံခံရတဲ့ ဗြိတိသျှလွှတ်တော်အမတ်
- ကိုလံဘီယာအစိုးရနှင့် FARC အဖွဲ့တို့အကြား ငြိမ်းချမ်းရေးရောင်နီသန်းပြီလား
- မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်
- ခွေးသားစားပွဲတော် ကျင်းပမှု တရုတ်ပြည်သူအများစု ကန့်ကွက်
- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တရားဥပဒေစိုးမိုးရေးဆက်နွယ်နေ
- ဖက်ဆစ်ဝါဒီ တစ်ကျော့ပြန်ခေါင်းထောင်လာပြီလား
တစေ့တစောင်း စသည့် သတင်းဆောင်းပါးများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ အမှုထမ်းများ၊ အင်္ဂလိပ်ဘာသာလိုက်စားသူများအတွက် အင်္ဂလိပ်ဘာသာသင်ခန်းစာနှင့် လေ့ကျင့်ခန်းများ ထည့်သွင်းဖော်ပြထားပါသည်။
နယ်စာဖတ်ပရိသတ်များ ကြိုတင်မှာယူပါက ကိုယ်စားလှယ်ကြီးများထံမှ တစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀ ဖြင့် အရောက်ပေးပို့ပါမည်။
ကြော်ငြာထည့်သွင်းလိုပါက ရန်ကုန်မြို့ - အမှတ်-၇၇၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော် - ဖုံးအမှတ်(၇)နှင့် ဇေယျာသီရိမြို့နယ်၊ ၁ရေပင်လမ်းခွဲ၊ ကြေးမုံသတင်းစာတိုက်တို့တွင် ဈေးနှုန်းချိုသာစွာဖြင့် ထည့်သွင်းနိုင်ပါသည်။
ဖုန်း - ၀၁ - ၈၆၁၀၆၈၅၊ ၀၁ - ၂၉၂၈၃၀၊ ၀၆၇ - ၃၆၁၂၄

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၆- ၆ -၂၀၁၆ (တနင်္ဂနွေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | - အဖွင့် |
| | - မိုးလေဝသအစီအစဉ် |
| | - ကာတွန်းအစီအစဉ် "Song of the Sea"(အပိုင်း-၂) |
| ၆း၅၀ | - နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၇း၁၀ | - မြန်မာဗီဒီယိုဇာတ်လမ်း "မေတ္တာစံအိမ်" |
| ၈း၄၀ | MRTV Entertainment Music |
| ၈း၅၀ | အနုပညာမှ ပရဟိတသို့ (အပိုင်း-၂) |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၃၀ | မြိတ်ကျွန်းစုသို့ (အပိုင်း-၂) |
| ၉း၅၀ | မြန်မာရုပ်ရှင်"ဆွဲစားပြီးသားပဲ" |
| ၁၂း၀၀ | -အစီအစဉ်ပြီး၏။ |

**နံနက် (၀၁း၃၀) နာရီ -Live:Euro 2016 "Hungary Vs Belgium" တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၄၀ | "ပီတိဖြစ်လိုက်ရတာ တရားတော်" [ဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒ (ဓမ္မဒူတ)] |
| ၈း၅၅ | Weekly Sports Diary |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၅ | Star တို့ရဲ့လက်ရာ |
| ၂း၂၀ | World of Knowledge (Hookes: Squid Invasion) |
| ၃း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၀၄) |
| ၃း၅၀ | မြန်မာနိုင်ငံဆေးကောင်စီ |
| | အကြောင်း သိကောင်းစရာ |
| ၅း၃၅ | Food& Decor |
| 6;10 | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၀၅) |
| ၇း၂၀ | Fashion Week |
| ၇း၄၅ | Myanmar's Got Talent |
| ၈း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၃၂) |
| ၉း၄၀ | The Journey of Love (Part-2) |
| ၁၀း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၁၀၅+၁၀၆) |

### မြဝတီရုပ်မြင်သံကြား

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၅ | ဓမ္မပူဇာတေး |
| ၆း၃၀ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ပျော်ရွှင်လေ့လာနွေရာသီမှာ |
| ၉း၁၀ | World Wide Web |
| ၉း၂၅ | စာပေအလင်းစာပေသတင်း |
| ၉း၄၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀း၀၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၀း၁၀ | သာယာကြွေးခေတ်ဆန်းတေး |
| ၁၀း၂၀ | Guide For You |
| ၁၀း၃၀ | Cooking Art |
| ၁၀း၄၅ | မြန်မာသံစဉ်ချိုနှားဝင် |
| ၁၁း၀၀ | English For Myanmar |
| ၁၁း၁၅ | Lucky Door |
| ၁၂း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လေလှိုင်းကြားက ပန်းသီချင်းသံ |
| ၁း၁၉ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသချေ် အပိုင်း(၇၃) |
| ၂း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၅း၂၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၄း၃၅ | ပျိုပျိုမေ |
| ၄း၅၀ | Rum & Cook |
| ၅း၁၀ | ရသစုံလင်ရုတ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် အပိုင်း(၃၃) |
| ၅း၄၅ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၆း၃၅ | လူစွန့်စားခရီးသွားနေသည် |
| ၇း၀၀ | ရသစုံလင်ရုတ်မြင်ဇာတ်လမ်း -မြစ်တစ်စင်းရဲ့အလင်္ကာ အပိုင်း(၂၁) |
| | - VOA အင်္ဂလိတ်စာသင်ခန်းစာ |
| | - ပဟေဠိနန်းတော် |
| | - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အနားမညီတြိဂံ အပိုင်း(၁၀) |

## မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**ဖရူဆို ဇွန် ၂၅**

၂၀၁၆ ခုနှစ် တတိယအကြိမ်မြောက် (TSDP) အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ကယားပြည်နယ် ဖရူဆိုမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက်(၁၉)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇွန် ၂၃ ရက် ညနေပိုင်းက ပရယ်လူဖုအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ မိုဆိုအသင်းက ညောင်ဇင်အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းဆု၊ အကောင်းဆုံးအလယ်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆုနှင့် အကောင်းဆုံးဘောလုံးသမားဆုများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက ပထမရရှိသော မိုဆိုအသင်းအား ငွေသားဆု သုံးသိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## အိုလံပစ်နေ့အထိမ်းအမှတ် တာဝေးအပြေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ပဲခူး ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော အိုလံပစ်နေ့အထိမ်းအမှတ် တာဝေးအပြေးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဇွန် ၂၃ ရက်က တိုင်းဒေသကြီးအားကစားကွင်းရှေ့၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပဲခူးတက္ကသိုလ်ရှေ့မှ တိုင်းဒေသကြီးအားကစားကွင်းရှေ့အထိ ယှဉ်ပြိုင်ကြရာ ပထမ၊ဒုတိယနှင့်တတိယဆုရရှိသော အမျိုးသားတစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော အမျိုးသမီးတစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ကျန်ရှိသောဆုများကိုတက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ယင်းပြိုင်ပွဲသို့ အမျိုးသား ၁၂၈ ဦးနှင့် အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၁၇၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## MIC အမျိုးသားဖူဆယ်အသင်း ထိုင်းခြေစမ်းခရီးစဉ်တွင် နှစ်ပွဲစလုံးအနိုင်ရ

**ဗန်ကောက် ဇွန် ၂၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံ ဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်နေသည့် MIC အမျိုးသားဖူဆယ်အသင်းသည် ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည်။

MIC အမျိုးသားဖူဆယ်အသင်းသည် ဇွန် ၂၃၊ ၂၄ ရက်တို့တွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး ပထမပွဲတွင် North Bangkok အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ ဒုတိယပွဲတွင် Kasen Bundith တက္ကသိုလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ MIC အမျိုးသားဖူဆယ်အသင်းသည် ၂၀၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သောကြောင့် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ဗန်ကောက်မြို့တွင် လေးရက်ကြာ သွားရောက်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။

**(ဖိုးသော်ဇင်)**




# ဆောက်သမ်တန်တိုက်စစ်မှူး ဆာဒီယိုမာနေးအား ခေါ်ယူရန် လီဗာပူးအသင်း ပစ်မှတ်ထားနေ

လီဗာပူးအသင်းသည် ဆောက်သမ်တန်တိုက်စစ်မှူး မာနေးအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ အထိပေး၍ခေါ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။

လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့သည် အသင်း၏ တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် ဆာဒီယိုမာနေးအား ခေါ်ယူလိုခြင်းဖြစ်ပြီး လီဗာပူးအသင်း၏ အကြီးမားဆုံးသောစာချုပ်ချုပ်ဆိုမှုတွေထဲကတစ်ခုအဖြစ် တိုက်စစ်မှူး ဆာဒီယိုမာနေးကို ခေါ်ယူသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ထို့ကြောင့် လီဗာပူးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့သည် အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆာဒီယိုမာနေး၏ အပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။ ဆောက်သမ်တန်အသင်းသည် ဆာဒီယိုမာနေးအား ရောင်းချမည်ဆိုပါက ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ခန့်လိုချင်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဆာဒီယိုမာနေးသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်ပွဲစဉ် ၃၇ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းအနေဖြင့် တိုက်စစ်မှူး ဆာဒီယိုမာနေးအား ခေါ်ယူလိုသော်လည်း ဆောက်သမ်တန် အသင်းနည်းပြ ရော်နယ်ကိုးမန်းသည် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် ဆောက်သမ်တန်အသင်းမှာ နည်းပြမရှိသေးသဖြင့် တိုက်စစ်မှူး ဆာဒီယိုမာနေးအား အပြောင်းအရွှေ့သည် ကြန့်ကြာလိမ့်ဦးမည်ဖြစ်ကြောင်းလည်း သိရသည်။

လီဗာပူးအသင်းသည် တိုက်စစ်မှူး ဘန်တီကီအား ရောင်းချကာ ဆီနီဂေါကြယ်ပွင့် ဆာဒီယိုမာနေးအား ခေါ်ယူသွားမည်ဖြစ်ပြီး တိုက်စစ်မှူး ဘန်တီကီမှာ အက်စ်တွန်ဗီလာအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် ခေါ်ယူထားသည့်ကစားသမားတစ်ဦးဖြစ်သည်။

ဆောက်သမ်တန်ကစားသမားများဖြစ်ကြသည့် လယ်လာနာ၊ လော့ဗ်ရန်၊ ရစ်ကီလမ်းဘာ့နှင့် ကလိုင်းတို့သည်လည်း ၂၀၁၄ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလကတည်းက လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ လက်ရှိတွင်လည်း တိုက်စစ်မှူး ဆာဒီယိုမာနေးနှင့် ပတ်သက်၍ ဆွေးနွေးလျက်ရှိပြီး လီဗာပူးအသင်းသို့ ရောက်ရှိလာမည်ဆိုပါက လီဗာပူးအသင်း၏ သမိုင်းတွင် အန်ဒီကာရိုးနှင့် ဘန်တီကီတို့နောက်တွင် တတိယမြောက်ဈေးအကြီးဆုံးခေါ်ယူခဲ့သည့်ကစားသမားလည်းဖြစ်လာလိမ့်မည်ဖြစ်သည်။ဆောက်သမ်တန်အသင်းသည် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဝမ်ယာမာကိုလည်း စပါးအသင်းသို့ ရောင်းချခဲ့ပြီးဖြစ်သည်။

# ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဝင်ရန် နည်းပြသစ် ကွန်တီ ရည်မှန်းထား

အီတလီအသင်းနည်းပြ ကွန်တီသည် ယခု လျက်ရှိသည့် ယူရို ၂၀၁၆ ပြိုင်ပွဲပြီးဆုံးပါက ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်း



နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်တော့မည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီမီယာလိဂ်ဖလားရယူနိုင်ရေးအတွက် မစွမ်းဆောင်နိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ဝင်ခွင့်ပါ ပျောက်ဆုံးခဲ့ရသည့် အသင်းတစ်သင်းဖြစ်ပြီး ရာသီကုန်တွင် ပရီမီယာလိဂ် အမှတ်ပေးဇယား၌ အဆင့်(၁၀)ဖြင့်သာ ရပ်တည်နိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြသစ်ကွန်တီက ချယ်လ်ဆီးအသင်းအား ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ထိပ်ဆုံးလေးသင်း စာရင်းဝင်ဖြစ်လာရန် ရည်မှန်းထားကြောင်းပြောကြားခဲ့သည်။ ထို့ကြောင့် အပြောင်းအရွှေ့ကာလအတွင်း ချယ်လ်ဆီးအသင်း၏ တိုက်စစ်ပိုင်းကို ထပ်မံအားဖြည့်သွားမည်ဟုလည်း ဆိုသည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်းက အငှားခေါ်ယူထားခဲ့သည့် ပါတိုနှင့် ဖယ်ကာအိုတို့သည် ချယ်လ်ဆီးအသင်းမှ ထွက်ခွာသွားခဲ့ပြီဖြစ်ပြီး ပီအက်စ်ဂျီအသင်းတွင် မပျော်မရွှင်ဖြစ်နေသည့် ကာဗာနီ၊ နာပိုလီတိုက်စစ်မှူး ဟီဂူအင်နှင့် အဲဗာတန်တိုက်စစ်မှူး လူကာကူတို့ကိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။

# ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခေါ်ယူလိုပါက မန်ယူအသင်း ပေါင်သန်း ၅၀ ကုန်ကျမည်

မန်ယူအသင်းသည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည်လည်း ရီးယဲလ်မက်ဒရစ်အသင်းတွင် အခြေမကျဖြစ်နေခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည့်အနေအထားတွင်ရှိနေသည်။

ကိုလံဘီယာကြယ်ပွင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၅၆ သန်းဖြင့်ရောက်ရှိလာခဲ့သူဖြစ်ပြီး ပေါင်သန်း ၅၀ ခန့်ရရှိမည်ဆိုပါက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့ရခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းတွင် ဆက်ရှိ၊ မရှိဆိုသည်မှာ မသေချာသည့် အခြေအနေတွင်ရှိနေသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာပင် ရီးယဲလ်မက်ဒရစ်အသင်း၏ ထည့်သွင်းကစားခြင်းကို မခံခဲ့ရသည့် ကစားသမားတစ်ဦးဖြစ်သည်။

ငွေကြယ် - စုစည်းရေးသားသည်

# ပြည်တွင်းစက္ကူပန်းမျိုးကို ကိုင်းကူးပျိုးထောင်သည့် စက္ကူပန်းပင်များကို လူကြိုက်များ

**မန္တလေး ဇွန် ၂၅**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပစိမ်းမြမြဟုဆိုကာ လှပသောကမ္ဘာဖြစ်ရေးသတိပေးရေးသားထားသည်။ လူတစ်ဦးစီ တာဝန်သိစွာ သစ်ပင်တစ်ပင်နှုန်းစိုက်ပါက ပျက်စီးနေသော သဘာဝဂေဟစနစ်ကိုပြန်လည်ထိန်းသိမ်းနိုင်သည်ဟုဆိုထားသည်။ လက်ရှိကာလတွင် လူသားတို့၏ လောဘနှင့် သစ်တောသစ်ပင်ပြုန်းတီးမှုများသည် ရာသီဥတုကိုဖောက်ပြန်စေပြီး လူနှင့်ပတ်ဝန်းကျင်ကို ပြန်လည်ဆိုးကျိုးပေးနေပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သစ်တောသစ်ပင်များ ပြုစုပျိုးထောင်ရေးကို ပြုလုပ်နေကြသည်။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး ဟုပင်ဆိုထားသည်။ လက်တွေ့သဘောအရ သစ်ပင်စိုက်ပျိုးသူမှာကိုယ်တိုင်စိုက်ပျိုးထားသောသစ်ပင်ကို ရှင်သန်ကြီးထွားစေရေးအတွက် ရေလောင်းခြင်း၊ ပေါင်းနုတ်ခြင်း ပေါင်းဆွခြင်းမှအစ အရိပ်တကြည့်ကြည့်ပြုလုပ်နေရသည့်အတွက် စိတ်လန်းကြည်နူးမှုကို ရရှိစေသည်။ မြန်မာနိုင်ငံတွင်လည်း ကြိုးဝိုင်းသစ်တောများထိန်းသိမ်းခြင်း၊ အစိမ်းရောင်မြို့တော်ဖြစ်အောင်စိုက်ပျိုးခြင်း၊ ကြီးမြန်သစ်ပင် စိုက်ပျိုးခြင်းများကိုပြုလုပ်လာကြသည်။ သစ်ပင်စိုက်ပျိုးမှုကို အစုအဖွဲ့လိုက်လုပ်ခြင်း၊ တစ်ဦးတည်ပြုလုပ်ခြင်းများနှင့် ပရဟိတအသင်းများမှ ဦးဆောင်ကာ စိုက်ပျိုးခြင်းများပြုလုပ်လေ့ရှိသည်။ အထူးသဖြင့် အထိမ်းအမှတ် သစ်ပင်စိုက်ပွဲကလေးများမှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်နေသည်။ အိမ်တိုင်းတွင် ပန်းအိုးစိုက်ထားမှုများမှာလည်း တင့်တယ်လှသည်။

မန္တလေးမြို့ပတ်ဝန်းကျင်ရှိ နေအိမ်များတွင် အလှဆင်စိုက်ပျိုးနိုင်ရန်အတွက် ပျိုးဥယျာဉ် ခြံများစွာ ပျိုးထောင်ရောင်းချပေးလျက်ရှိသည်။ တန်ဖိုးနည်းနှင့်ဆီပန်းပင်များမှစကာ တန်ဖိုးမြင့် ဘွန်ဆိုင်းပန်းအိုးများ၊ သက်တမ်းရင့်သစ်ပင်ကြီး ပန်းအိုးများကို ပျိုးထောင်ရောင်းချကြသည်။ထိုအပင်များထဲတွင် စက္ကူပန်းပင်ပန်းအိုးများလည်း ပါဝင်သည်။ စက္ကူပန်းပင်ပန်းအိုးတွင်မူလက ရိုးရိုးစက္ကူပန်းအိုး ယိုးဒယားမျိုးနှင့်ကိုင်းဆက်ကူးနည်းဖြင့်ကူးကာ လှပအောင်ပေါင်းစပ်ပျိုးထောင်လေ့ရှိသည်။ အပင်ပုံသဏ္ဍာန်ကို လိုသလိုပြုလုပ်ပြီးသည်နှင့် ယိုးဒယားစက္ကူပန်းမျိုးကို ကိုင်းဆက်ကာ တိတ်ပတ်ခြင်း၊ စက္ကူဖြင့်ကာခြင်း၊ မိုးဒဏ်လေဒဏ်ခံနိုင်ရန် ပလတ်စတစ်အုပ်ခြင်းတို့ ပြုလုပ်ကြသည်။ ခုနစ်ရက်မှ ၁၀ ရက်အတွင်း အတက်ထွက်လာလေ့ရှိသည်။ ယိုးဒယားစက္ကူပန်းမျိုးဖြင့် ကိုင်းကူးပါက အရွက်ဖြူကျားထွက်ကာ အပွင့်အဖြူနှင့်မရန်းရောင်တို့ပွင့်သည်။ လက်ရှိကာလတွင် ကိုင်းဆက်မျိုးကူးထားသော စက္ကူပန်းပင်များကို လူကြိုက်များလျက်ရှိပြီးအပင်ကြီးတစ်ပင်လျှင်ငွေကျပ်တစ်သိန်းကျော်မှ ငါးသိန်းအထိရှိကြောင်းသိရသည်။

**တိမ်တမန်**





## အနာဂတ်ကြယ်ပွင့်လေးများ ကျန်းမာစေရေး ကျောင်းကျန်းမာရေးဆောင်ရွက်ပေး

**ဝန်းသို ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်က ဝန်းသိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသူကျောင်းသားများ၏ ကျန်းမာရေး စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ KG သူငယ်တန်း ကျောင်းသူကျောင်းသားလေးများအား မြို့နယ်သူနာပြုဆရာမကြီး ဒေါ်တင်မိုးနွယ်က တစ်ကိုယ်ရေသန့်ရှင်းအကြောင်း၊ လက်ဆေးနည်းအကြောင်း၊ အမှိုက်များကိုစနစ်တကျ စွန့်ပစ်ခြင်း၏ ကောင်းကျိုးဆိုးကျိုးများကို ဟောပြောခဲ့ပြီး မူလတန်းနှင့်အလယ်တန်း ကျောင်းသားကျောင်းသူများအား သွေးလွန်တုပ်ကွေးရောဂါ၊ ဆုံဆို့နာရောဂါနှင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများမှ ကာကွယ်နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ကျောင်းသူကျောင်းသားများ၏ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုအား စစ်ဆေးပေးခဲ့ပြီး သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာနေလင်းကျော်က သွားကျန်းမာရေး စစ်ဆေး၊ ကုသခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် သွေးလွန်တုပ်ကွေးရောဂါ တားဆီးကာကွယ်နိုင်ရန် ကျောင်းရှိရေတွင်းများအား ကလိုရင်းဆေးခတ်ခြင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်းများ လုပ်ဆောင်ပေးခဲ့ကြောင်းသိရသည်။

**မောင်လှမျိုး(ဝန်းသို)**

## လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ထားဝယ် ဇွန် ၂၅**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အထက မောင်းမကန်စုပေါင်းခန်းမ၌ လူကုန်ကူးမှုအသိပညာပေးနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောကို ဇွန်၂၁ရက် နံနက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ငွေသန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၆၈၉ ဦး တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် အမှတ်(၁၀)တပ်ဖွဲ့ စုမျူးရုံး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ် အောင်ဆန်းဝင်းက မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသောလူကုန်ကူးမှုနှင့်လူမှောင်ခိုအကြောင်းသိကောင်းစရာ၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် ပတ်သက်၍ ဟောပြောပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့စုအမှတ်(၁၁)ဒုတပ်ဖွဲ့ခွဲရုံးမှ ရဲအုပ်လူလှကယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

**ဗန်းမောက် ဇွန် ၂၅**

ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်တင်ရေး၊ အစားအသောက်ကြောင့် ရောဂါဖြစ်ပွားနိုင်သည့် ကျန်းမာရေး ဆိုးကျိုးများအား ကာကွယ်နိုင်ရေးစသည့် အသိပညာဗဟုသုတများ ရရှိစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ထိန်ဆုံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၂၃ ရက် နံနက် ၉နာရီက မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကာ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဟန်စိုးက စားပင်သီးပင်များ စိုက်ပျိုးမှုနည်းစနစ်နှင့် ပိုးသတ်ဆေးသုံးစွဲမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးမင်းဇော်ဦးက အစားအသောက်နှင့်ပတ်သက်၍ မစားသောက်သင့်သည့်အစားအစာများ၊ ဆောင်ရန် ရှောင်ရန်များနှင့် အချိုမှုန့်သုံးစွဲခြင်းကြောင့်ဖြစ်ပေါ်နိုင်သည့် ရောဂါများအကြောင်းကို လည်းကောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝါသီးနှံ GAP စနစ်ဖြင့်တစ်ဧက ပိဿာ၁၀၀၀ ကျော် ထွက်ရှိနိုင်ရန် တောင်သူများအား အသိပညာပေးဆွေးနွေး



**ညောင်ဦး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သစ်ထောင်အုပ်စုအတွင်းရှိ အထက်ညဥ့်ကျေးရွာ ဦးချို ပိုင်ဆိုင်သော(GAP)စနစ်ဖြင့် စိုက်ပျိုးထားသော ငွေချည်(၉)ဝါ တစ်ဧက စိုက်ကွက်သို့ ဇွန် ၂၃ ရက် နံနက် ၉နာရီတွင် ခရိုင်နှင့် မြို့နယ်စက်မှု သီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ဝါတစ်ဧက ပိဿာ ၁၀၀၀ ကျော်ထွက်ရှိရေးအတွက် တောင်သူများအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းပညာပေး ဆွေးနွေးပွဲကို ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးဌေးနိုင်က ဝါမျိုးကောင်းမျိုးသန့်ရရှိရေး စိုက်ပျိုးပြီးဖြစ်သော ဝါသီးနှံများကိုလည်း ပိုးမွှားအန္တရာယ်မှ ကင်းလွတ်ရန် စောင့်ရှောက်ရေး၊ တောင်သူနှင့် မြို့နယ်စိုက်ပျိုးရေး ပညာရှင်များ ရင်းနှီးမှုရရှိရေး စသည့်ဖြင့် ဆွေးနွေးပေးခဲ့သည်။ ဆက်လက်၍ မြို့နယ် စက်မှုသီးနှံစိုက်ပျိုးရေး ဒုတိယ ဦးစီးဌာနမှူး ဦးလှတင်မောင်က ဝါသီးနှံ တစ်ဧက ပိဿာ ၁၀၀၀ ကျော်ထွက်ရှိရေး ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ တက်ရောက်လာသော တောင်သူများက တစ်ဧက ပိဿာ ၁၀၀၀ ကျော်ထွက်ရှိရန် တာဝန်ယူပြီး ဈေးကွက်တည်ငြိမ်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

"ကျွန်တော်တို့ တောင်သူတွေက ဝါတစ်ဧက ပိဿာ ၁၀၀၀ ရအောင် လုပ်နိုင်ပါတယ်။ ဝါဈေးကွက် လျော့သွားရင် တောင်သူက အရှုံးပေါ်နိုင်တယ်။ ကျွန်တော်တို့ တောင်သူတွေက တစ်သီးဆိုမှ တစ်သီး အရှုံးမခံနိုင်ပါဘူး"ဟု သူကောင်းတည်ရွာသား ဦးဝင်းမောင်နှင့် အထက်ညဥ့်ကျေးရွာသား ဦးနေဒွန်းတို့က ပြောသည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ ညောင်ဦးခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးဌေးနိုင်နှင့် တာဝန်ရှိသူများ အထက်ညဥ့်ကျေးရွာ သစ်ထောင်ကျေးရွာသူကောင်းတည်ကျေးရွာ၊ အောက်ညဥ့်ကျေးရွာတို့မှ ဝါစိုက်တောင်သူ ၃၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

■

## ဆရာ၊ဆရာမများအနေဖြင့် နာသုံးနာဖြင့် သင်ကြားပေးရန်လိုအပ်

**ထန်တလန် ဇွန် ၂၅**

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားနိုင်ရေးအတွက် ဆရာ ဆရာများအနေဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာစသည့် နာသုံးနာအပြည့်ဖြင့် သင်ကြားပေးရန် လိုအပ်ကြောင်း ဇွန် ၂၁ ရက် နံနက် ၉ နာရီခွဲတွင် ထန်တလန်မြို့ အမှတ် ( ၁ ) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ကျောင်းသားမိဘများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မင်းက ပြောကြားခဲ့သည်။

ထို့ပြင် ကျောင်းအုပ်ဆရာကြီးက ကျောင်းသား မိဘများကလည်း ပူးပေါင်းပါဝင်ဖို့ အများကြီးလိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထန်တလန်မြို့နယ်သည် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အထိ သုံးနှစ်လုံးလုံး ချင်းပြည်နယ် ကိုးမြို့နယ်မှ အောင်ချက်ရာခိုင်နှုန်းအနည်းဆုံးဖြစ်ခဲ့ရာမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အောင်ချက်ရာခိုင်နှုန်း ၈ ဒသမ ၅၂ ဖြင့် ချင်းပြည်နယ် ကိုးမြို့နယ်မှ အဆင့်ခြောက်နေရာသို့ တိုးတက်ခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အောင်ချက်ရာခိုင်နှုန်း ၅ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် အောင်ချက် အနည်းဆုံးမြို့နယ်အဖြစ် ပြန်ရောက်သွားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကလေးတွင် စိန်တလုံး သရက်သီးဈေးကောင်း ရနေ၍ စိုက်ပျိုးသူများအဆင်ပြေ

**ကလေး ဇွန် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှထွက်ရှိသော ရာသီပေါ် သီးနှံများအနက် စိန်တလုံးသရက်သီးများမှာ ချင်းတောင်၊ တမူးဒေသများနှင့် ရိဒ်နယ်စပ်၊ တမူးနယ်စပ်များမှတစ်ဆင့် တစ်ဖက်နိုင်ငံ ပြည်နယ်များမှ ဝယ်ယူမှုများသည့်အတွက် ဈေးကွက်အတွင်း ဈေးကောင်းရကာ သရက်စိုက်ပျိုးသည့်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကလေးဒေသတွင် သရက်ခြံစိုက်ပျိုးသူ ၅၀ ဝန်းကျင်ရှိပြီး အနည်းဆုံး ၁၀ ဧကမှ ဧက ၅၀ ဝန်းကျင်အထိ စိုက်ပျိုးမှုရှိကြောင်း သရက်ခြံစိုက်ပျိုးသူ ဦးအုန်းမြင့်လေးက ပြောသည်။ ကလေးဒေသတွင်စိုက်ပျိုးသည့် သရက်ခြံများမှ စိန်တလုံးသရက်နှင့် ပတ္တမြားသရက်ကို အဓိကထားစိုက်ပျိုးကြပြီး သရက်ပင်စတင်စိုက်ပျိုးသည်မှ အပင်အသီးရရှိချိန် သုံးနှစ်သားအထိ အပင်တစ်ပင်ကို ၆၀၀၀ ကျပ်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

အပင်ငါးနှစ်သားရှိ သရက်ခြံ ၁၀ ဧကလျှင် သရက်အသီး ၁၃၀ ပါ သရက်သေတ္တာအလုံးပေါင်း ၁၈၀ ဝန်းကျင်ထွက်ရှိရာ သရက်တစ်သေတ္တာလျှင် ယခုရက်ပိုင်းရောင်းဈေး ၃၀၀၀၀ ကျပ်ဝန်းကျင် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့ သစ်သီးဈေးတန်းတွင် ကလေးဒေသထွက် စိန်တလုံးသရက်သီးလေးလုံးလျှင် ၁၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

**ပန်းသဇင်(ကလေး)**



## တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေများထုတ်ပေး

**ဝန်းသို ဇွန် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ ကျေးရွာအုပ်စု ၃၆ အုပ်ရှိ တောင်သူများအား ယခုနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်းပေါင်း ၄၂၀၀၀ ကျော်ကို ပြေကျေမှုအစဉ်လိုက်အတိုင်း ထုတ်ချေးသွားမည်ဖြစ်ကြောင်း မန်နေဂျာ ဒေါ်ကြည်ကြည်ဝင်းက ပြောသည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများအား မေ ၂၃ ရက်မှစတင်ကာ ပြေကျေစနစ်ဖြင့် ထုတ်ချေးခဲ့ရာ ဇွန် ၂၃ ရက်ထိ ကျေးရွာအုပ်စုပေါင်း ၁၈ အုပ်စု၊ အစုအဖွဲ့ပေါင်း ၁၁၂ ဖွဲ့၊ တောင်သူဦးရေ ၂၃၅၁ ဦး၊ မိုးစပါးစိုက်ဧကပေါင်း ၁၀၉၈၉ အတွက် ထုတ်ချေးငွေပေါင်း ၁၆၄၈၃၅၀၀၀ ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

**စိုင်းလှူမင်း(မီဒီယာ)**

## တံခွန်စိုက်ဆုဖလားရရှိသည့် စစ်တုရင်အသင်းအားဂုဏ်ပြု

**မုံရွာ ဇွန် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် စစ်တုရင်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် မုံရွာခရိုင်အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ မုံရွာခရိုင် စီမံခန့်ခွဲမှုကော်မတီရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဂုဏ်ပြုပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က ပြိုင်ပွဲဝင်များအနေဖြင့် ခရိုင်အဆင့်တင်မကဘဲ တိုင်းဒေသကြီးဂုဏ်၊ နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်မည့် လက်ရွေးစင်များဖြစ်အောင် ကြိုးစားကြရန် မှာကြားခဲ့ပြီး မုံရွာခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားကျပ်တစ်သိန်း ချီးမြှင့်ပေးအပ်ခဲ့ရာ အသင်းအုပ်ချုပ်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ စစ်တုရင်ပြိုင်ပွဲအား ဇွန် ၁၃ ရက်မှ ၁၆ ရက်ထိ ပြုလုပ်ခဲ့ရာ မုံရွာခရိုင်အသင်းက ရိုးရာအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆု၊ ရိုးရာ(တစ်ဦးချင်း) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆု၊ အငယ်တန်း (တစ်ဦးချင်း)ပြိုင်ပွဲတွင် ဒုတိယဆု၊ အငယ်တန်း၊ အသင်းအလိုက်ပြိုင်ပွဲတွင် ဒုတိယဆု၊ အကြီးတန်းအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆု၊ အကြီးတန်း (တစ်ဦးချင်း) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ အသီးသီး ရရှိခဲ့ကြသည့်အတွက် တံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၅**
နေပြည်တော် ပျဉ်းမနားမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲအခမ်းအနားကို ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ပူးပေါင်းမှုဖြင့် ဇွန် ၂၃ ရက် နံနက် ၉ နာရီက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်စန္ဒာအောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တိုးတိုးစိန်က အမျိုးသမီးများအတွက် ယဉ်ကျေးမှုဆိုင်ရာ အသိပညာပေးဟောပြောပြီး ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်သဥ္ဇာလှိုင်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရန် အသိပညာပေးဟောပြောသည်။ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာအောင်က ကျောင်းသန့်ရှင်းရေးတွင် အသုံးပြုရန်အတွက် သန့်ရှင်းရေးသုံးပစ္စည်းများအား ကျောင်းအုပ် ဆရာမကြီးထံ လှူဒါန်းပေးသည်။ **စိုးမိုး(ပြန်/ဆက်)**

## ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး စတင်ထည့်သွင်းထိုးနှံခြင်းအသိပေးဆွေးနွေး

**လားရှိုး ဇွန် ၂၅**
လားရှိုးမြို့ မြန်မာနိုင်ငံဆရာဝန်များအသင်းခန်းမ၌ ဇွန် ၂၄ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်အဆင့် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး (PCV) စတင်ထည့်သွင်းထိုးနှံခြင်း အသိပေးဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လားရှိုး ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထင်လင်းက ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး စတင်ထိုးနှံခြင်းလုပ်ငန်းအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး အထူးရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာဒယ်နီလင်းက ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး (PCV) စတင်ထည့်သွင်းထိုးနှံခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်သောကူညီမှုများအား (Projector) ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဆွေးနွေးပွဲအခမ်းအနားသို့ INGO,NGO များ၊ တွဲဖက်ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာဝန်များ၊ ပြင်ပလူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများက ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး (PCV) စတင်ထည့်သွင်းထိုးနှံခြင်းနှင့်ပတ်သက်၍ သိလိုသောအချက်များကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က ပြန်လည်ဖြေကြား ရှင်းလင်းခဲ့ပြီး ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဇူလိုင် ၄ ရက်တွင် စတင်ထိုးနှံသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

## မြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး



**ဝါးခယ်မ ဇွန် ၂၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဘဲချောင်းကျေးရွာအုပ်စုမှ ကျေးရွာနေပြည်သူများအား ကျေးရွာမြေငှားဂရန် ရရှိစေနိုင်ရေး ကွင်းဆင်းစစ်ဆေး၍ အ. ထ. က (၂) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်ပေးခြင်းကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က ကျေးရွာမြေငှားဂရန်ရရှိစေနိုင်ရေး ကွင်းဆင်းဆောင်ရွက်မှုကိုလည်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး ဦးဆောင်ပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသန်းရှိန်နှင့် ဝန်ထမ်းများက ကျေးရွာနေပြည်သူတို့နှင့် တွေ့ဆုံကာ ကျေးရွာမြေငှားဂရန် ပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်၊ မြေငှားဂရန်နှင့် ပတ်သက်သည့် သတ်မှတ်စံချိန်စံညွှန်းများ၊ ဂရန်လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ၊ မြေငှားဂရန် ရရှိလာပါက ကျေးရွာနေပြည်သူတို့အနေဖြင့် ခံစားရမည့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားပေးပြီး ဘဲချောင်းကျေးရွာအုပ်စုရှိ မြေငှားဂရန်လျှောက်ထားသော အိမ်ခြေ ၈၀ အနက်မှ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြည့်စုံသော အိမ်ခြေ ၅၁ စုအား ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာ စိစစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ ပေါင်းစပ်ကာ အ. ထ. က (၂) ကျောင်းရှိ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ဦးစီးအရာရှိ ဦးကျော်စိုးဝင်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့သည်။ **လွမ်းသီဟ(ဝါးခယ်မ)**

## မူးယစ်ဆေးဝါးအန္တရာယ်တာဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**နေပြည်တော် ဇွန် ၂၅**
ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွားအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား/ကျောင်းသူများအား နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မူးယစ်တပ်ဖွဲ့စု(၁၀၁)မှ ဒုတိယရဲမှူး အောင်ကိုနိုင်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်အကြောင်းကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်က စာပေဖတ်ရှုလျှင် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း အသီးသီးပြောကြားခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဥတ္တရခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသော မူးယစ်ဆေးဝါးဆိုင်ရာ သိမှတ်ဖွယ်ရာ နံရံကပ် စာစောင်များနှင့် သုတ၊ရသ စာအုပ်စာစောင်များကို စိတ်ဝင်တစားလေ့လာကြည့်ရှုကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများမှ "သတင်းစကား" မူးယစ်လက်ကမ်းစာစောင်များအား အခမဲ့ပေးဝေခဲ့ကြသည်။

**(ရွှေရဲရင့်)**

# ကြေးမုံမျိုးဆက်သစ်ရင်ပြင်

✍ ယောနကဘိုးထောင်

၂၀၁၆ ခုနှစ် ဇွန်လ ၁၉ ရက် တနင်္ဂနွေနေ့ ကြေးမုံနေ့စဉ်သတင်းစာကို မျှော်လင့်စောင့်စားနေမိပါတယ်။ ဘာကြောင့်လဲဆိုရင် ကြေးမုံအထူးကဏ္ဍ မျိုးဆက်သစ်ရင်ပြင်လူငယ်စာပေထူးထူးဆန်းဆန်းကြောင့်ပါ။ ကြေးမုံက ယနေ့လူငယ်တွေအတွက် ရေးကွက်တွေ ဖန်တီးအားဖြည့်ပေးလိုက်ပါပြီခင်ဗျား။

ကျွန်တော်တို့စာပေသာခုခေါ်ဆိုရင်းနဲ့ မျိုးဆက်သစ်ရင်ပြင် ပထမ စာမျက်နှာ လူငယ်ကဗျာမြင်ကွင်းဖြင့် တင်ဆက်ပါရစေ။ လူငယ်ကဗျာစာဆိုရှင် ထက်သော် Final part 2 M.B.B.S ဆေးတက္ကသိုလ်(၁) ရန်ကုန်ကို ရောင်စုံဓာတ်ပုံနှင့်မြင်တွေ့လိုက်ရပါတယ်။ စာဆိုရှင်ထက်သော် မျက်မှန်ကြီးနဲ့ဆိုတော့ စာဖတ်ဝေလွေ့အတော်ရင့်နေပုံပါ။ စာဆိုရှင်ထက်သော် ကဗျာခေါင်းစီးကလေးကတော့ "နေခြည်ဖြာမှ နွေးသောကြောင့်" ရှေးခေတ်စာဆိုရှင်ကြီးရဲ့ ကဗျာစကားပုံကို ထပ်ဆင့်သစ်ဆန်းထားပြန်ပါတယ်။ ဟိုတုန်းက ရုပ်ရှင်မင်းသားကြီးအောင် လွင်နဲ့ နွဲ့နွဲ့မူတို့ ရေခဲတောင်ပေါ်မှာ ရိုက်ကူးခဲ့တဲ့ "နေခြည်ဖြာမှ နွေးသောကြောင့်" ရုပ်ရှင်ဇာတ်ကားကို သတိရသွားပါတယ်။ ထက်သော် ကဗျာက အဖွဲ့အနွဲ့ ပုံစံဟာ ဂန္ထဝင်လေးလို စပ်ကဗျာဖြစ်ပါတယ်။ ကဗျာ အကြောင်းအရာကို သုံးပိုဒ်နဲ့ကာရန်ယူရေးထားပါတယ်။

* အိုဘယ့်ကလေး၊ အိမ်မှဝေး၍
ဆိုတေးသံသာ၊ ကဗျာစာကို
မငိုစေလို၊ ငါသီဆိုမည်
ကျောင်းကိုမကြောက်၊ စိတ်မကောက်ဘဲ
ရကောက်ရထားကြီး၊ ပျော်ပျော်စီးနှင့်
ကကြီးခခွေး၊ တွေးဖတ်ရေးမှ
ချေးသောဂလို၊ ငါပြုစုမည်
ငါသည်ဆရာဖြစ်သောကြောင့်တည်း။

* အိုဘယ့်ကလေး၊ ဆေးလိပ်လေးကို
ဘေးကိုလွှင့်ပစ်၊ ဆက်မချစ်နှင့်
စိတ်ဖြင့်ပစ်မှား၊ ရန်လိုပွား၍
သမားသခင်၊ ဆရာရှင်ကို
ငြိုငြင်စိတ်ယုတ်၊ မပြုလုပ်နှင့်
တုတ်ဖြင့်မချ၊ ငါဆုံးမသည်
ငါသည်ဆရာဖြစ်သောကြောင့်တည်း။

* ပင်စည်တစ်ခု၊ အမြစ်စုမှ
ကိုင်းထုကိုင်းလတ်၊ အသီးရွက်ဖတ်နှင့်
စိပ်စိပ်ဝေဆာ၊ အပင်သာအောင်
အညှာတစ်ခု၊ အရင်းပြု၍
ပြုစုပျိုးကာ၊ ပင်ထီးညှာကို
ပမာနှိုင်းဆ၊ အာစရိယဟု
ကမ္ဘာပထဝီ၊ သက်သေတည်အံ့
ထားသည့်စေတနာ၊ အနစ်နာနှင့်
ဝါသနာအား၊ စိုက်ပျိုးထား၍
များတပည့်တွင် အောင်ပွဲဝင်အောင်
အစဉ်ထာဝရ၊ ငါပြမည်
ငါသည် ဆရာဖြစ်သောကြောင့်တည်း။ ။

စာဆိုရှင်ထက်သော် - မူလတန်း အရွယ်ကလေး သူငယ်များကိုစာသင်စာပြသော ငါဆရာအဖြစ်စေတနာမေတ္တာ သစ္စာထား၍သင်ပြလမ်းညွှန်ပုံကို ကာရန်မိမိ စည်းကမ်းရှိစွာဖွဲ့နွဲ့ထားပါတယ်။ ကလေးသူငယ်တွေမကောင်းမှုရှောင် ကောင်းမှုဆောင်နိုင်အောင်ဆုံးမသွန်သင်တတ်သော ငါဆရာကောင်းဆရာမြတ်လို့ပြောလိုရင်းဖြစ်ပါတယ်။ နောက်ဆုံးမှာတော့ ငါဆရာ-အာစရိယတို့ရဲ့ လုပ်ငန်းတာဝန်ဝတ္တရားတွေကို အလင်္ကာမြောက် ဂုဏ်ရောင်တောက်အောင် ရေးသားသီးကုံးနိုင်ပါတယ်။ ငါဆရာဟာစေတနာ၊ အနစ်နာ၊ ဝါသနာတွေပေါင်းစပ်၍ မျိုးကောင်းမျိုးသန့်ရှင်သန်ဖွံ့ထွား အောင်ကြိုးစားမှုကို တွေ့ရပါတယ်။ ဆရာ့ဘဝဆရာ့အလှအားမာန်သစ်ကို ဖော်ပြထားပါတယ်။ ငါဆရာဟာ စိုက်ပျိုးရေးသမားတစ်ဦးလို ပေါင်းသင်ရေလောင်းသီးပွင့်ကောင်းအောင်တပည့်မောင်တို့ကိုမြေထောင် မြှောက်ပေးခဲ့ပါတယ်။ ဆရာတို့ရဲ့ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ကျေမှုတွေကို "နေခြည်ဖြာမှနွေးသောကြောင့် "ခေါင်းစဉ်အောက်မှာ ထင်သာမြင်သာကဗျာ အလင်္ကာနဲ့ပြဆိုထားပါတယ်။ ထက်သော်ရဲ့ကဗျာဟာ ကာရန်လည်းလှ ဆရာဘဝကို ပီပီပြင်ပြင်ရေးပြနိုင်သော ကဗျာလင်္ကာကောင်းတစ်ပုဒ်ဖြစ်ပါတယ် ခင်ဗျား။

လူငယ်ကဗျာ"စစ်ပြီးချိန်"ကိုရေးသားသီကုံးဖွဲ့နွဲ့သူကတော့ အိမ့်ရတနာမင်း 1st MB (UM1) ဖြစ်ပါတယ်။ ဆံပင်ဂုတ်ဝဲမျက်မှန်လေးနဲ့သွားတက်ကလေးတွေပေါ်အောင်အပြုံးကိုဆောင်ထားပါတယ်။ လူငယ်သမီးပျို အိမ့်ရတနာမင်းရဲ့ ကဗျာကလေးကိုခံစားကြည့်စမ်းပါဘိ။

* ရွှေမိုးရယ်ညို
လေချိုကပျံ့သွေး။
* ဒီချိန်ဆိုကျောင်းတွေဖွင့်ပြီးတဲ့
မောင်ငယ်စိတ်တွေး။
* ကျောင်းတက်ဖို့နေနေသာသာ
ဘယ်တော့ခါရွာကိုပြန်လို့
ခြံကျယ်မှာဆော့ကစားရမယ်
မသိနိုင်ပါ။
* မတတ်သာစိတ်မှာမျှော်ငေး။
* အတွေးသာခရီး အမြန်နှင်လို့
ပြန်ချင်ပြီ ဒီလိုညည်းလိုက်မယ်
(စစ်ဘေးရယ်--)
ပြီးပါတော့လေး။

စာဆိုရှင် အိမ့်ရတနာမင်းရဲ့စစ်ပြီးချိန်ကဗျာအဖွဲ့အနွဲ့က ဂန္ထဝင်လေးချိုးကဗျာကလေးဖြစ်ပါတယ်။ မြန်မာရနံ့သင်းပျံ့စေတဲ့ငြိမ်းချမ်းရေးတေးသံသာကလေးဖြစ်ပါတယ်။ အချိုးကာရန်သီပုံကောင်းသလို အသံချိုအကြောင်းအရာကောင်းတဲ့အဖွဲ့အနွဲ့ဖြစ်ပါတယ်။ ပထမအချိုးပိုဒ်ကလေးမှာ မိုးဦးလေဖြူးရာသီကိုလက်ပြည္ဆွန်းဆို လိုက်ပါတယ်။ မိုးစက်ကလေးတွေတဖွဲဖွဲ့နဲ့လေချိုသွေးရာသီကာလမှာ မောင်ငယ်လေးက ကျောင်းဖွင့်ရာသီအချိန်ရောက်ပြီလို့ စိတ်ကူးတွေးတောနေပါတော့တယ်။ ဒါပေမယ့် ဒုတိယအချိုးပိုဒ်မှာကျောင်းတက်ဖို့ထက် မိမိရွာလေးကိုပြန် ပြီးတော့ခြံကျယ်ကျယ်ထဲဆော့ကစားဖို့တောင် ဘယ်အချိန်ဘယ်ကာလအထိ မသိနိုင်သေးပါလို့ဆိုပါတယ်။

တတိယအချိုးပိုဒ်မှာတော့ အဲဒီလိုဖြစ်ရတာအဖြေကိုရှာ မျှော်ငေးတွေးတောနေမိပါတယ်။ နောက်ဆုံးပိတ်စတုတ္ထအချိုးပိုဒ်က ပဟေဠိ အဖြေပုစ္ဆာကိုသိမှတ်လိုက်ရပါပြီ။ ဒါကတော့ "အတွေးသာခရီးအမြန်နှင့်လို့ပြန်ချင်ပြီ ဒီလိုညည်း လိုက်မယ်(စစ်ဘေးရယ်--)ပြီးပါတော့လေး" လို့အခံအအုပ်အဖွင့်အပိတ်ကောင်းကောင်းလေးရေးဖွဲ့ထားပါတယ်။ ခေါင်းစီး"စစ်ပြီးချိန်"နဲ့လိုက်ဖက်သင့်တော် ရင်မောဖွယ်စံတော်ဝင်ကဗျာလေးပါ။ စာဆိုရှင်အိမ့်ရတနာမင်းရဲ့ ကဗျာလေးဟာတိုတိုနဲ့ဆိုလိုရင်းကိုထိမိရှတလှပါတယ်ခင်ဗျား။ ဆက်လက်ပြီး ကဗျာပန်းများပွင့်ဖူးဝေဆာနိုင်ပါစေ။

နောက်ထပ်လူငယ်ကဗျာက"မေတ္တာသည်သာဖြေဆေးပမာ"ခေတ်သစ်ဟန်လွတ်လပ်ကာရန်ကဗျာအဖွဲ့အနွဲ့ အသီအကုံးလေးပါ။ သက်ထက်မိုးဦး တက္ကသိုလ်ဝင်တန်းအောင် မရမ်းကုန်း ရန်ကုန်မြို့ ရုပ်ပုံလွှာဓာတ်ပုံမတွေ့ရပါဘူး။

**"မေတ္တာသည်သာဖြေဆေးပမာ"**

* လောဘမီးများလောင်ကျွမ်းနေသည်။
စွဲလမ်းခြင်းအားကောင်းနေသည်။
ဒေါသမုန်တိုင်းပြင်းထန်နေသည်။
အငြိုးတိုက်ပွဲ စတင်လေပြီ။
မောဟဆေးများမှိုဝဲနေသည်။
ငြိမ်းချမ်းမှုများပျောက်ဆုံးလေပြီ။
* အေးမြချမ်းသာ ခိုနားစရာ
အဘယ်မှာများ ရှာတွေ့မည်နည်း။
* ဟိုငေး ဒီငေး သည်အတွေးနှင့်
အားကိုးရာကို လှမ်းမျှော်မိရာ
ဖြေဆေးတစ်ခွက်ကို ရှာတွေ့လေ၏။
* ထိုဆေးမူကားအခြားမဟုတ်
စာတစ်စောင်သာဖြစ်၍နေ၏။
* ထိုစာမူကား ထင်ရှားမှုမရှိ
မေးမှိန်လျက်သာရှိ၍နေ၏။
* ထိုစာမြင်က ကျွန်ုပ်စိတ်တွင်
လွန်စွာပျော်၍ လိုအပ်မှုကို ရှာတွေ့ခဲ့၏။
* ထိုစာကိုသာ နှုတ်မှတွင်တွင်အော်ဟစ်မြည်၍
ဘဝခရီးကို လျှောက်လှမ်းခဲ့၏။
* ကျွန်ုပ်ချစ်သော မိတ်ဆွေများလည်း
စိတ်ဓာတ်ခွန်အားရစေလို့ငှာ
မျှဝေပေးမည် နားထောင်ကြလော့။
* လောဘမီးများ ဝေးစေ ဝေးစေ
ဒေါသမီးများ ဝေးစေ ဝေးစေ
မောဟမီးများ ဝေးစေ ဝေးစေ
မေတ္တာရေဖြင့် ငြိမ်းနိုင်စေသတည်း။ ။

စာဆိုရှင် သက်ထက်မိုးဦးရဲ့ "မေတ္တာရေ" ကဗျာလေးဟာတောက်ပဝင်းလက်တဲ့ အလင်္ကာစကားလုံးတွေနဲ့ ဖွဲ့စည်းထုဆစ်ထားတာကို တွေ့ရပါတယ်။ မေတ္တာရေစင်ရှာပုံတော်အဖွင့် "လောဘမီး၊ ဒေါသမုန်တိုင်း၊ အငြိုးတိုက်ပွဲ၊ မောဟဆေး"တွေနဲ့ရင်ဆိုင်တွေ့ကြုံနေရပါတယ်။ အေးမြချမ်းသာတဲ့ ငြိမ်းချမ်းမှုတရား ပျောက်ဆုံးနေတာကို အဖြေရှာထားပါတယ်။ အဖြေတွေက ဝေဝေဝါးဝါးထင်သာမြင်သာမရှိလှပါ။ စာဆိုရှင် ထက်သက် မိုးဦး "မီးများပိုင်းရံ မုန်တိုင်းထန်"နေမှု ဖြေဆေးတစ်ခွက်ကို ရှာဖွေတွေ့ရှိသွားပါတယ်။ စာအုပ်စာပေ လူ့မိတ်ဆွေထဲက သိရမှတ်ရကြားရ မြင်ရခြင်းဖြစ်ပါတယ်။ အလိမ္မာ စာမှာရှိနေတာကြောင့် သိမှတ်နားလည်ရခြင်း ဖြစ်ပါတယ်။ စာပေမြင့်မှ လူမျိုးတင့်တယ်နိုင်ကြောင်းကို မှတ်သားနာယူမိပါတယ်။ "မေတ္တာသည်သာ ဖြေဆေးပမာ" ကဗျာနိဂုံးတွင် စာဆိုအာဘော်မှာ "ကျွန်ုပ်ချစ်သော မိတ်ဆွေများလည်း၊ စိတ်ဓာတ်ခွန်အားရစေလို့ငှာ၊ မျှဝေပေးမည် နားထောင်ကြလော့၊ လောဘမီးများ ဝေးစေ ဝေးစေ၊ ဒေါသမီးများ ဝေးစေ ဝေးစေ၊ မောဟမီး များ ဝေးစေဝေးစေ၊ မေတ္တာရေဖြင့် ငြိမ်းနိုင်စေသတည်း"လို့ ဆိုထားပါတယ်။ မေတ္တာရေနှင့် သစ္စာရေဟာ လောကလူ့ရွာကြီးအတွက် ငြိမ်းချမ်းမှုအေးမြချမ်းသာကို ရယူပိုင်ဆိုင်နိုင်ပါကြောင်း မှတ်ကျောက်တင်ထားပါတယ်။ စာဆိုလူငယ်သက်ထက်မိုးဦးရဲ့ ဝေါဟာရစကားလုံးတောက်တောက်ပတွေနဲ့ စိန်ရောင်မြရောင်ချယ်ထားတဲ့ ကဗျာကောင်းလေးဖြစ်ပါတယ်ခင်ဗျား။

လူငယ်ကဗျာ အပိတ်စာမျက်နှာမှာ "ပိုင်ဆိုင်မှု" ကဗျာကိုတော့ စာဆိုရွှေမိုး (စိုက်/မွေး) အထကစိုက် မွေး(၁)က သီကုံးဖွဲ့နွဲ့ထားပါတယ်။ ရွှေမိုး(စိုက်/မွေး)ရဲ့ တည်တည်ခန့်ခန့်ရောင်စုံဓာတ်ပုံကလေးကိုလည်း ရှင်ကြည်စွာတွေ့လိုက်ရပါတယ်။

**ပိုင်ဆိုင်မှု**

* ငါသာ လေတိုက်တိုင်းလွင့်နေမယ့်
သစ်ရွက်ခြောက်သာဆိုရင်
ခု ဒီမှာရှိနေမှာမဟုတ်ဘူး။
* မှိုင်းပျပျတောင်တန်းကြီးလည်း
အဝေးမှာကျန်ခဲ့ပြီ။
* စိမ်းလန်းတဲ့ တောအုပ်ကြီးလည်း
တဖြည်းဖြည်း ကွယ်ပျောက်သွားပြီ။
* မျက်စိတစ်မှိတ်အတွင်းမှာ
ပြောင်းလဲမှုက
အရမ်းကို မြန်ဆန်လွန်းတယ်။
သတိရတိုင်းထုတ်ကြည့်မိတဲ့
စာလေးတစ်စောင်ပဲရှိတော့တယ်။
ဒါပဲလေ ငါရဲ့ပိုင်ဆိုင်မှု။

စာဆိုရှင်ရွှေမိုး(စိုက်/မွေး) ရဲ့ ပိုင်ဆိုင်မှုကဗျာလေးဟာ ကဗျာသစ်လွတ်လပ်ကာရန်သုံးထားပါတယ်။ အသံဩဇာကိုထည့်ထားလိုက် အားသစ်မာန်ဝင့်နိုင်စေပါတယ်။ မိမိကိုယ်ကို ဝေဖန်ဆန်းစစ်ချက်စစ်တမ်းထုတ်ထားတဲ့ ကဗျာလေးပါ။ လေတိုက်တိုင်းကြွေလွင့်တဲ့ သစ်ရွက်ခြောက်ဆိုရင် ဒီလိုအောင်မြင်မှုကို မရယူနိုင်ဘူး။ ဒါတွေက ဟိုအဝေးမှိုင်းပျပျတောင်တန်းမျာ ထားရစ်ခဲ့ပြီ။ စိမ်းလန်းတောအုပ်ကြီးကလည်း တဖြည်းဖြည်း ပျောက်ဆုံးကျေမွသွားပြီ။ မျက်စိတစ်မှိတ်အတွင်းမှာ ပြောင်းလဲမှုဖြစ်စဉ်တွေက လျှပ်စီးလက်သလို မြန်ဆန်သွားခဲ့ပါတယ်။ ဒါပေမယ့်မိမိရဲ့သမိုင်း မိမိရေးရမှာမို့ မိမိပိုင်ဆိုင်မှုဟာ ခနအသပြာမဟုတ်ဘူး။ ပညာအသိဉာဏ် စာပေစာစောင်သာဖြစ်တယ်လို့ ကောက်ချက်ချထားပါတယ်။ စာဆိုရှင်ရွှေမိုး(စိုက်/မွေး)ရဲ့ ဒဿနဆန်ဆန် ကဗျာကောင်းလေးဖြစ်ပါတယ်။

ဒီတစ်ပတ်မှာ လူငယ်ဆောင်းပါး "ဆရာဝန်လားအင်ဂျင်နီယာလား" ခေါင်းစီးနဲ့ သီရိထွန်းBE(EC) နည်းပညာတက္ကသိုလ်ကျောက်ဆည်ရဲ့ ရေးသားပုံဖော်မှုကို အဖွင့်စာမျက်နှာ ဖတ်ရှုရပါတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ရင် ဘာလုပ်မလဲ။ ၁၀ တန်းအောင်ရင်ဘာလုပ်မလဲ။ ၁၀ တန်းအောင်စာရင်းထွက်ပြီး တက္ကသိုလ်ရွေးရမယ် မောင်လေး၊ ညီမလေးတွေကိုပေးချင်တဲ့ အကြောင်းရာကောင်းလေးတစ်ခုပါ။ ဒီနေ့ခေတ်ပညာရေးလိုအပ်ချက်ကို မောင်လေး၊ ညီမလေးတွေကို အမှားအမှန်ခွဲခြားနိုင်ဖို့ အသိပေးထားတဲ့ ဆောင်းပါး လေးပါ။ သီရိထွန်းက ဘဝနဲ့ရင်းပြီး သိလာတဲ့ နောင်အသိတရားမှန်များကို ရင့်ဖွင့်ထားပါတယ်။ သီရိထွန်းရဲ့ ဘဝအိပ်မက်အစဟာ ဆရာဝန်ပါပဲရှင်လို့ ဆိုပါတယ်။ ဒါပေမယ့် မှန်းချက်နဲ့ နှမ်းထွက်မကိုက်ညီခဲ့ပါဘူး။ ဆရာဝန်အိပ်မက်ကိုရိုက်ချိုးခံလိုက်ရပါတယ်။ သီရိထွန်းအမှတ်ဆေးတက္ကသိုလ် မမီခဲ့ပါဘူး။

ပတ်ဝန်းကျင်ရိုက်ခတ်မှုကြောင့် စိတ်ဓာတ်ကျခဲ့ရတယ်။ သီရိထွန်းမိဘတွေက ဆရာဝန်မဖြစ်ရင် ရိုးရိုးမေဂျာစီးပွားရေးပညာရပ်ကို သင်ယူစေချင်ခဲ့ပါတယ်။ ဒါပေမယ့်ဆိုဒါပေမယ့်ပေါ့။ သီရိထွန်းဆရာဝန်မဖြစ်ရင်၊ အင်ဂျင်နီယာဖြစ်ရမယ်ဆိုတဲ့ ပန်းတိုင်အပြောင်းအလဲလုပ်ခဲ့ပါတယ်။ မိမိဝါသနာပါရာကို မတွေး၊ မရွေးခဲ့ပါ။ နည်းပညာတက္ကသိုလ်မှာ "တစ်နှစ်တစ်တန်းအောင်ရေး ဒို့အရေး။ BE ဘွဲ့ရရေး ဒို့အရေး။" ဒို့အရေးတွေနဲ့ သီရိထွန်းဝါသနာကိုကွဲကွဲပြားပြားခြားခြားနားနား မသိတဲ့ အဖြစ်ပါလို့ ဝန်ခံထားပါတယ်။ သူမရဲ့ ဒုတိယအိပ်မက်အင်ဂျင်နီယာ BE ဘွဲ့ကြီးရခဲ့ပါပြီခင်ဗျား။ လက်တွေ့စာတွေ့မပျော်မွေ့ခဲ့တော့ပါဘူး။ အံမဝင် ခွင်မကျတဲ့ဘဝမှာ သီရိထွန်းအကြိမ်ကြိမ်မတွေးဘဲ အဖြေရခဲ့ပါတယ်။ ဆယ်တန်းအောင်ခဲ့တုန်းက ဆရာဝန်မှ မဖြစ်ရင် အင်ဂျင်နီယာလုပ်မယ်ဆိုတဲ့ အတွေးအိပ်မက်ဆိုးပါပဲ။ ဒါပေမယ့် သီရိထွန်းအမှားကိုပြင်အမှန်မြင်တဲ့အခါ ရဲရဲဝံ့ဝံ့ မပျော်တဲ့အလုပ်က ထွက်လိုက်တယ်။ မိဘတွေ အလုပ်ကူရင်း ဝါသနာပါပြီး သူမဘွဲ့နဲ့လုံးဝမသက်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းခွင်မှာ ပျော်ရွှင်ချမ်းမြေ့ခဲ့ပါတယ်။ အခုက ပန်းတိုင်ရည်မှန်းချက်က စီးပွားရေးလုပ်ငန်းရှင်ကြီးဘဝပန်းတိုင်ပါ။

သီရိထွန်းလူငယ်ဆောင်းပါးကလေးက သုတရသဆောင်းပါးကောင်းလေးပါ။ သူမပြောလိုပြလို သိလိုစေတဲ့အကြောင်းအရာ နိဂုံးချုပ်ကလေးမှာ "နောင်တဆန်တဲ့အတွေးနဲ့အတူ အသိတရားလေးလည်း ရခဲ့ပါတယ်။ မောင်လေးညီမလေးတွေကိုလည်း ကိုယ်တိုင်ရခဲ့တဲ့ အသိလေးကို မျှဝေပေးချင်ပါတယ်။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ ဖြစ်ဖို့ထက် ကိုယ်ဝါသနာပါတာတွေကို ရွေးချယ်တတ်ဖို့ပါ။ ပတ်ဝန်းကျင်ကို မတွေးပါနဲ့။ ကိုယ်ဖြစ်ချင်တာ ဝါသနာပါတာကိုသာ စဉ်းစားပါ။ ကိုယ်ဝါသနာပါတာတွေ ရွေးချယ်နိုင်မှလည်း ပျော်ရွှင် ရမှာပါ။ ဒါကြောင့် မောင်လေး၊ ညီမလေးတွေလည်း အခုဆယ်တန်းအောင်စာရင်းတွေ ထွက်ပြီး အမှတ်တွေရခဲ့ရင် အမြင့်ဆုံးဆိုတာတွေကိုပဲ မက်မောမနေဘဲ ကိုယ်ဝါသနာပါတာကို ရွေးချယ်ပြီး ပျော်ရွှင်နိုင်ကြပါစေ"လို့ ဆုမွန်ကောင်းတောင်းထားပါတယ်။ သီရိထွန်းရဲ့ ဆရာဝန်လား၊ အင်ဂျင်နီယာလား လူငယ်ဆောင်းပါးလေးဟာ သုတရသပေးထားနိုင်ပါတယ်ခင်ဗျား။

လူငယ်ဆောင်းပါးအပိတ်ဆောင်းပါးလေးက "ပလက်ဖောင်ပေါ်မှ မျှော်လင့်ချက်များ" ဟန်သီ (Archi) B Arch (Architecture) နည်းပညာတက္ကသိုလ်(မှော်ဘီ) ရေးသားချက်ကို ဓာတ်ပုံရွှေရုပ်လွှာနဲ့ မပြုံးတုံ့တုံ့ တုံ့တုံ့ မျက်နှာလေးဖြင့် တွေးသိဖတ်ရှုရပါတယ်ခင်ဗျား။

ဟန်သီရဲ့ လူငယ်ဆောင်းပါးအစနိဒါန်းမှာ လူ့လောကသို့ စတင်ဝင်ရောက်လာသော အချိန်မှစ၍ ကျွန်မဘဝကံဆိုးမှုတွေနဲ့ ရင်ဆိုင်ရတယ်လို့ ဆိုပါတယ်။ မြူတစ်မှုန်လောက်ပင် ပျော်ရွှင်မှု မရှိခဲ့ဘူးလို့ ဆိုပါတယ်။ အမိ အဖတို့ ဆိုးခဲ့ပုံက ခပ်ဆန်းလေးပါ။ မွေးမွေးချင်း မိခင်ကြီးဆုံးပါးခဲ့ပါတယ်။ လူအများက ဒီကလေးဂြိုဟ်မွှေကောင်မလို့ဆိုကြတယ်။ ငါးနှစ်သမီးဘဝမှာ ဖခင်ကြီး ကားတိုက်ဆုံးပါးခဲ့ပါတယ်။ မိမရှိ ဖမရှိ ဂြိုဟ်ကောင်ကျွန်မအကြောင်းကို ရင်ဖွင့် တိုင်တည်သံပါ။ မိဘမဲ့ ဘဝနဲ့ ဦးလေးအိမ်မှာ ခိုနားခွင့်ရခဲ့ပါတယ်။ ဦးလေးဖြစ်သူ ကြည်ဖြူပေမယ့် အဒေါ် လုပ်သူကတော့ ဂြိုလ်ကောင်မဝင်လာတယ်လို့မြင်တယ်။ ထင်ပါတယ်။ ငယ်ဘဝမှာ ကလေးထိန်းအလုပ်ကိုရပါတယ်။ ကလေးငိုတိုင်း အရိုက်ခံရတဲ့ဒဏ်ချက်တင်မကဘဲ ညစာထမင်းကိုပင် မကျွေးပါဘူးလို့ ဆိုပါတယ်။

သူနဲ့အတူ ဦးလေးထံမှာ သမီးနှစ်ယောက်ရှိပါတယ်။ တစ်ယောက်က သူမထိန်းပေးနေရတဲ့ကလေး။ သူနဲ့အရွယ်တူ ဘဲဥမက အဖြူအစိမ်းလေးဝတ်လို့ နေ့တိုင်းကျောင်းတက်စာသင်ရပါတယ်။ ဂြိုဟ်မလေး မိစံပယ်ကျောင်းတက်ချင်ပေမယ့် ဘိန်းမုန့်ရောင်းရရှာပါတယ်။ အိမ်ရောက်တော့ မိစံပယ်ကျောင်းနေချင်ကြောင်း ဖွင့်ပြောပါတယ်။

"အန်တီ. . . သမီးကျောင်းတက်ချင်တယ်"

"ဘာ. . . နင့်မိဘတွေက ဘယ်နှပြားရှာပေးခဲ့လို့ နင်က ကျောင်းတက်ချင်တာလဲ. . ဟင်. . . ။ နင်ကို ထမင်းကျွေးထားတာ ကံကောင်း. . . ။ မဖြစ်နိုင်တာတွေလာမတောင်းနဲ့ . . . ။ သွား. . . ကလေးထိန်း"

"ဟုတ်"

ဘိန်းမုန့်ရောင်းတဲ့ဂြိုဟ်မ မိစံပယ် မနက်ဖြန်စာသင်ကျောင်းဘက် မသွားတော့ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ ဒီနေ့မနက် ဘူတာရုံဘက်ကို ထွက်လာခဲ့တယ်။ အခုကဘိန်းမုန့်များရောင်းကုန်ဖို့က ပဓာနကျပါတယ်။ ဘူတာရုံတစ်နေရာမြင်ကွင်းအလှက သစ်လွင်နုပျိုရွှင်လန်းစွာ ကြိုဆိုနေတယ်။ ရွယ်တူ ဈေးရောင်းနေတဲ့သူတွေကို ဆရာမလေးက စာသင်ပေးနေပါတယ်။

"သမီးလေး စာသင်ချင်လို့လား"

မိစံပယ် ဝမ်းသာအားရစကားမပြန်နိုင်ဘဲ ခေါင်းညိတ်လိုက်မိတယ်။

"လာခဲ့လေ သမီးရဲ့ ဈေးဝယ်သူလာရင် ထရောင်းနော်. . . ။ လာခဲ့. . . ဝင်ထိုင်"

ပလက်ဖောင်းပေါ်မှ စာသင်ဝိုင်းကလေးကို ဂုဏ်ပြုရေးသားထားချက်ကလေးက ထိထိမိမိရှိပါတယ်။ ဟန်သီလူငယ်ဆောင်းပါးကလေးမှာ ပညာသင်အရွယ်ကလေးငယ်များကို အတတ်ပညာ၊ အသိပညာ "ပညာဆည်းပူးပန်းသို့ခူး" နိုင်ရန် ဘဝအားမာန်ပြ ပစ်တိုင်းထောင်မလေး မိစံပယ် ကျွန်မဘဝပါရှင်လို့ ဆိုညွှန်းထားပါတယ်။ . . . .

**စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှ
အတွေးနက်စေတဲ့ သုတရသဆောင်းပါးလေးပါ ခင်ဗျား။

ကြေးမုံမျိုးဆက်သစ်ရင်ပြင်မှာ လူငယ်အတွေးအမြင်ကလေးတွေကလည်း လတ်ဆတ်သန့်စင်လန်းဆန်း လျက်ရှိနေပါတယ်။ No Va B.C.Sc(Hons)Q ရန်ကုန်တက္ကသိုလ်ရဲ့ "ဘယ်ကဲ့သို့အရာ . . ."ကို ခါတ်ပုံ လှလှပြုံးမြမြနဲ့ တွေ့မြင်ရပါတယ်။ အတွေးအမြင်အစမှာ . . .

- ❋ ဘယ်ကဲ့သို့သောအရာက အမှန်တကယ်ချစ်ခြင်းလဲ။
- ❋ ဘယ်ကဲ့သို့သောအရာက အမှန်တကယ်အောင်မြင်ခြင်းလဲ။
- ❋ ဘယ်ကဲ့သို့သောအရာက အမှန်တကယ်ပြည့်စုံခြင်း လဲ။

No Va ရဲ့ အတွေးလှလှ ဒဿနဆန်ဆန် ဘဝဖွင့်ဆိုချက်တွေကို တွေ့မြင်ရပါတယ်။ မိန်းကလေးဘဝ အိမ်ရှင်မ၊ ချစ်သူမိန်းကလေးရဲ့ ဘဝအမြင်ဖြစ်စဉ် ဖြစ်ရပ်တွေနဲ့ ယှက်နွယ်အကွက်ဆင် တင်ပြထားပါတယ်။ "ချစ်ခြင်း၊ အောင်မြင်ခြင်း၊ ပြည့်စုံခြင်း" တွေရဲ့အောင်ပွဲရလဒ်တွေကို ညီမျှခြင်းထိုးရေးသားပြပြီးတော့နိဂုံးချုပ်ကလေးက သေသပ်လှပနေပါတော့တယ်ခင်ဗျား။

"တကယ်တော့ . . .

နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာပြီး အပြုံးကိုယ်စီ ဆင်နေနိုင်တဲ့ဘဝမျိုးကသာ အောင်မြင်တဲ့ဘဝမျိုးပါ။ ထို့ကြောင့် မိန်းကလေးဖြစ်ဖြစ်၊ ယောကျ်ားလေးဖြစ်ဖြစ်၊ အိမ်ထောင်သည်ဖြစ်ဖြစ်၊ တစ်ကိုယ်တည်းဖြစ်ဖြစ် မည်သူ ပင်ဖြစ်စေ ကိုယ်နေချင်တဲ့ဘဝပုံစံမှာ စိတ်ချမ်းချမ်းသာသာနေရရင်၊ ကိုယ့်ဘဝအခြေအနေကို ကိုယ်တိုင်ကျေနပ်ပြီး ပျော်ရွှင်မှုရှိရင် ဒါဟာအမှန်တကယ်ပြည့်စုံခြင်းပါ။"လို့ No Va က အတွေးအမြင် စူးရှရှလေးပြောပြ ထားပါတယ်။ ဘယ်ကဲ့သို့သောအရာဖြစ်ပါစေ No Va အတွေးအရေး အမြင်နဲ့ အတူတူဖြစ်နေပါတယ်ခင်ဗျား။

နောက်တစ်ပုဒ်လူငယ်အတွေးအမြင်ကလေးက "သဲနာရီတမာပင်" ခေါင်းစီးတပ်ထားတဲ့ လင်းစိမ်း (အင်္ဂလိပ်စာ တတိယနှစ်)တွေးမြင်အလှဖြစ်ပါတယ်။ တမာပင်၊ သနပ်ခါးတော၊ ရှား၊ ထနောင်း၊ မန်ကျည်းပင်၊ ထန်းပင်ရှည်တွေသာမြင်ရပြီး ရုပ်မမြင်အသံကြားနေရတဲ့ အတွေးအမြင်ဆန်းကလေးဟာ ရေးချက်ပိုင်နိုင်ပါတယ်။ ခါတ်ပုံရုပ်လွှာ မမြင်ရတာကြောင့် လင်းစိမ်းကို အဖြူအမဲခါတ်ပုံလေးလား၊ ရောင်စုံခါတ်ပုံ လေလား၊ မသိရ မမြင်ရ ဒဿနစာသားလေးဟာ ဖတ်သူကို ဆွဲခေါ်သွားနိုင်ပါတယ်။ တမာပင်လေးခြောက်ပေအရွယ် ဆယ်ကျော်သက် ကျွန်တော်၊ ကျွန်ုပ်အလုပ်ရှုပ်ခဲ့ရပါတော့တယ်။

"ဤသို့နှင့် ကျွန်ုပ်သည် အိပ်ရာထသည်ဆိုလျှင် ကမ္ဘာကြည့်ကြည့်မြင်ရန် သနပ်ခါးခင်းထဲသို့ ဝင်၏။ ထို့နောက် ရှူး. . . ရှူး. . . . ရှူးနှင့် (အဟဲ. . . လေရှူခြင်းကိုဆိုလို၏။) အသောအရွှန်းကလေးတွေနဲ့ တမာပင်မှသည် သဲနာရီသို့ အတွေးအရေးထိထိ အမြင်သန်သန်ရေးထားပြန်ပါတယ်။ သစ်ပင်မျိုးရင်းတင်မကဘဲ ငှက်မျိုးစိတ်၊ ချိုး၊ ဆက်ရက်၊ စာကလေးများကိုပင် ဇာတ်ကွက်ဝင်အောင် ထည့်ရေးထားပါတယ်။ လင်းစိမ်းသဲနာရီ တမာပင်ကို ခံစားကြည့်ကြပါစို့။

"ကျွန်တော့်အခန်းမှ ကြည့်လျှင်လည်း တမာပင်လေးသည် သဲနာရီအသွင် သဏ္ဌာန်ပေါ်သည်။ ညနေချိန်များဆိုလျှင် ရီဝေဝေလွမ်းမောဖွယ်ပင်။ အညာဒေသ၏အလှ။ တမာတို့ဝေစည်ရာဒေသ။ ထိုအထဲမှာမှ ကျွန်တော်၏ သဲနာရီတမာပင်လေး။ သူ၏နောက်ဘက်မလှမ်းမကမ်းတွင် ရှား၊ ထနောင်းနှင့် မန်ကျည်းပင်ကြီးများ။ ပြီးလျှင် လယ်ကန်သင်းနှင့် ဘောက်ပင်ချုံနွယ်များ။ ဟိုနေရာစုစု ဒီနေရာစုစု ပြီးလျှင်တော့ ဟိုးမိုးကုတ် စက်ဝိုင်းဆီမှာနေဝန်းနီ။ . . . လွမ်းမောဖွယ်။ ခံစားတတ်သူအဖို့ကြည်နူးဖွယ်။ မခံစားတတ်သူတို့အတွက် ပူအိုက်ဖွယ်။ အိုး. . . အညာ။ သင့်အားမည်သူတို့ မည်သို့ပင်ပြောပြော သင်သည် ကျွန်ုပ်အတွက်ဥကား အလှဘုရင်မလေးတစ်ပါးအလား ဆွဲဆောင်မှုရှိတော့၏။ အိုး. . . စွဲမက်ဖွယ်အညာတမာ၊ စွဲလမ်းဖွယ်သဲနာရီ" တဲ့ လင်းစိမ်းရဲ့အတွေး အမြင်လေး တစ်ခုဖြစ်ပါတယ်။

လူငယ်စာညွှန်းကလေးဆီသို့ ခရီးဆက်ကြပါမယ်။ မင်းဘာလူမျိုးလဲ နွယ်နေခြည်ထွန်း B.C.Sc (UCSY) ကွန်ပျူတာတက္ကသိုလ် ရန်ကုန်ရဲ့ အရေးအတွေးစာညွှန်းဖြစ်ပါတယ်။ နွယ်နေခြည်ထွန်းစာညွှန်းက လူမှုကွန်ရက်ကို မိသားစုသဖွယ် ခင်တွယ်တတ်တဲ့ ခံစားမှုရသတွေကို တင်ပြထားပါတယ်။ ခေါင်းစဉ်ကလေးကို အမေးနဲ့စတင်ဖွင့်ဆိုပြီး အမျိုးသမီးမော်ဒယ်လ်တစ်ယောက် မြန်မာဝတ်စုံကို အရှက်မဲ့စွာ ဝတ်ဆင်ထားတာလေးကို ဖော်ညွှန်းချင်တယ်။ "အဆင်မတတ်လျှင် ဆန်းလျက်နဲ့မလှ"ဆိုကြပါတယ်။ မြန်မာဝတ်စုံဟာ မြန်မာတို့ရဲ့ ယဉ်ကျေးမှုအမျိုးသားအမှတ်တံဆိပ်ဖြစ်ပါတယ်။ ကမ္ဘာမှာ မြန်မာလို့ ပြသနိုင်အောင် ဝတ်စားဆင်ယင်မှုက အရေးပါတယ်။

မြန်မာ့ဘဝမြန်မာအလှဟာ သူ့ဓလေ့သူ့စရိုက်သူ့ အသွင်အပြင်နဲ့ရှိနေပြီးသားပါ။ အယဉ်ဟာ အရိုင်းမဖြစ်စေဖို့၊ ဘဝမှာ အလှမပျက်စေဖို့၊ ပြင်လွန်းလျှင် အလှပျက်သွားတတ်ပုံကို သက်သေသာဓကတွေနဲ့ စာညွှန်းထားပါတယ်။ နွယ်နေခြည်ထွန်းရဲ့ စာညွှန်း "မင်းဘာလူမျိုးလဲ" အမေးကို အဖြေကလေးနဲ့ ကြည့်ရှုနိုင်ပါတယ်။

"ကျွန်မတို့ပေးထားတဲ့ဂုဏ်ပုဒ်တွေ၊ တန်ဖိုးထားမှုတွေဟာ နောင်အနာဂတ်မှာ ကြီးပြင်းလာကြမယ့် ကလေးတွေအတွက် ပစ်စလက်ခတ်ပေ့ါ။ ပေ့ါပျက်ပျက်ဝတ်တတ်သွားမှာမျိုးကို တကယ်မလိုလားဘူး။ မြန်မာပြည်မှာနေပြီး မြန်မာဝတ်စုံကို ဂုဏ်ယူမဆုံးတပြုံးပြုံးဝတ်ဆင်နေတတ်တဲ့ အမျိုးကောင်းသမီးတွေပဲဖြစ်စေချင်ပါတယ်။ ဒါ ကျွန်မရဲ့ဆန္ဒသက်သက်ပါ။ ယနေ့ခေတ်ဟာ မြန်မာအင်္ကျီနဲ့ထဘီဝတ်တာနဲ့ ပုံတုံးဘဝရောက်သွားတာမျိုး မဟုတ်ပါဘူး။ သောင်းချီပေးပြီးဝယ်ထားတဲ့ အကောင်းစားရယ်ဒီ မိတ်တွေထက် ပွဲတိုးစေပါတယ်။ အရိုးဆုံးဟာ အဆန်းဆုံးဆိုတဲ့ စကားကို ကြားဖူးကြမှာပေ့ါ။ ရိုးတယ်ထင်ပြီး ပေါက်ကရလျှောက်လုပ်နေမယ်ဆိုရင်တော့ ကိုယ့်လူမျိုးတွေသာ အရှက်ရကြပါလိမ့်မယ်။ ဒါကြောင့် မြန်မာနဲ့သက်ဆိုင်တဲ့ တစ်ခုခုကိုလုပ်တော့မယ်ဆိုရင် ကိုယ်ဘာလူမျိုးလဲဆိုတာ သေချာစဉ်းစားပြီးကိုယ့်လူမျိုးအတွက် ဂုဏ်မြင့်တင်ပေးနိုင်တာမျိုးကို စဉ်းစားပြီး လုပ်ဆောင်ပေးနိုင်ကြပါစေ. . ."လို့ နွယ်နေခြည်ထွန်းက စာညွှန်းနဲ့လမ်းပြသင်ယူထားနိုင်ပါတယ်။ လူငယ် စာညွှန်း မြန်မာဝတ်စုံအကြောင်းအရာလေးဖြစ်ပါတယ်ခင်ဗျား။

လူငယ်ကာတွန်းကို နောင်ကြီးအင်္ဂလိပ်(တတိယနှစ်)ရဲ့ ခါတ်ပုံရောင်စုံနဲ့ အဆင့်မြင့်မြင့်တွေ့ရပါတယ်။ သူငယ်ချင်းလူငယ်နှစ်ဦးလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်တယ်။ သတင်းစာဖတ်ရင်းနှစ်ဦးသားပြိုင်တူစိတ်ကူးပုံတူစကားလုံးကာတွန်းဖြစ်ပါတယ်။ ကာတွန်းဆွဲချက်က လက်ရာမြောက်ပါတယ်။ လူငယ်သူငယ်ချင်းနှစ်ဦးစိတ်ကူးစာသားထဲမှာ "အင်း 4G နဲ့သာဆိုရင်ပိုပြီး မြန်မြန်ဆန်ဆန်ဆဲကုန်ကြတော့မှာပါ" လို့ စိတ်တူအသွင်တူပုံဖော်ထားပါတယ်။ ကာတွန်းက မြင့်မြင့်တွေးရဲရဲသရော်ထားတာလို့ ထင်မိပါရဲ့။ မြန်မာပြည်မှာ ဖုန်း၊ ကွန်ပျူတာအသုံးပြုအင်တာနက်ကွန်ရက် 3G(network) ပဲရှိနေပါသေးတယ်။ တရုတ်နဲ့ကိုရီးယားတွေမှာ 5G အထိ တစ်စက္ကန့် down Load လုပ်နိုင်ပါတယ်။ ဒါကို ကာတွန်းဆရာနောင်ကြီးက " 4G နဲ့သာဆိုရင် ပိုပြီးမြန်မြန် ဆန်ဆန် ဆဲကုန်ကြတော့မှာပဲ"ဆိုပြီး ဆင်းရဲတွင်းနက်နေတဲ့ မြန်မာပြည်ကိုသရော်ထားလှောင်ထား ထောက်ပြထား လိုက်သလားလို့ထင်ပါရဲ့ ကျွန်တော်ကာတွန်းသဘောတရား ဘာသာပြန်မှားသွားရင့် ခွင့်လွှတ်ပါခင်ဗျား။

လူငယ်ဝတ္ထုတို "ချစ်ရလွန်း၍" ကိုနေသူလွင် ဆေးတက္ကသိုလ် (၂) ရန်ကုန်ကရေးသားထားတာပါပဲ။ အရင်အပတ်က ဖတ်အားပြင်းပြခဲ့တဲ့စိတ် ဒီတစ်ခါ တစ်ဝကြီးအပြီးသတ်ဖတ်ရှုလိုက်နိုင်ပါတယ်။ နေသူလွင် ဟာဝတ္ထုတိုရေးလက်ပိုင်နိုင်နေပါပြီ။ ဇာတ်ကောင်စရိုက်မောင်၊ မမနှင်းတို့ရဲ့ အဓိက ဇာတ်ကောင်အချစ် ဇာတ်လမ်းလေးပါ။ ဆရာဝန်နှစ်ဦးရဲ့ ချစ်သူတွေဘဝက တစ်အိုးတစ်အိမ်ထူထောင်ဖို့ ရွှေလက်မြဲတွဲဖို့ ချစ်ရည်တူခိုးပြေးတဲ့ ဇာတ်လမ်းလေးပါ။ မောင်ဆိုတဲ့ငထက်၊ ကျွန်မဆိုတဲ့ မမနှင်းတို့ရဲ့ အချစ်ဇာတ်လမ်းလေးကို စကားလုံးဝါကျနုနုရွှရွှ လှလှပပလေးပန်းချီကားလေးတစ်ချပ်ကို ရေးဆွဲနိုင်ပါတယ်။ မောင်နဲ့ မမနှင်းအကြား စေ့စပ်လက်ထပ်ပေးခဲ့တဲ့ မိမိုးကလည်း ဇာတ်ရန်သရုပ်ကို ပီပီပြင်ပြင်ပါဝင်ထားပါတယ်။ နေသူလွင်ဟာ ပထမဝတ္ထုအစပျိုးကို နောက်ကြောင်းပြန်နဲ့ ဖွင့်ပြီး ချစ်ဇာတ် အိမ်ကိုပိုင်နိုင်စွာရေးဖွဲ့နိုင်ပါတယ်။ အချစ်ကြီးကြီး မေတ္တာမြင့်မြင့်ကနေ ရုတ်တရက်ပျောက်ကွယ် ပျက်သုဉ်းသွားပုံကလေးကရင်တ နင့်နင့်ခံစားရပါတယ်။ နောက်ဆုံး မမနှင်းအချစ်ကနေ အမုန်းဖြောင့်ချက်ပေးမှုကလေးကို ထပ်ဆင့် တင်ပြလိုပါတယ်။

"ကျွန်မထံမှ ဘာစကားမှ ထပ်ထွက်မလာတော့။ လွန်ခဲ့သည့်ခုနစ်ရက်ခန့်က ကျွန်မ၏ Senior အစ်မစကားက ခေါင်းထဲဝင်လာသည်။

"ညီမကို အစ်မပြောရမှာအားတော့နာတယ်ကွာ။ ဒါပေမယ့် အစ်မသတိတော့ ပေးရမယ်။ ညီမအိမ် ထောင်ပြုဖို့ မသင့်ဘူး။ အိမ်ထောင်ပြုရင်တောင် ကလေးယူဖို့ မဖြစ်နိုင်ဘူး။ ညီမရဲ့ Uterus (သားအိမ်) ရဲ့ Endometiun မှာ detect (ချို့ယွင်းချက်)ဖြစ်နေတယ်" သွေးဆင်းတာ အလွန်များလို့ Emergency သို့ရောက်လာသော ကျွန်မကို အစ်မ၏စကားက ရင်ဝဆောင့်ကန်လိုက်သည့်နှယ့်--။ နောက်

"သားသားလေးရေ ဖေဖေကြီးနဲ့ မေမေကြီးကအပြင်မှာ မင်းကိုစောင့်နေတာကွ မြန်မြန်ထွက်လာတော့ သိလား" ဆိုသည့် ကျွန်မဗိုက်လေးကိုဖိကာ ပြောခဲ့သော မောင့်စကားက ကျွန်မနားတွင်ထပ်ကာ ထပ်ကာ ကြားယောင်လာနေတော့ပါသည်"။

နေသူလွင်ရဲ့ ချစ်ရလွန်း၍ ဝတ္ထုတို အိမ်ကလေးဟာ သမားရိုးကျချစ်တွဲ ညားပေါင်းပျော်ဇာတ်လမ်းတွေကခွဲထွက်ပြီးတော့ ချစ်ပေါင်းပျော်ကွဲလေးဖြစ်ပါတယ်။ "ချစ်ရလွန်း၍"မှာ ကွဲကွာရတာတောင် သေကွဲလား၊ ရှင်ကွဲလားရေးသူက လျှို့ဝှက်သိုသိပ်စွာ ရေးဖွဲ့နိုင်ပါတယ်။ ဝတ္ထုတိုကလေး သရုပ်သဏ္ဌာန်ခွဲပြင်ရင် ပိတောက်ပန်းအလှကို ဒါပွင့်ဖတ်၊ ဒါပွင့်ချပ်၊ ရိုးတံ၊ အရွက်တစ်စီခွဲပြလျှင် ပျက်စီးသွားနိုင်ပါတယ်။ဒါကြောင့် နေသူလွင်၏ "ချစ်ရလွန်း၍" အခန်းဆက်ဝတ္ထုလေးကို ပြန်လည်ဖတ်ရှုရင်း လက်တွေ့ခံစား ကြည့်စေချင်ပါတယ်။ နှလုံးသား နုနုသွေးခြေဉသွားနိုင်သော အချစ်ဝတ္ထုတိုကောင်းကလေးပါ ခင်ဗျား။

ဒီတစ်ပတ် လူငယ်များရဲ့မျိုးဆက်သစ်ရင်ပြင်ကလေးကို ကျွန်တော်သိသလို ကြားသလို မြင်သလို ရိုးသားစွာ တင်ပြခြင်းဖြစ်ပါသည်။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ မျိုးဆက်သစ်ရင်ပြင်ရေးသားသီကုံးဖွဲ့နွဲ့ ကြသောလူငယ်တိုင်းအောင်မြင်မှုပန်းတိုင်ရောက်ရှိနိုင်ပါစေ။

**မြန်မာ့ဘဝမြန်မာအလှဟာ သူ့ဓလေ့သူ့စရိုက် သူ့အသွင်အပြင်နဲ့ ရှိနေပြီးသားပါ။ အယဉ်ဟာ အရိုင်းမဖြစ်စေဖို့၊ ဘဝမှာ အလှမပျက်စေဖို့၊ ပြင်လွန်းလျှင် အလှပျက်သွားတတ်ပုံကို သက်သေသာဓကတွေနဲ့ စာညွှန်း ထားပါတယ်။**

## စည်းကမ်းတကျအမှိုက်ပစ်သည့်အလေ့အကျင့်များဖြစ်ပေါ်လာစေရန် ပလတ်စတစ်ပီပါပုံးများချထားပေး

**ညောင်လေးပင် ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ မြို့သန့်ရှင်းသာယာလှပစေဖို့ရေး အမှိုက်စွန့်ပစ်ရာတွင် လွယ်ကူစွာ စွန့်ပစ်နိုင်ရန်နှင့် စည်းကမ်းတကျအမှိုက်စွန့်ပစ်တတ်သည့် အလေ့အကျင့်များဖြစ်လာစေရန် ရည်ရွယ်၍ ပလတ်စတစ်ပီပါခွံများကို မင်းလမ်း (ရန်ကုန်-မန္တလေးကားလမ်း) ဘေးဝဲ၊ ယာများတွင် ဇွန် ၁၈ ရက် နံနက် ၉ နာရီက ဖြည့်ဆည်းဝေဆာလူငယ်များအဖွဲ့က ချထားပေးခဲ့ကြောင်းသိရသည်။

ဖြည့်ဆည်းဝေဆာလူငယ်များအဖွဲ့ ဦးဆောင်သူ ကိုဇင်မင်းက "ကျွန်တော်တို့လူငယ်အဖွဲ့ လုပ်နိုင်သလောက်လေးလုပ်ထားတာပါ။ ပလတ်စတစ်ပီပါပုံးတွေကို ရန်ကုန်ကမှာယူပြီး အပေါက်ဖောက် လက်ကိုင်ကွင်းများဖောက်ပြီး မင်းလမ်းဘေး ဝဲ၊ ယာတစ်လျှောက်၊ ဈေးထဲ၊ ဈေးရှေ့မျက်နှာစာ၊ ဈေးနောက်လမ်းထိပ် စက်ရုံလမ်းထိပ် ဗိုလ်ချုပ်လမ်းကွေ့ ရွှေဟင်္သာလမ်းထိပ်တွေမှာ ချထားပေးတယ်။ အခု ၁၀ လုံးထပ်ချပေးဖို့ရှိတယ်။ ရပ်ကွက်တိုင်း၊ လမ်းတိုင်း တစ်မြို့လုံး ထပ်ချထားပေးဖို့ ရည်ရွယ်ထားပါတယ်။ ဒါလုပ်ဖို့စည်ပင်ကို တိုင်ပင်ပါတယ်။ ကျွန်တော်တို့ အမှိုက်ပုံးတွေချထားပေးချင်တယ်။ သိမ်းဖို့ကိုတာဝန်ယူပေးနိုင်မလားဆိုတော့ ယူပေးမယ်ပြောတယ်။ ပီပါပုံးတွေလိုက်ချတော့လည်း စည်ပင်ဝန်ထမ်းတွေက ဝိုင်းလုပ်ပေးပါတယ်" ဟုပြောသည်။

လက်ရှိတွင်ပီပါအလုံး ၂၀ ချထားပြီးဖြစ်ကာ ပလတ်စတစ်ပီပါအထူစားတစ်လုံးလျှင် ကျပ် ၂၈၀၀၀ ဖြင့် ဝယ်ရပြီး ဖြည့်ဆည်းဝေဆာလူငယ်များအဖွဲ့၏အား စေတနာရှင်ပြည်သူများ၏ ထည့်ဝင်ငွေဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သိုးမွေးမြူရေးလုပ်ငန်းများဖြင့် မိသားစုဝင်ငွေတိုးနေ

**မုံရွာ ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် နဂါးတွင်းကျေးရွာတွင် မိသားစုအပိုဝင်ငွေအဖြစ် တစ်ပိုင်တစ်နိုင် သိုးမွေးမြူရေးလုပ်ငန်းများဖြင့် အဆင်ပြေနေကြောင်းသိရသည်။

"ကျွန်တော်တို့ သိုးမွေးမြူရေးလုပ်ငန်းကတော့ မိသားစုများရင်ပိုကောင်းတာပေ့ါ။ အခုဆို သိုးကောင်ရေ ရှစ်ဆယ်လောက်ရှိတယ်။ ဒီသိုးတွေကိုနေ့စဉ် နေပူပူ၊ မိုးရွာရွာ ထွက်ကျောင်းရတာဗျ၊ ဒီနှစ်ဆို အပူရှိန်ကပြင်း ရာသီဥတုလည်း ပုံမှန်မရှိတော့ နည်းနည်းတော့အရင်နှစ်တွေထက်စာရင် ဒုက္ခပိုများတာပေ့ါ။ ဒါပေမယ့် သိုးတွေအသေအပျောက်တော့နည်းပါတယ်။ သိုးရဲ့သဘောက အပူဒဏ်ခံနိုင်တယ် သူတို့က အမွေးပေါ်တော့ အအေးဒဏ်ကိုလည်းခံနိုင်တယ်။ သိုးမွေးရတာအဆင်ပြေပါတယ်။ သိုးတွေဟာ တစ်နှစ်ကို နှစ်ကြိမ်သားပေါက်တယ်။ တချို့လည်း နှစ်ကောင်ပူးမွေးတယ်လေ။

သိုးကောင်ရေလည်းရောင်းရတယ်။ သိုးမွေးလည်းရောင်းရတော့ အဆင်ပြေပါတယ်။ သိုးတစ်ကောင်ကို ရှစ်လလောက်နေရင်ရောင်းရတာလေ။ သိုးရောင်းမယ်ဆိုရင် ပေါင်နဲ့ရောင်းရတာ။ တစ်ပေါင်ကို ကျပ် ၈၇၀ လောက်ရှိတယ်။ သိုးကောင်ရေ အသေအပျောက်မရှိဘူးဆိုရင် ကျွန်တော်တို့မွေးမြူရတဲ့အကောင်ရေနဲ့ဆို တစ်နှစ် ဝင်ငွေနှစ်ဆယ့်ငါးသိန်းကျော်လောက်တော့ရှိတာပေ့ါ။ သိုးချေးတွေကိုတော့ ယာခင်းတွေထဲပြန်ချတာလေ။ မြေဩဇာအဖြစ်လည်းကောင်းတယ်။ မြေဆီမြေခွန်ကောင်းတော့ တောင်သူဘက်ကကြည့်ရင် ကုန်ကျစရိတ်သက်သာတာပေ့ါ။ သိုးမွေးရတာဟာ မိသားစုအပိုဝင်ငွေလည်းဖြစ်တော့ အဆင်ပြေပါတယ်"ဟု သိုးမွေးမြူသူ ဦးစိုးဝင်းက ပြောသည်။

"မွေးမြူရေးလုပ်ငန်းဖြစ်တဲ့ ယခုသိုးမွေးလုပ်ငန်းဟာ မိသားစုတစ်ပိုင်တစ်နိုင် မွေးမြူလို့ရတဲ့လုပ်ငန်းဆိုတော့ မွေးမြူသင့်ပါတယ်။ အပိုဝင်ငွေလည်းရတော့ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်တာပေ့ါ။ သိုးအတွက် အစားရေစာလည်း ဝယ်ကျွေးရတာမဟုတ်တော့ ပိုလို့အဆင်ပြေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**မင်းမင်း(မုံရွာ)**

## မြေသားရေလှောင်ကန်အနက်နှိုက်တူးဖော်ခြင်းနှင့် တာပေါင်တင်ခြင်းလုပ်ငန်းဆောင်ရွက်

**ကျွန်းလှ ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကန်ပေါက်ကျေးရွာတွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွမ်းမံရန်ပုံငွေဖြင့်မြေသားရေလှောင်ကန်အနက်နှိုက်တူးဖော်ခြင်းနှင့် တာပေါင်တင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုမြေသားရေလှောင်ကန်ကို ခွင့်ပြုငွေကျပ်၈ ဒသမ ၂သန်းဖြင့် ဇွန် ၂၀ ရက်မှစ၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ကြောင်း မြို့နယ်ဦးစီးမှူးဦးကျော်လှိုင်ဝင်းက ပြောကြားသည်။

အဆိုပါရေကန်တူးရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုပြီး လိုအပ်သည်များလမ်းညွှန်မှာကြား ဆွေးနွေးခဲ့ကြောင်းသိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး (PCV) စတင်ထည့်သွင်းထိုးနှံခြင်းလုပ်ငန်း မြို့နယ်အဆင့် ဆွေးနွေး

**ဘီးလင်း ဇွန် ၂၅**

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင်ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေးအသစ်(PCV)စတင်ထည့်သွင်းထိုးနှံခြင်း မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို ဇွန်၂၃ ရက် နံနက် ၁၀နာရီက ဘီးလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပသည်။ ဆွေးနွေးပွဲတွင်မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူဇာဝင်းက ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးအသစ်(PCV) ထိုးနှံခြင်းအကြောင်းအသေးစိတ်ရှင်းလင်းပြောကြားသည်။ အဆိုပါ (PCV) စတင်ထည့်သွင်းထိုးနှံခြင်းကို ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တစ်ရပ်အနေဖြင့် ကလေးအသက်နှစ်လအရွယ်မှ စတင်ထိုးနှံပေးမည်ဖြစ်ပြီးဇူလိုင် ၁ ရက်တွင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**အေးမျိုးမျိုးစံ**

in partnership with **STRATEGY FIRST INSTITUTE**



STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship + Independent Study




# SIGNATURE M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ရက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International University သည်အမေရိကန်အခြေစိုက်ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ ကျောင်းသား၊ ကျောင်းသူ ၁ သန်းခန့်တက်ရောက်နေပါသည်။

ဗန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သော အလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

- First Batch (2nd Intake) သင်တန်းများ ဇူလိုင်လ (၈) တွင် စတင်ပါမည်။ သင်တန်းအပ်လက်ခံမည့် နောက်ဆုံးရက် - ဇူလိုင် (3) ရက်
- AYA Bank ၊ CB Bank များနှင့် ချိတ်ဆက်၍ အရစ်ကျပေးချေနိုင်ပြီဖြစ်ပါသည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon
#289, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

**Apply now: (09) 450177770**

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

## ကြော်ငြာ

# ကံ့ကော်ရိပ် အင်္ဂမတန်း [၃၄]စုံ

**၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်ဆေးခဲ့သော မေးခွန်းဟောင်းနှင့်စံပြအဖြေများ**

စာမေးပွဲမေးခွန်းများကို အခန်းတစ်ခုချင်းစီအလိုက် စုစည်းပြီး တိကျရှင်းလင်းသော အဖြေများကို အမှတ်ပေး စည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။

| | |
|---|---|
| မြန်မာစာ | ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | Dr.TW(Maths.) |
| ပထဝီ | ဒေါက်တာမေမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ (သမိုင်းဌာန) |
| သိပ္ပံ | ဒေါက်တာနီ |

ဧကရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

---

### ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏(၃၄)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင်လ ၃ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက် ၈နာရီမှ မွန်းလွဲ ၂နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို လာရောက်လှူဒါန်းနိုင်ပါသည်။ သွေးလှူဒါန်းသူများ အဆင်ပြေစေရန် ၂၇-၆-၂၀၁၆ရက်မှစတင်၍ ဖုန်း-၀၁-၃၇၂၇၅၃သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

---

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ရောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

---

### ဖခင်အမည်မှန်

အထက(၃) ကြည့်မြင်တိုင်၊ စတုတ္ထတန်း(က)မှ မဖြူစင်မြင့်၏ ဖခင်အမည်မှန်မှာ ဦးနေအောင်ဖြစ်ပါကြောင်း။ **ဦးနေအောင်**
**[၈/ရနခ(နိုင်)၀၉၀၁၇၃]**

---

# ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

**LCCI Level - I&II, III စာရင်းကိုင်သင်တန်းများ ခုံနံပါတ်ယူထားနိုင်သည်။**

**LCCI**
- အနှစ်(၂၀)အတွေ့အကြုံကြောင့်
- သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎ - 09 -776349905, 978578325, 01-371741, 240824

---

### ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း စက်ရုံဝန်ထမ်းဟောင်းများနှင့် လုပ်ဖော်ကိုင်ဖက်များအား ဖိတ်ကြားခြင်း

ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ ဝန်ထမ်းဟောင်းများနှင့် စက်ရုံတွင် လုပ်ကိုင်ခဲ့ဖူးသော လုပ်ဖော်ကိုင်ဖက်များ (လုပ်သားကိုယ်စားလှယ်များနှင့် ပစ္စည်းပေးသွင်းသူများ) နှစ်ပတ်လည်တွေ့ဆုံပွဲအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်/အချိန် - ၃-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)၊ နံနက် ၉း၀၀နာရီ
နေရာ -My Garden စားသောက်ဆိုင်(အလုံလမ်း)
မှတ်ချက်။ ။ ၂၀၁၅-၂၀၁၆ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးတွင် အောင်မြင်ခဲ့ကြသော ဝန်ထမ်းဟောင်းများ၏ သား/သမီး၊ မြေးများအား အသင်းမှဂုဏ်ပြုမည်ဖြစ်ပါ၍ အသင်းအလုပ်အမှုဆောင်များနှင့် အမြန်ဆုံးဆက်သွယ်ကြပါရန်။ ဆက်သွယ်ရန်ဖုန်းနံပါတ်များ-၀၉-၅၁၉၄၈၅၇၊ ၀၉-၅၁၉၆၇၆၈၊ ၀၉-၅၁၈၉၉၁၉

**ဖြစ်မြောက်ရေးကော်မတီ**

---

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းရှင်များနှင့် ရောင်း/ဝယ်/ပေါင်နှံလိုသူများ လက်ကိုင်ထားရမည့်

အကျိုးရှိအောင်
# အကျိုးဆောင်
ဂျာနယ်ကိုဖတ်လိုက်ပါ .....

City Mart များတွင်လည်း ရရှိနိုင်ပါသည်
Ph : 01-372787, 375537 (အသုံးမလိုဝိုလျှံဖုန်းများ အခမဲ့ကြော်ငြာကျော်ပါသည်)

ဇွန် (၂၆) ရက်၊ တနင်္ဂနွေနေ့

■2016နိုင်ငံတကာအဆင့် ဒိုမိုကရေစီဆုကိုမြန်မာပြည်တွင်းမှ မသန်စွမ်းအရေးဆောင်ရွက်သူတစ်ဦးရရှိ ■နိုင်ငံခြားသားများ၏ အိမ်ခြံမြေပိုင်ဆိုင်ခွင့်အရေး အငှားများ ပိုမိုရှိလာပြီး ဈေးကွက်ပိုမိုစိတ်ဝင်စားဖွယ်ကောင်းလာ ■Mobile ဖုန်းများကို ၅၀% အထိလျှော့ဈေးဖြင့် ရောင်းချမည့် အကြီးဆုံးဖုန်းလိုင်း Mobileအရောင်းပွဲတော်ကျင်းပမည် ■ယခုနှစ်အတွင်း မြို့ပေါင်း ၂၅ခုတွင် Samsung Services Center များဖွင့်လှစ်သွားမည် ■တရုတ်စာတမ်း မြန်မာ့ဖုန်းဈေးကွက်ရောင်းလို ■ ကမ္ဘာ/မြန်မာရွှေဈေးကွက်အခြေအနေ ■လောကသစ်ပင် ■ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်ဖြစ်ပေါ်နိုင်သည့် မြေဈေးနှုန်းအပြောင်းအလဲ ■2016မှာ ကျဆင်းသွားသည့်ရွှေဈေးနှင့်အဘူဓါတ်စိမ်ရာဈေးကွက်များနှင့်ပါနေ ကျကကျသွားများစွာဖြင့် www.ahkyosaungjournal.comWebsite တွင်တစ်ကမ္ဘာလုံးမှ ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ရန် လွှင့်တင်လျက်ရှိပါသည်။

ထွက်ပြီ

---

ထိုဖိုး **7500**/ ကျပ်နှင့် သန်းထီဆုကြီးပေါက်လိုလျှင် (K.P) နက္ခတ်ပါရှူ ထီဘုရင် မြတ်ဆွေဦး နှင့်တိုင်ပင်ပါ။

ကလေးအမည်၊ ဆိုင်အမည်၊ ကုမ္ပဏီ အမည်ရွေး၊ အိမ်ကား/အမြန်ရောင်းထွက်၊ ရာထူးစီးပွား/အမြန်တက် ယတြာရလိုလျှင် နိုင်ငံခြားပြန် **ဆရာမင်းငှေအောင်** နှင့်တွေ့ဆုံပါ။(နယ်သို့ဖုန်းဖြင့်ဟောပေးသည်။)

ယ/၂၈၉၊ ဒေဟာသီလမ်းမ (ဝေပုလ္လ)အနီး။ မ/ဥက္ကလာ၊ ရန်ကုန်။
- 09-5010196 ☎ - 01-9691492

---

စီးပွားတက်လာဘ်တိုးမှာ
**ရွှေတာမှာ**
အိမ်ပြောင်း အိမ်ရွှေ့လုပ်ငန်း

14'ကားများဖြင့်လုပ်သားအပါတာဝန်ယူဆောင်ရွက်ပေးသည်။ (မြို့တွင်း/နယ်ဝေး)

Ph: 095097001,
0949259491,
09-421177464

---

# UD GROUP
## ကရိန်းဝန်ဆောင်မှုလုပ်ငန်း



50 Ton
35 Ton
30 Ton
28 Ton
26 Ton
25 Ton
23 Ton
16 Ton
15 Ton
8 Ton
5 Ton

OFFICE :
ရန်ကုန် - 09-965504800,09-6504800
နေပြည်တော် - 09-965504900,09-6504900
မန္တလေး - 09-965504700,09-6504700

---

ခေတ်တွေပြောင်းသွားပေမယ့် မပြောင်းလဲပဲ အသည်းစွဲပျိုမေတို့ အစဉ်စွဲမက်နှစ်ခြိုက်နေတာ Topsyne နော်...



# Topsyne®
Herbal Cream




FDAမှ အလုံတုန် ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021

ရှေးအစဉ်အဆက်ထဲက မြန်မာအမျိုးသမီးများ နှစ်ခြိုက်စွာ သုံးစွဲကြသော သဘာဝသနပ်ခါး အခေါက်အစစ်အမှုန့်များ ပါဝင်ပေါင်းစပ်ထားသော Topsyne Herbal Cream သည်မြန်မာ့ရာသီဥတုနှင့် အကိုက်ညီဆုံးဖြစ်အောင် ဖော်စပ်ထားပါသည်။ မျက်နှာပေါ်ရှိ ဝက်ခြံ၊ တင်းတိပ်များစွာရှိပါက လျော့ပါးသွားစေနိုင်ပြီး ထပ်မံထွက်ရှိခြင်းမရှိအောင် ကာကွယ်ပေးနိုင်ပါသည်။ အသားအရေကို ဖြူစင်လှပစေပါသည်။

**Apple Production Co., Ltd.**
အမှတ်(A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၉၃၁၆၄၀၈ ၊ ၀၉-၈၆၁၈၀၈၁

---

မြန်မာ့လက်ဖက်ရည်ရသာစစ်

# Royal®
Myanmar Teamix

ညှော်ဝတ်ပျူငှာ တို့ မြန်မာ




မြန်မာတို့ရဲ့ဧည့်ဝတ်ကျေပွန်မှုအတွက် ဂုဏ်ယူစရာ ရွှင်ရယ်မြန်မာ...

www.facebook.com/RoyalMyanmarTea

# Golden
Golden Myanmar Airlines

## NEW DESTINATION PROMOTION

Starting from 1st July 2016

YANGON ⇌ KYAUK PHYU
( Weekly - Sun , Tue, Thus, Fri )



Local 60,000 Ks
Foreigner 75 USD
( One way )

**Head Office (Yangon)**
Ground Floor, Co-operative Business Centre, Corner of New University Avenue & Sayasan Road, Bahan Township, Yangon, Myanmar.
Tel : +95 1 8604035~38, + 95 1 401484 Ext : 130~135 ,
Airport Office : +95 1 533272, +95 9 73256919
Email : reservations@gmairlines.com, www.gmairlines.com

*Hot Lines* 09 977993000 ~ 04
*Direct Tel :* +95 1 8604650 ~ 52

# MODERN TECH
BUILDING MATERIALS & WAREHOUSE SOLUTIONS

မိုးရာသီ အထူး PROMOTION




အမှတ်(၂၃/၂၉)၊ သမိုင်းဘူတာရုံလမ်း(သမိုင်းခုံးတံတားအဆင်း)၊
သမိုင်းလမ်းဆုံနှင့်ဘုရင့်နောင်လမ်းဆုံကြား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
01-522 489, 522 691, 522 692, 9660 679,
09 502 8456, 503 9441, 504 9860, 731 90 470

**အောင်ဖြည့်စုံ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

**★STAR★**
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
Ph:09-43088052,
09-73254389,
09-421067330

# ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင် ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

စျ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃



ရန်ကုန်မြို့၏ အချက်အချာကျပြီး တန်ဖိုးရှိသော
မြေနေရာကောင်းများကို
ပိုင်ဆိုင်ထားသော လူကြီးမင်းတို့ အတွက်
"မြေကြီးက ရွေးသီးမည့် အခွင့်အရေး"



FCGC

FCGC HOTLINE
09 454888550
09 454888551
09 454888552

- NO BROKERS
- LAND OWNER ONLY
- MINIMUM LAND SIZE OF 10,000 SF
- FREE APPRAISAL
- FREE FEASIBILITY STUDY
- FREE CONCEPT DESIGN

Address : No(23),Room(903),Shwe Than Lwin Condo, Aye Yeik Thar(1)st, Bahan,Yangon, Myanmar.
Contact : 01-555243,01-554636(Ext-202)
Email : mgr.salemkt@fcgcygn.com
sales-marketing@fcgcygn.com

ရွှေမန်းဟောင်
အမှတ်တံဆိပ်



TMR-007525(0614)

အကြောပြေ မျက်စိကြည်ဆေး

မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ် ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက် အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

THE REAL LIVES REAL STORIES
ordinary people with extraordinary stories

volume - 33
ဇွန်လ ၂၅ ရက် ထွက်ပြီ
၀၉၉-၇၉-၆၀-၆၀-၁၀
၀၉၉-၇၉-၆၀-၆၀-၂၀

- အမေရိကန်မြေမှ ဗမာ့စပါးအုံးမြေ အောင်လအင်နံဆန်နှင့် ဘ၀ ခရီးလမ်းကို ပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းနေကြသူများ
- ဗီဇ၊ ပါရမီနှင့် ကျင်လည်ခဲ့သည့် အသိုက်အဝန်းကြောင့် စက်မှုလက်မှုအထက်တန်း ကျောင်းဆင်းတစ်ဦးမှ ပီသုကာ Fund ကို ဦးဆောင်သူအထိဖြစ်လာခဲ့သူ ကိုတူး
- သူတောင်းစားများနှင့်အတူ နေထိုင်ရင်း မျက်လှည့်ပညာကို သင်ယူခဲ့ရသည့် နာမည်ကျော်မျက်လှည့်ပညာရှင် ဂျိုကာ
- အကျဉ်းထောင်အတွင်း အမျိုးသမီး အရာရှိနှစ်ဦးအား တန်ဆာစ်အဖြစ် ဖမ်းဆီးထားခဲ့သည့် အကျဉ်းသားနှစ်ဦး
- မျက်စိနှစ်ကွင်း အလင်းမရသော်လည်း တပည့်တိုင်းကို အောင်မြင်စေခဲ့သည့် မျက်မမြင်ကျူရှင်ဆရာကြီး
- တစ်ချိန်က ကလေးထောင်ဟု နာမည်ကြီးခဲ့သည့် ၎က်အော်စမ်းလူငယ်သင်တန်းကျောင်း၏ ပကတိပုံရိပ်များ
- ကမ္ဘာ့အတော်ဆုံး ဆရာငါးဆယ်ထဲမှ မောင်တော်ဦးဆရာတော်
- ကော့ကရိတ်က နဂါးဆက် အနွယ် အမျိုးသမီးငယ်

သညံ့ခြေဒီတံ ကျောက်တည်ကျေ၏ အသည်းအသီးပုံးလျာဂါနှင့် ကင်ဆာရောဂါ၊ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသော ရောဂါများ ပျောက်ဆေးနည်းအသုံးပြုပေးသည်-

Ph:09 507 0157

မြေရောင်းမည်
ပြင်ဦးလွင်၊ ရေချမ်းအိုး
(၁၂)ရပ်ကွက်၊
(၈၀)ပေ ပတ်လည်။
Ph: 09-798237706

တိုက်ခန်းရောင်းမည်
စမ်းချောင်း၊ သံတံတားလမ်း၊ ၃လွှာ၊
(ဟောင်ကောင်)ဗဟိုလမ်းမနှင့်နီး
(15' x 50')
Ph: 09-798237706




SOLO® COLLECTION
Be Green With SOLO
WHEREVER YOU GO SOLO WILL FOLLOW
Hotline : 09775555230
www.facebook.com/solocollection.com.mm

Gakken Math School
# Gakken Education Centre
36 Years in Japan
New School Year Chance!
အထူးအခွင့်အရေးအနေနဲ့...
1 ကျောင်းဝင်ကြေး Free
2 သူငယ်တန်း/Year 1 စတက်မည့် ကလေးများအတွက် Present
3 Free Level Check
up to 31 July, 2016
Japan ပညာရှင်များ ပြုစုထားသော ကိုယ်ပိုင်သင်ရိုး ညွှန်းတမ်းများဖြင့် သင်ကြားသည်။
Mathematics
ကိုယ်တိုင်နားလည်ပြီး တွက်ချက်နိုင်သော စွမ်းရည် ရအောင် အဓိက သင်ကြားပေးသောသင်တန်း
English Conversation
နိုင်ငံခြားရှိဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အပြန်အလှန်စသင်ကြားရင်း Vocabulary, Listening skill, Speaking skill များတိုးတက်စေမယ့် e-learning course
Yankin School (ရွှေအုန်းပင်အိမ်ရာ)
01-559256/01-8605310
Hledan School (4F,Hledan Centre)
01-2307803
Website >> www.gakken-ace.com
Email >>>> info@gakken-ace.com
Facebook > gakken education


MMC Myanmar Metropolitan College
Where learning comes alive
September တန်းခွဲသစ်များအတွက် လက်ခံနေပြီ
July တန်းခွဲသစ်များအတွက် လက်ခံနေပြီ
Dual (Swiss/U.S.)MBA
# MBA
Full scholarship available
Planning a New Business Venture
Diploma in Business Concepts
UBIS
IELTS English for International Opportunity
UNIVERSITY OF THE POTOMAC
athe AWARDS FOR TRAINING AND HIGHER EDUCATION
Diploma in Strategic Management
Diploma in Administrative Management
"Problem-based, Project-based, Game-based Teaching"
Hotline : 09 26333 4223/4/5/6 , 09 4500 63108/9
MMC City Campus : 47/48 Bahosi Building,Lanmadaw Tsp, Yangon.
www.yourmmc.com info@yourmmc.com

ဗွီဒီ ခရီး သိပ်
အောင်(ဆေးသုတ်အဖွဲ့)
United - 150-200
Orient - 200-250-300
Premier - 250-300-350
(၁)ပေပတ်လည် အပြီးအစီး
09-420118663,09-799119749

2017 May / June ဖြေမည့်သူများအတွက်
IGCSE Maths & Accounting
09 50 976 80


A New Hope for Cancer Patients
စောစီးစွာကုသခြင်းသည် ကုသမှုရလာဒ်ကောင်းများ ရရှိစေသည်။
Don't wait till it's TOO LATE
ကင်ဆာရောဂါသည် စောစီးစွာသိရှိပါက ကုသပျောက်ကင်းနိုင်ပါသည်။
CBL Chemotherapy Centre တွင် စင်ကာပူနိုင်ငံ Parkway Cancer Centre နှင့် ပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ ကင်ဆာဆေးများ၊ စက်ကိရိယာများဖြင့် ဆေးသွင်း ကုသမှုများအား စတင်ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။
အဆုတ်ကင်ဆာ၊ ရင်သားကင်ဆာ၊ အူလမ်းကြောင်းကင်ဆာ၊ နား၊ နှာခေါင်း လည်ချောင်းကင်ဆာရောဂါများနှင့် အခြားကင်ဆာရောဂါအမျိုးမျိုးတို့အတွက် စင်ကာပူနိုင်ငံ Parkway Cancer Centre မှ ကင်ဆာအထူးကုဆရာဝန်ကြီး Dr Patricia Kho သည် ဇူလိုင်လ (၁)ရက် နေ့တွင်လူနာများအား ဆွေးနွေးတိုင်ပင်ကုသပေးမည်ဖြစ်ပါသည်။
CBL Centre for Better Living
PCC Parkway Cancer Centre
CBL CHEMOTHERAPY CENTRE
HELPLINE 09 430 66666/ 09 439 66666

City College Yangon
သင်၏တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်မှုကို ဂုဏ်ယူပါသည်။
HND (UK) Diploma in Engineering
▪Civil Engineering ▪Mechanical Engineering ▪Electrical and Electronic Engineering (Foundation)
USA/ Singapore/ YTU/ YU မှ အတွေ့အကြုံရှိ ပါရဂူဆရာ/ ဆရာမများဖြင့် သင်ကြားပေးခြင်း။
ခေတ်မီကောင်းမွန်သောစာသင်ခန်းနှင့် ပြည့်စုံသောသင်ထောက်ကူပစ္စည်းများထားရှိပေးခြင်း။
IELTS /4 skills သင်ကြားပေးခြင်း။ အချက်အချာကျသော နေရာတွင် တည်ရှိခြင်း။
HND Diploma အောင်မြင်ပြီးပါက B.E ဘွဲ့ ရရှိရန် ၁နှစ်သာလိုတော့မည် (Singapore/ US/ UK/ Aust/ Japan)
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက် Scholarship အခွင့်အရေး
၁ဘာသာဂုဏ်ထူး(၁၀%)၊ ၂ဘာသာဂုဏ်ထူး(၂၀%)၊ ၃ဘာသာဂုဏ်ထူး(၃၀%)၊ ၄ဘာသာဂုဏ်ထူး(၄၀%)၊ ၅ဘာသာဂုဏ်ထူး(၅၀%)၊ ၆ဘာသာဂုဏ်ထူး(၈၀%)
Limited Scholarships, Join Early.
တက္ကသိုလ်ဝင်တန်းမအောင်မြင်ခဲ့သည့်ရှိသော်လည်း သင့်တွင်ဒုတိယအခွင့်အရေး(IGCSE)ဆိုတာရှိနေပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သင်လိုချင်သောမေဂျာ(Major)ကို တက်ရောက်ရန်အတွက် အမှတ်မပြည့်မီခဲ့သည့်ရှိသော် သင်စိတ်အားမငယ်ပါနှင့်။ သင့်တွင်ဒုတိယအခွင့်အရေး(HND)အဖြစ်ရှိနေပါတယ်။ သင်လိုချင်သောအသက်မွေးဝမ်းကျောင်း ဆိုင်ရာ အင်ဂျင်နီယာဘွဲ့ရရှိရန်အတွက် ကျွန်ုပ်တို့ကို ဆက်သွယ်လိုက်ပါ။
July intake, Admission Open Now!
တက္ကသိုလ်ဝင်တန်း ➡ Foundation (5months) ➡ HND (2years) ➡ BE (1year)
GTU/ YTU/ IGCSE ➡ HND (2years) ➡ BE (1year)
Call: 09 450 634 402, 3, 4
facebook.com/ citycollegeyangon
Diamond Condo, Tower(A), Hledan, Pyay Road, Yangon.
www.citycollegeyangon.com


selfie (ဆယ်လ်ဖီ) ရိုက်ရင်ပိုလှစေတဲ့မိတ်ကပ်
virosava® Brightening BB Balm


မျက်နှာအသားအရောင် မညီမညာဖြစ်ခြင်း၊ ဝက်ခြံအထွက်များခြင်းနှင့် အညှိုးအစက်အပြောက်များခြင်းဖြစ်နေသူတွေ၏ မျက်နှာများကို ညှက်သွားအောင် ဖုံးအုပ်ညှိပေးနိုင်စွမ်းရှိပါသည်။ ...
Apple Production Co., Ltd
Ph : 09 86 18081, 09 49 316408

# STRATEGY FIRST INSTITUTE



## တက္ကသိုလ်ဝင်တန်း / IGCSE အောင်ပြီးသူများနှင့် တက္ကသိုလ်တက်နေသူများအတွက် UK ပထမနှစ်နှင့်ညီမျှသော

**NCC education** – Awarding Great British Qualifications

## Level 4 Diploma in BUSINESS

equivalent to UK Universities' First Year

**UKမှ စီးပွားရေးဘွဲ့ရယူရန် အချိန်ပြည့် ဒီပလိုမာများ**

First Semester တွင် သင်ကြားမည့်ဘာသာရပ်များ

1. Business Mathematics - Monday: 9:00 am to 12:00 pm | Daw Thida Han - B. Econ (Hons), M. Econ (Stats) (YIE)
2. Essentials of Management - Wednesday: 9:00 am to 12:00 pm | Daw Kyawt Khin Khin Khant, Master of Business Administration (International Business Management, Payap University)
3. Communications for Business - Thursday: 9:00 am to 12:00 pm | Ms. Carine Le Port (M. Com, Queensland)
4. Introduction to Finance - Friday: 9:00 am to 12:00 pm | Daw Htay Htay Myint, B. Com (Hons), M.Com (YIE)
5. Principles of Marketing - Saturday: 9:00 am to 12:00 pm | U Aung Chit Khin, Principal/Founder, MBA (Nottingham), PG Dip M, Dip M (CIM, UK)

Second Semester တွင် သင်ကြားမည့်ဘာသာရပ်များ

6. Fundamentals of Economics | 7. eBusiness |
7. Understanding Business Organisations
8. Essentials of Management | 10. IT Skills

■ ဝင်ခွင့်သတ်မှတ်ချက်

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
တက္ကသိုလ်ဝင်တန်းတွင် အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS band (5.5) ကို ရရှိရန် ဖြေဆိုရပါမည်။

■ သင်တန်းကြေးနှင့် Scholarship များ

L4DB ဘာသာရပ်အားလုံးအတွက် တစ်နှစ်စာ Tuition Fees: 2,980,000 Ks | L4DB NCC Fees - 320 GBP

သင်တန်းကြေးများကို AYA Bank ၏ Credit Card ဖြင့်လည်း ပေးသွင်းနိုင်မည်ဖြစ်သည်။ AYA Bank ၏ Credit Card ဖြင့် ပေးသွင်းပါက ၁၀ ရာခိုင်နှုန်းကိုလည်း လျှော့ပေးသွားမည်ဖြစ်သည်။

ဂုဏ်ထူးအလိုက် ၇၅% အထိချီးမြှင့်မည့် Scholarship အစီအစဉ်

ဂုဏ်ထူးရဘာသာရပ် အရေအတွက်အလိုက် Scholarship သတ်မှတ်ပြီး သင်တန်းကြေးများ လျှော့ပေးသွားပါမည်။

အင်္ဂလိပ်စာ အမှတ် ၆၀ အထက် - ၁၀% Scholarship
Eco ဂုဏ်ထူး - ၂၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၃၀%)
ဂုဏ်ထူး ၁ ဘာသာ - ၁၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၂၀%)
ဂုဏ်ထူး ၂ ဘာသာ - ၂၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၃၀%)
ဂုဏ်ထူး ၃ ဘာသာ - ၃၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၄၀%)
ဂုဏ်ထူး ၄ ဘာသာ - ၄၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၅၀%)
ဂုဏ်ထူး ၅ ဘာသာ - ၅၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၆၀%)
ဂုဏ်ထူး ၆ ဘာသာ - ၇၅% Scholarship

သင်တန်းကြေးပေါ်တွင် Scholarship ပေးခြင်းဖြစ်သောကြောင့် စာမေးပွဲကြေး ပေါင် ၃၂၀ အပြည့်ပေးသွင်းဖို့ လိုအပ်ပါမည်။

**၂၀၁၆၊ ဇွန်လ (၂၇) ရက် အတန်းများဖွင့်မည်။ ကျောင်းအပ်လက်ခံနေပါပြီ။**

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

#289, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

**CALL NOW: 09250 717166 - 67 - 68**

# ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်အတွင်း စက်မှုဝန်ကြီးဌာနနှင့် ယုဇနကုမ္ပဏီတို့မှ ပြန်လည်စွန့်လွှတ် လယ်ယာမြေများအား မူလတောင်သူများသို့ ပြန်လည်ပေးအပ်ခြင်းအခမ်းအနား ကျင်းပ



**ရန်ကုန် ဇွန် ၂၅**

ယနေ့ပြုလုပ်သည့် စွန်လွှတ်မြေများ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ လွှဲပြောင်းပေးအပ်ရန်ကျန်မြေ ၃၁၆၆ ဧကကို မူလပိုင်ရှင်တောင်သူလယ်သမား ၂၅၂ ဦးနှင့် ဖျာပုံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာနက သီးခြားစွန့်လွှတ်သည့် နိုင်ငံပိုင်မြေ ၃၂၆၈ ဧကကို မူလပိုင်ရှင်တောင်သူလယ်သမား ၇၂ ဦးတို့ထံ ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တိုးရွှေဝါခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်အတွင်း စက်မှုဝန်ကြီးဌာနနှင့် ယုဇနကုမ္ပဏီတို့မှ ပြန်လည်စွန့်လွှတ် လယ်ယာမြေများအား မူလတောင်သူများသို့ ပြန်လည်ပေးအပ်သည့်အခမ်းအနားတွင် ဒုတိယသမ္မတက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းမြေယာများထဲမှ အသုံးမပြုတော့သည့် မြေယာများကို ပြန်လည်စွန့်လွှတ်ရာတွင် မူလပိုင်ရှင်ထံမြန်မြန်ရောက်ပါက မြန်မြန်စောပြီး အကျိုးရှိမည်ဖြစ်၍ စိုက်ပျိုးရာသီအမီ အမြန်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မိမိတို့အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူလျင်မြန်စေမည့် မူဝါဒနှင့်လုပ်ငန်းစဉ်များချမှတ်ကာ စနစ်တကျလွှဲပြောင်းနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အချို့မြေယာကိစ္စများမှာမူ တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✱

## ရတနာပုံနှင့် မကွေးအသင်း နိုင်ပွဲဆက်

**ရန်ကုန် ဇွန် ၂၅**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**

| | | |
|---|---|---|
| ရတနာပုံ | - | နှစ်ဂိုး။ |
| ရခိုင် | - | ဂိုးမရှိ။ |

ချန်ပီယံဆု တစ်ကျော့ပြန်ရယူနိုင်ရန် အခြေအနေကောင်းနေပြီဖြစ်သည့် ရတနာပုံအသင်းမှာ ရှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ပြီး ချန်ပီယံဆုရယူနိုင်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။ တန်းဆင်းဇုန်အန္တရာယ်ရှိနေသည့် ရခိုင်အသင်း၏ ရုန်းကန်မှုအပြင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသောကြောင့် ရတနာပုံအသင်းမှာ အနိုင်ရရှိရန် ရုန်းကန်ခဲ့ရသည်။

အသင်းခေါင်းဆောင် ရန်ပိုင်နှင့် ရဲကိုဦးတို့မှလွဲ၍ ရတနာပုံအသင်းတွင် လူစုံပါဝင်ခဲ့သော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ **စာမျက်နှာ ၉ ကော်လံ ၂ သို့** ■

## ရိုးရာလက်ဝှေ့ရွှေခါးပတ်ချန်ပီယံ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်၊ ပွဲစဉ်အများစု အလဲထိုးအနိုင်ရ



စောရန်ပိုင်(မြိုင်ကလေး ဘိလပ်မြေစက်ရုံ)နှင့် ရဲရင့်အောင်(နဂါးမာန်)

သတင်း - နေသစ်ဦး

ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

**ရန်ကုန် ဇွန် ၂၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ဇော်ပစ်တိုင်းထောင်နှင့် H&S Group တို့က တာဝန်ယူကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ်ချန်ပီယံလုပွဲ (၂၀၁၆)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံတွင် ကျင်းပသည်။

ယနေ့ကျင်းပသောပွဲစဉ်များတွင် ၅၄ ကီလိုတန်း၊ ၅၇ ကီလိုတန်း၊ ၆၃ ဒသမ ၅ ကီလိုတန်းနှင့် ၇၀ ကီလိုတန်း(ကွာတားဖိုင်နယ်ပွဲစဉ်ပေါင်း ၁၀ ပွဲ)ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြသည်။

၅၄ ကီလိုတန်းတွင် စစ်မျိုး(ရန်စစ်ငြိမ်း)နှင့် ကျန်ကျောင်း(ဗမာ့သွေး)တို့ပွဲစဉ် ဒုတိယအချီမှာပင် လက်ရည်မမျှသဖြင့် စစ်မျိုးအလဲထိုးအနိုင်ရခဲ့ပြီး ၅၇ ကီလိုတန်းတွင် ထယ်ကြီး(S.T.L)နှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ○






မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဇွန် ၂၆၊ ၂၀၁၆ (တနင်္ဂနွေနေ့)

လူငယ်ဆောင်းပါး

# ပြောင်းလဲဖို့အချိန်တန်ပြီ

**ဇင်မင်းကို**
**BE (Mech)** နည်းပညာတက္ကသိုလ်(သန်လျင်)



-မြန်မာပြည်ကြီးတိုးတက်ကြီးပွားဖို့ မည်သို့ဆောင်ရွက်မည်နည်း-

မြန်မာပြည်ကြီး တိုးတက်ကြီးပွားဖို့ဟူသော မေးခွန်းသည် ကျွန်တော့်အား တော်တော်လေးရိုက်ခတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် ထိုမေးခွန်းကို လေးလေးနက်နက်စဉ်းစားရန် မေ့လျော့နေခဲ့သည်။ ကျွန်တော်တို့နိုင်ငံ မတိုးတက်။ တစ်နည်းအားဖြင့် ဆင်းရဲသော နိုင်ငံဟူသောအသိဖြင့်သာ ရပ်တန့်နေခဲ့ပြီး အဘယ်ကြောင့် မတိုးတက်သနည်း။ မည်သို့တိုးတက်အောင်လုပ်မည်နည်းဟူသော အသိစိတ်ကွယ်ပျောက်နေခဲ့ပါသည်။ ထို့ကြောင့် ထိုမေးခွန်းအား သတိပေးမေးခွန်းထုတ်ခဲ့သူကို ကျေးဇူးတင်ပါသည်။ ထိုမေးခွန်းကို အဖြေရှာလိုသောစိတ်သည် နိုင်ငံသားတိုင်းတွင်ရှိသင့်သော စိတ်ဖြစ်သည်။

ကျွန်တော်ရှာဖွေတွေ့ရှိသော အဖြေတချို့မှာ ကျွန်တော်တို့နိုင်ငံကို အထက်တန်းကျသောနိုင်ငံဖြစ်ဖို့အတွက် ကျွန်တော်တို့အားလုံးတွင် အထက်တန်းကျသောစိတ်ဓာတ်မွေးမြူရပေမည်။ ကျွန်တော်တို့လူမျိုးကို စိတ်ဓာတ်အောက်တန်းကျသည်ဟု ဝေဖန်လိုက်ခြင်း မဟုတ်ပါ။ အထက်တန်းစိတ်သည် သာမန်လူတို့အနေဖြင့် မသိရှိသောစိတ်ဖြစ်သည်။ ကျွန်တော်တို့သည် လေ့လာဆန်းစစ်ဝေဖန်မှု အားနည်းကြခြင်းသာဖြစ်သည်။ ထို့ကြောင့် သူတော်ကောင်း ပညာရှိတို့ကို မှီဝဲဆည်းကပ်ပြီး စာအုပ်ကောင်းများကို ဖတ်ရပါမည်။

ကျွန်တော်တို့နိုင်ငံနည်းတူ ဒုက္ခများကြုံတွေ့ပြီး ထိုဒုက္ခများကိုတွန်းလှန်ကာ တိုးတက်သောနိုင်ငံများအဖြစ် တည်ထောင်သွားကြသော နိုင်ငံများကိုလည်း နည်းနာယူရမည်။ ကမ္ဘာစစ်ကြီးပြီးစတွင် နိုင်ငံများအားလုံးနီးပါး ဒုက္ခပင်လယ်ဝေခဲ့ကြသည်။ ထိုကဲ့သို့သောဒုက္ခများကို တွန်းလှန်နိုင်ခဲ့သည့်နိုင်ငံများလည်း ပေါ်ထွက်ခဲ့သကဲ့သို့ မတွန်းလှန်နိုင်သေးဘဲ ထိုဒုက္ခထဲတွင် နစ်မြုပ်နေသော နိုင်ငံများလည်း ကျန်ရှိသေးသည်။ ကျွန်တော်တို့နိုင်ငံသည် ဒုက္ခများကိုတွန်းလှန်နိုင်သောနိုင်ငံ မဖြစ်သေးပါ။ လိုအပ်ချက်များစွာရှိနေပါသေးသည်။ ရှိနေသော လိုအပ်ချက်များကိုလည်း ထင်ရှားစွာသိသာနိုင်ရန် ဒုက္ခများကို တွန်းလှန်သွားသော နိုင်ငံများထဲမှ တောင်ကိုရီးယားနိုင်ငံနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ၁၉၄၅ ခုနှစ်တွင် လွတ်လပ်ရေးရသောနိုင်ငံဖြစ်သည်။ ထိုအချိန်က သူတို့နိုင်ငံသည် လွတ်လပ်ရေးရသော်လည်း ငြိမ်းချမ်းသော နိုင်ငံ မဖြစ်သေးပါ။ ပြည်တွင်းစစ်ကဲ့သို့သော စစ်ပွဲများ ဖြစ်ပွားနေဆဲဖြစ်သည်။ ထို့ကြောင့်လည်း ၁၉၄၈ ခုနှစ်တွင် ကိုရီးယားသည် နှစ်နိုင်ငံကွဲပြီး တောင်နှင့် မြောက်ဖြစ်သွားခဲ့သည်။ တောင်ကိုရီးယားက အမေရိကန်စည်းမျဉ်းအောက်ရောက်သွားပြီး မြောက်ကိုရီးယားက ရုရှား၏ စည်းမျည်းအောက် ရောက်သွားခဲ့သည်။ ထို့နောက် ၁၉၅၀-၁၉၅၃ ခုနှစ်တွင် မြောက်ကိုရီးယား၏ ကျူးကျော်ခြင်းကြောင့် ကိုရီးယားစစ်ပွဲဖြစ်ပွားခဲ့ပြီး စစ်ပွဲအတွင်းမှာ သေဆုံးသူနှင့် ဒဏ်ရာရသူအရေအတွက်များပြားခဲ့သည်။ တစ်နိုင်ငံလုံးလည်း ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့နောက် တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေးပြန်လည်ထူထောင်ရေးစီမံကိန်းများ ရေးဆွဲကြသည်။ ၁၉၇၀ ပြည့်နှစ်အထိပင် မြောက်ကိုရီးယားထက် တောင်ကိုရီးယားမှာ ဆင်းရဲခဲ့သည်။ သို့သော် သူတို့၏ စီမံကိန်းများ ပြန်လည်ပေါ်ပေါက်ရေးအတွက် ပြည်သူနှင့် အစိုးရ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ စက်မှုလုပ်ငန်းများ ခေတ်မီတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ကြသည်။ ထို့နောက်ပိုင်းများတွင် စက်မှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ဖြင့် ပြည်သူများ၏ဝင်ငွေလည်း လျင်မြန်စွာတိုးတက်ကာ ယခုအချိန်တွင် ကမ္ဘာပေါ်တွင် ချမ်းသာသောနိုင်ငံအဖြစ် ရပ်တည်နေပြီဖြစ်သည်။

ကျွန်တော်တို့နိုင်ငံမှာလည်း ထိုအချိန်က ပြည်တွင်းစစ်တွေ ဖြစ်ပွားခဲ့သည်။ နိုင်ငံတော်ကြီးတော့ မပြိုကွဲခဲ့ပါ။ သို့သော် ထိုပြည်တွင်းစစ်ကြီးကို ယခုအချိန်အထိ သယ်ဆောင်နေကြဆဲဖြစ်သည်။ ကျွန်တော်တို့နိုင်ငံသည် စည်းလုံးမှုကွဲပြားစွာရပ်တည်နေဆဲပင် ဖြစ်သည်။ ကျွန်တော်တို့နိုင်ငံတွင် စီးပွားရေးပြန်လည်ထူထောင်ရေးဆိုသော ကိစ္စများမရှိသလို ထင်မိသည်။ ကျွန်တော်ပဲ မကြားဖူးလေသလားတော့ မသိပါ။ တိုင်းပြည်အတွက်လိုအပ်သော အခြေခံမူဝါဒများကို စနစ်တကျရေးဆွဲသင့်သည်။ ကျွန်တော်တို့ နိုင်ငံ့ခေါင်းဆောင်များသည် ပြည်သူနှင့် ပွင့်လင်းမြင်သာမှုမရှိခဲ့ပေ။ အစိုးရသည် ပြည်သူနှင့် ပွင့်လင်းမြင်သာမှုမရှိခဲ့သောကြောင့် ပူးပေါင်းဆောင်ရွက်ရသောကိစ္စရပ်များတွင် အားနည်းခဲ့သည်။ ထိုအချက်သည် တိုင်းပြည်အတွက် ကြီးမားသောထိုးနှက်ချက်ဖြစ်သည်။ ပြည်သူကလည်း အစိုးရကို မယုံကြည်၊ အစိုးရကလည်း ပြည်သူကို မလေးစား။ ထို့ကြောင့် လိုအပ်သောပြောင်းလဲမှုများသည် ကျွန်တော်တို့နိုင်ငံတွင် အခြားနိုင်ငံများထက် များစွာနောက်ကျခဲ့သည်။

ယခု ကျွန်တော်တို့၏ စိတ်ဓာတ်များကို **ပြောင်းလဲဖို့အချိန်တန်ပါပြီ**။ အထက်တန်းကျသော နိုင်ငံကြီးသား စိတ်ဓာတ်မျိုးရှိသင့်နေပြီး မလိုလားအပ်သောကိစ္စများကို အချိန်ကုန်ခံပြီး လုပ်မနေတော့ဘဲ အရေးကြီးလိုအပ်ချက်ဖြစ်သောကိစ္စရပ်များကို သေးသေးလေးမှစပြီး အစိုးရနှင့် ပြည်သူ စနစ်တကျပူးပေါင်းဆောင်ရွက်ကာ တိုးတက်ကောင်းမွန်သောတိုင်းပြည်ကို တည်ဆောက်ရပါမည်။ ထို့ကြောင့် မိမိတိုင်းပြည်တိုးတက်ကောင်းမွန်အောင် မည်သို့လုပ်မည်ဆိုသည်ကို အမြဲအဖြေရှာပြီး တစ်ယောက်နှင့်တစ်ယောက် အပြစ်မတင်ဘဲ လိုအပ်သည်များကို အားလုံး တက်ညီလက်ညီ စည်းလုံးစွာဆောင်ရွက်သွားကြရပါမည်။

■

---

လူငယ်ကဗျာ

## ဥတုပျက်ခြင်း

နွေဥတုရဲ့ အပူရှိန်ဟာ
မိုးစက်တွေအောက်မှာ စတေးခံ
မိုးဥတုရဲ့ မိုးစက်တွေဟာ
ရေငွေ့တွေအဖြစ်ပြောင်း
ဆောင်းဥတုရဲ့ နှင်းစက်တွေဟာ
အပူရှိန်အောက်မှာ အငွေ့ပြန်
ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ လည်ပတ်နေတဲ့
ဥတုတွေကြားမှာ
ကျွန်တော်ရဲ့ ဥတုလေး
"သူမ"ကတော့ ဖောက်ပြန်သွားခဲ့တာ
ဒီနေ့ကစလို့ ဘဝဆိုတဲ့ထဲကို
ဆေးလိပ်ငွေ့တွေ
အရက်ပုလင်းတွေဝင်လာခဲ့တာ
သူမကို လွမ်းတဲ့အချိန်တိုင်း
သတိရတဲ့အချိန်တိုင်း
ကြုံသလိုဆုံသလို
ကောင်းကင်မရှိ ဥတုမရှိတော့တဲ့
ဘဝကို လှည့်ပတ်ရင်း. . .။

**မိုးတိမ်ပြာ**
2nd year IC၊ ဒဂုံတက္ကသိုလ်

---

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေကဏ္ဍတွင် ပေးပို့ပါဝင်

ကြေးမုံသတင်းစာတွင်**"မျိုးဆက်သစ်ရင်ပြင်"** အထူးထုတ်စာမျက်နှာကို အပတ်စဉ် ဖော်ပြပေးလျက်ရှိသည်။ အဆိုပါအစီအစဉ်တွင် လူငယ်စာညွှန့်၊ လူငယ်စကားပြေ၊ လူငယ်အတွေး၊ လူငယ်ပုံပြင်၊ လူငယ်ကဗျာ၊ လူငယ်ဝတ္ထုတို၊ လူငယ်ကာတွန်း၊ လူငယ့်သိပ္ပံ၊ လူငယ့်နည်းပညာ စသည့် အကြောင်းအရာကဏ္ဍစုံတို့ကို ဖော်ပြပေးပြီး လူငယ်စာပေကဏ္ဍကို မြှင့်တင်ပေးသွားမည်ဖြစ်ပါသည်။

ထို့ကြောင့် အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့်တို့သာမက ဘွဲ့လွန်၊ ပါရဂူအဆင့်ရှိ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် မိမိတို့ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်းနှင့် စာမူတွင် အမည်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ကျောင်းနှင့် မိမိ၏ နှစ်သက်ရာ ဓာတ်ပုံတစ်ပုံတို့ကို ပူးတွဲ၍ စာတည်း၊ ကြေးမုံသတင်းစာတိုက်၊ **"မျိုးဆက်သစ်ရင်ပြင်"** themirror.npt@gmail.com သို့ ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့နိုင်ပါသည်။ ရွေးချယ်ခြင်းခံရသည့် စာမူများအတွက် စာမူခများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သလို ရွေးချယ်ခြင်းမခံရသည့် စာမူများအတွက် ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို လစဉ်ပထမပတ်တိုင်း ပြန်ကြားအသိပေးသွားမည်ဖြစ်ပါသည်။ **(စာတည်းအဖွဲ့)**

---

လူငယ်ကဗျာ

## မြေဇာပင်ငယ်

စာအံသံကြား ပြေးလွှားနားထောင်
တံခါးပေါင်နား မှန်းယောင်ဆိုမိ
မွေးဖမိကို ရှိခိုးပါ၏။

မွေးမိမွေးဖ သွားကြကုန်သွယ်
အနယ်နယ်ကို ငယ်ငယ်တည်းက
ပြောခဲ့ကြတယ် ဘာရယ်မသိ
ခုထိပြန်မလာ ဘာကြောင့်ဆိုတာ
ဖြေရှာမရ ရင်နာလှတယ်။

အဖေပြန်လာ အမေပါမှ
ကျောင်းကလက်ခံ စာအံရမယ်။

အဖေယူလာ လွယ်အိတ်ပြာနဲ့
ကျောင်းရဲ့အရိပ် ရွှင်ပျော်ငြိမ့်မယ်။

ခုလိုတေးထား စိတ်ကူးများဟာ
တံခါးကွယ်ရောက်
လမ်းလျှောက်မိသော်
ကမ်းပျောက်ပင်လယ် ဒုက္ခနယ်ထဲ
လှည့်လည်သွားလာ ဘူးခွံရှာ၏။

**လွမ်းညို**
ရန်ကုန်ပညာရေးတက္ကသိုလ်(ပဉ္စမနှစ်)

---

လူငယ်ကဗျာ

## ပိုင်ဆိုင်မှု



ငါသာ လေတိုက်တိုင်းလွင့်နေမယ့်
သစ်ရွက်ခြောက်သာဆိုရင်
ခု ဒီမှာရှိနေမှာတောင်မဟုတ်ဘူး။
မှိုင်းပျပျတောင်တန်းကြီးလည်း
အဝေးမှာကျန်ခဲ့ပြီ. . .။
စိမ်းလန်းတဲ့ တောအုပ်ကြီးလည်း
တဖြည်းဖြည်းကွယ်ပျောက်သွားပြီ။
မျက်စိတစ်မှိတ်အတွင်းမှာ
ပြောင်းလဲမှုက
အရမ်းကိုမြန်ဆန်လွန်းတယ်။

သတိရတိုင်းထုတ်ကြည့်မိတဲ့
စာလေးတစ်စောင်ပဲရှိတော့တယ်။
ဒါပဲလေ ငါ့ရဲ့ပိုင်ဆိုင်မှု။

**ရွှေမိုး(စိုက်/မွေး)**
**IT-Students**

လူငယ်ဝတ္ထုတို

# ကမ္ဘာကြီးသို့ခြေလှမ်းစခြင်း

**ငြိမ်းလူ**

စတုတ္ထနှစ်၊ **B.Tech (Electrical Power Engineering)**

(ညနေ)သည် အရက်သမားတစ်ယောက်။ လှိုင်သာယာကျူးကျော်ရပ်ကွက်တွင် မိသားစုနှင့်နေသည်။

သားတစ်ယောက် သမီးနှစ်ယောက်(အမြွှာ)ရှိသည်။ သားအငယ်ဆုံး(သောကြာ) (၁၀)နှစ်က ပလတ်စတစ်၊ သံ၊ သတ္တု စသော ရောင်းလို့ရသည့် ပစ္စည်းဟူသမျှ လိုက်ကောက်သည်။

သမီးအကြီးနှစ်ယောက်(နွေးနှင့် အေး) (၁၂)နှစ်အရွယ်မှာ အဝေးပြေးဝင်းအတွင်း ပန်းရောင်းရင်း တစ်ခါတစ်ရံ တောင်းရမ်းကြသည်။

ဇနီးသည်ဖြစ်သူ (မေခင်)သည် လှိုင်သာယာ အဝေးပြေးဝင်းတွင် ကွမ်းယာ၊ ဆေးလိပ် စသည်ကို လိုက်ရောင်းသည့် ဈေးသည်။

(ညနေ)ကတော့ အလုပ်အကိုင်မရှိ၊ မူးရူးသောက်စားလို့ဝမှ အိမ်ကို ယိုင်ထိုးစွာ သိုင်းကွက်ပေါင်းစုံနင်း၍ ပြန်လာတတ်သည်။

ဘဝကိုနားမလည်၊ သားမယား ဘာဖြစ်နေသည်၊ ဘာလုပ်နေကြသည်ကို ဂရုမစိုက်၊ သောက်ဖို့လောက်သာ အဓိကထားသည်။ နေ့စားလုပ်၍ရသည့် ငွေလေးတစ်ပြားတစ်ချပ်မျှ အိမ်အတွက်ဟူသောအတွေး စိုးစဉ်းမျှ တွေးပူပုဟန်မရှိ။

သူ့သားသမီးများက (ညနေ)အား မချစ်သော်လည်း အဖေ ဟူသောအသိကြောင့် အောင့်ကာနမ်းခဲ့ကြရသည်။

မ(မေခင်)သည် မိခင်ကောင်းဟူသော ဂုဏ်ပုဒ်ထက် အများရှေ့တွင် မိန်းမကောင်းပီသရန်သာ ကြိုးစားလျက် သားသမီးများကို အပေါ်ယံသာ ချစ်ဟန်ဆောင်ခဲ့သည်။

သားသမီးတွေကို သူသတ်မှတ်ထားသည့် တစ်နေ့ဝင်ငွေမရလာကြလျှင် ဆူပူကြိမ်းမောင်းပြီး တောင်းစားရန်ပင် ခိုင်းစေတတ်လေသည်။

အမြွှာပူးသမီး နှစ်ယောက်၊ သားတစ်ယောက် စုစုပေါင်း သုံးယောက်။ သူတို့လေးတွေသည် အသက်ငယ်ရွယ်နေကြသေးသည့်အလျောက် မိဘမေတ္တာငတ်မွတ်ဖို့ထက် အစားအစာကို ပိုမိုတောင့်တငတ်မွတ်ကြလေသည်။

မြင်နေရသည့် အဖြူအစိမ်းရောင် ဝတ်စုံတွေကို စမ်းသပ်ဝတ်ဆင်လိုကြသည်။ ကျောပိုးအိတ်၊ လွယ်အိတ် ကိုယ်စီဖြင့် ကျောင်းသွားနေကြသည်ကို နေ့တိုင်းမြင်နေကျမို့ အားကျနှစ်သက်ကြသည်။

တစ်နေ့ . . .

"မမနှစ်ယောက်၊ ကျွန်တော်တို့ အဲဒီအဖြူအစိမ်းလေးတွေနောက် လိုက်သွားရင်မကောင်းဘူးလား"

အငယ်ကောင်က အစ်မဖြစ်သူနှစ်ယောက်ကို အားတက်သရော စည်းရုံးလေသည်။

"အင်း ဟုတ်သားပဲ၊ ဒီအငယ်ကောင့်အကြံ မဆိုးဘူး၊ လိုက်သွားကြမယ်"

အစ်မဖြစ်သူ နှစ်ယောက် သဘောတူသည်နှင့် ချက်ချင်းလိုက်သွားကြသည်။

ညစ်ပတ်ဟောင်းနွမ်းနေသည့် အဝတ်အစားလေးများနှင့် ကလေးသုံးယောက်အား အများကအံ့ဩမင်သက်စွာ ဝိုင်းကြည့်ကြသည်။ သူစိမ်းကလေးများမှန်းသိသော် ဝိုင်းဝန်းလှောင်ပြောင်ကြတော့သည်။

သူတို့အတွက်တော့ ပြက်ရယ်ပြု လှောင်ပြောင်သရော်မှုဆိုသည်မှာ နေထိုင်ရာပတ်ဝန်းကျင်နှင့် အမေ့ဆီက တွေ့ကြုံဖန်များ၍ နားရည်ဝပြီး ခံနိုင်ရည်ရှိခဲ့ကြသည် မဟုတ်ပါလား။

သူတို့ အလုပ်ကား

တစ်နေ့တာ စာသင်ခန်းအကြောင်းကို ချောင်းကြည့်ရင်း လေ့လာကြရန်သာဖြစ်သည်။

ထိုနေ့အတွက် သူတို့အလုပ်ဖြစ်သည့် စာသင်ခန်းချောင်းကြည့်ခြင်းကိစ္စကို မပျက်မကွက်ဆောင်ရွက်ခဲ့ကြသည်။ သူများ ကျောင်းမုန့်စားဆင်းချိန်ကို သွားရည်ယိုရင်း ကျောင်းတွင်းရှိ သရက်ပင်ငယ်လေးအောက်တွင် အနားယူကာ ဖြတ်ကျော်ခဲ့ကြသည်။



ညနေပိုင်း အတန်းဆင်းပြီးနောက် ပူပူနွေးနွေး ကွန်ကရစ်လမ်းမကြီးထက် မွေးရာပါခြေဗလာကိုယ်စီဖြင့် အလျင်စလိုပြန်ပြေးလာခဲ့ကြတော့သည်။ ထိုညနေခင်းသည် သူတို့လေးတွေအတွက် ခါတိုင်းထက် ပျော်ရွှင်စရာကောင်းခဲ့သည်။

အိမ်ရောက်သော် အငယ်ကောင် သောကြာသည် သူ့ပီနံအိတ်စုတ်ကြီးကို ပြောင်းဆန်အောင် ရှာဖွေမွှေနှောက်ပြီးသကာလ ယမန်နေ့ကကောက်ခဲ့သည့် စက္ကူအစုတ်သုံးအုပ်နှင့် လက်သမားသုံး ခဲတံအတိုလေးတစ်ချောင်း ယူလာခဲ့သည်။

အစ်မနှစ်ယောက်ဖြစ်သူ (နွေးနှင့်အေး)ကို စာအုပ်တစ်ယောက်တစ်အုပ်စီပေးသည်။ ပြီးနောက်

"ခဲတံ နောက်တစ်ချောင်းရှာမတွေ့တော့လို့ တစ်လှည့်စီ ရေးကြနော်၊ မမ နွေးနဲ့ အေး"

"အင်း . . . အင်း . . . ရပါတယ်"

အစ်မ နှစ်ယောက်က တစ်စုံတစ်ရာနားမလည်ဟန်ဖြင့် တစ်ယောက်ကိုတစ်ယောက်မေးငေါ့ပြရင်း ထောက်ခံပေးကြသည်။

(သောကြာ)မှာ အိမ်ထရံအဖြစ်လုပ်ထားသည့် အထပ်သားချပ်ကို ဝတ်ထားသည့်အင်္ကျီစဖြင့် သန့်စင်လိုက်၊ မီးဖိုချောင်က မီးသွေးသွားယူလိုက်နှင့် အလုပ်များနေသည်။ ဆရာကြီးလုပ်တော့မည်။

"ကဲ . . . မမတို့ လိုက်ရေးကြ"

အိမ်အကာ နံရံအထပ်သားပေါ်တွင် (သောကြာ)က မညီမညာ ရေးချလိုက်သည်။ အစ်မကြီးနှစ်ယောက် ကြိုးစားပမ်းစား လိုက်ရေးကြသည်။

"ညနေမာ လသာလာ"

သောကြာကား မှတ်ဉာဏ်ကောင်းလှသည်။

ထိုစာသားကို ဖခင်၏နာမည်နှင့် ဆက်စပ်ပြီး မှတ်သားမိခဲ့ဟန်တူသည်။

(နွေးနှင့် အေး) ရေးသည့်စက္ကူပေါ်တွင်လည်း မညီမညာ . . .

"ညနေမာ လသာလာ"

ဈေးရောင်းရာမှ ပြန်လာသော (မေခင်)သည် သားသမီးများ၏ အဖြစ်အပျက်ကိုကြည့်ရင်း မျက်လုံးထဲတွင် မျက်ရည်စများတိုးဝှေ့လျက် အသံထွက်အောင် မငိုမိစေရန် ထိန်းထားရသည်။

မူးရူးစွာ ဖိနပ်မပါဘဲပြန်လာခဲ့သော်လည်း (ညနေ)မှာလည်း အိမ်နံရံပေါ်မှ "ညနေမာ လသာလာ"ကို မြင်လေသော် ဆွံ့အခြင်းများစွာဖြင့် နောင်တတွေ ထွေးပိုက်ခဲ့ရသည် ။

မျက်ရည်ကား မကျသေး။

ပြန်ပြင်ရန် အချိန်မနှောင်းသေးသည့် နောင်တမျိုး (ညနေ)ရပါစေ။ ဟုတ်ပါသည်။ ညနေ တကယ်နောင်တရနေပါပြီ။ နောက်တစ်နေ့မှစ၍ သားသမီးအားလုံးကို ကျောင်းထားပေးဖို့ ဆုံးဖြတ်ချက်ချလိုက်လေသည်။

နိုင်ငံတော်အစိုးရသစ်ကလည်း အခြေခံပညာကျောင်းများအတွက် အခမဲ့ပညာရေးစနစ်များ သတ်မှတ်ပြဋ္ဌာန်းခဲ့လေပြီ။ (ညနေ)အတွက် သားသမီးများ ကျောင်းထားနိုင်ရန် ပို၍ပင်အဆင်ပြေနေတော့သည်။

အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေပြီဖြစ်သော်လည်း ညနေက သူ့သားသမီးတွေကို ရဲဝံ့စွာ ကျောင်းအပ်ပါတော့မည်။

ဇွန်လ၏ မိုးဖွဲဖွဲအောက်တွင် သောကြာ၊ နွေးနှင့်အေးတို့၏ ခြေလှမ်းလေးများသည် "စာသင်ကျောင်း" ဟူသည့် ပညာရှိရာကမ္ဘာသို့ ကိုယ့်အလင်း ကိုယ်ဖွင့်ရန် သွက်လက်စွာရွေ့လျားလျက်ရှိကြသည်။

(ညနေ)လည်း အိမ်အပြန် ဖိနပ်ပါကိုပါရတော့မည်။ ။

---

လူငယ်ဆောင်းပါး

# တန်ဖိုးထားတတ်ပါစေ

**ခိုင်ဟေမာန်ဦး**

ရူပဗေဒ(စတုတ္ထနှစ်)၊ ဒဂုံတက္ကသိုလ်

ဒီအကြောင်းတွေအလွန်ပြောချင်နေတာတော့ ကြာပါပြီ။ တိုင်းတစ်ပါးကိုအထင်ကြီးတတ်တဲ့ ကျွန်မတို့ မြန်မာတွေရဲ့အဖြစ်ကလည်း သနားစရာကောင်းနေပါပြီ။ ဘာလို့ တိုင်းတစ်ပါးကိုအထင်ကြီးရတာလဲ။ ကိုယ့်နိုင်ငံမှာ အထင်ကြီးစရာမရှိလို့လား။ သူများနိုင်ငံတွေက ဘာလို့ အထင်ကြီးခံရတာလဲ။ စဉ်းစားတတ်ရင် အဖြေကတစ်ခုတည်းပါ။ ကိုယ့်နိုင်ငံက ယဉ်ကျေးမှုနဲ့ တန်ဖိုးထားသင့်တာတွေကို တန်ဖိုးမထားတတ်ဘဲ ဖျောက်ဖျက်နေမိကြလို့ပါ။

ဟုတ်ပါတယ်။ ကိုယ့်အိမ်မှာရှိတဲ့ ခွေးပေါက်ကို ကိုယ်က အစလုပ်ပြီးကန်ပြရင် လာသမျှလူတိုင်းလည်း ကိုယ့်နည်းတူ ကန်ကြမှာပဲ။ ဒါကို အပြစ်ပြောလို့မရဘူးလေ။ အဲလိုမဟုတ်ဘဲ ကိုယ်ကတန်ဖိုးထားပြီး ယုယုယယ ချစ်ပြရင် ရလဒ်က ပြောစရာပင်မလိုတော့ချေ။

ယခုလိုတိုးတက်မြန်ဆန်နေတဲ့ အင်တာနက်ခေတ်ကြီးမှာ တိုင်းတစ်ပါးယဉ်ကျေးမှု၊ ဘာသာစကားနဲ့ ဝတ်စားဆင်ယင်ပုံတွေကို အားကျနေမယ့်အစား ကိုယ့်နိုင်ငံ ယဉ်ကျေးမှုတိုးတက်အောင် ကြံစည်အားထုတ်သင့်သည် မဟုတ်ပါလော။ သူတို့ ဘယ်လိုကြိုးစားကြလို့ သူတို့နိုင်ငံတိုးတက်တာလဲ၊ သူတို့လူမျိုးဂုဏ်တက်တာလဲ။ ဒါတွေက အမှန်တကယ်စဉ်းစားအဖြေရှာပြီး အတုယူသင့်တာတွေပါ။

အဓိကပြောချင်တာက ဘာသာစကားအရေးအသားပါ။ မြန်မာစာ မြန်မာစကားက ဘာကြောင့် international language မဖြစ်လဲမေးရင် လူတိုင်းက ခက်လို့ပါလို့ ဖြေတတ်ကြတယ်။ အမှန်တော့ တန်ဖိုးမထားတတ်လို့ပါ။



International School တွေ အများအပြားပေါ်လာပြီးတဲ့နောက်မှာ ငွေကြေးပြည့်စုံတဲ့မိဘတွေက မြန်မာကျောင်းဆို မထားချင်ကြတော့ပေ။ မြန်မာကျောင်းထားရမှာ အဆင့်မမီသလိုလို၊ အောက်သလိုလို နှာခေါင်းရှုံ့တတ်ကြတယ်။ သူတို့သားသမီးတွေကို ဗိုလ်ဆန်ဆန် ရှူးဖိနပ်နဲ့ tie နဲ့ ac ခန်းထဲ စမတ်ကျကျနဲ့ ပညာသင်စေချင်ကြတယ်။ ဒါကလည်း မိဘတွေရဲ့ မေတ္တာပါ။ အပြစ်မဟုတ်ပါဘူး။ ဒါပေမယ့် International school အများစုမှာ မြန်မာစာကို(A, B , C, D ) စသဖြင့်သာ အဆင့်သတ်မှတ်ပေးကြတော့ ကလေးတွေက မြန်မာစာကို အလေးမထား ဂရုမစိုက်တတ်ကြတော့ပါ။ ဝမ်းနည်းစရာကောင်းစွာ မြန်မာနိုင်ငံမှာနေ မြန်မာနိုင်ငံမှာကြီးပြီး မြန်မာစာဖတ်နေကြတာ ပေါက်ကရလေးဆယ်။ ရေးလိုက်ရင်လည်း အထားအသို သတ်ပုံမှအစ အကုန်တလွဲ။

ကလေးတွေကို ကျောင်းနေအရွယ်မရောက်ခင် အဆင့်မြင့်မူကြိုတွေဆီပို့။ လူကြားထဲ "သားသားရေ ဒါ ဘာအသီးလေးလဲ" မေးရင် "Apple"တဲ့။ ထိုအဖြေလေးအတွက် အရမ်းဂုဏ်ယူနေတာပဲ ဖေဖေကြီးက။ ဒါပေမယ့် ကလေးက ထိုနီနီရဲရဲအသီးလေးကို Apple ပဲ သူသိတာ "ပန်းသီး"မှန်းသူမသိရှာဘူး။ သနားစရာကောင်းလေစွ။

International school မှာ Grade-6 ရောက်နေပြီဖြစ်တဲ့ ကျွန်မတပည့်လေးတွေက"Teacher မြန်မာစာက ရေးရခက်တယ်။ ရှုပ်နေရော အကောက်တွေ အဆွဲတွေနဲ့" တဲ့။ ဩော် . . . ။ "Teacher "င"က ဘယ်ဘက်လှည့်တာလဲ"တဲ့။ ဩော် . . .

"သားက ၃ နဲ့ ၄ ပဲမကွဲတာပါ"တဲ့။ ဩော် . . . ဩော်သာ တနိုင်ပါတော့သည်။ ဩော်ပေါင်းများစွာနဲ့ ဒီကလေးတွေရဲ့ ရှေ့ရေးကိုလည်း ရင်မောမိပါသည်။ မိဘတွေကိုယ်တိုင်က "Teacher မြန်မာစာကို အာရုံမထားနဲ့၊ အမှတ်ထည့်ပေါင်းတာလည်း မဟုတ်ဘူး။ အောင်ရင် တော်ပြီ"ဟု ဆိုတတ်ကြတော့ တစ်ခုတွေးမိသည်။ ကလေးတွေကို ပညာတတ်ဖြစ်စေချင်တာတော့ ဟုတ်ပါပြီ။ ဘယ်နိုင်ငံကို အလုပ်အကျွေးပြုစေချင်လို့လဲဟု မေးလိုက်ချင်ပါသည်။ ကိုယ့်နိုင်ငံက ပညာတတ်တွေ တိုင်းတစ်ပါးဆီ ရောက်ကုန်လို့ အရာရာမှာ သူများနိုင်ငံတွေထက် နောက်ကျနေသည်ကို ရင်နာတတ်ကြပါစေ။

နောက်တစ်ချက်က ဝတ်စားဆင်ယင်မှု။ မြန်မာကို ကမ္ဘာကသိအောင် မြန်မာ့ယဉ်ကျေးမှုနှင့် မအပ်စပ်တဲ့ မယ်ပြိုင်ပွဲတွေမှာ ဘီကီနီဝတ်စုံတွေကို မရှက်မရွံ့ဝတ်ပြီး လျှောက်ပြတာက နိုင်ငံ့ဂုဏ်ဆောင်တာလား။ မိဘတွေကလည်း ကိုယ့်သားသမီးကို ငယ်စဉ်ကတည်းက လုံခြုံစွာဆင်ပေးသင့်သည်။ အတိုအပြတ်နှင့် ကြီးပြင်းလာရသည့် ကလေးသည် သူအရွယ်ရောက်လာသည့်တိုင်အောင် အတိုအပြတ်ဝတ်နေရသဖြင့် ရှက်ရကောင်းမှန်း သိမည်မဟုတ်ပေ။ လူတိုင်းပြောလွန်းလို့ဝတ်ပါပြီတဲ့ မြန်မာဝတ်စုံ။ ထမီက ပေါင်ရင်းလောက်ထိမြင်နေရတဲ့ ခွဲကြောင်း၊ ကျောဟိုက်ရင်ဟိုက်နှင့် ဘာထူးလဲ။ မြန်မာ့ရိုးရာကို ဖျက်ဆီးရာပင် ရောက်နေသည်။ ဤသည်ကို ရှက်ရမှန်း မသိ။ လုံခြုံယဉ်ကျေးစွာ ဝတ်ထားသူကိုပင် ထိုသူများက အထူးအဆန်းလိုလို၊ တောသူမလိုလို၊ ရှက်ဖွယ်လိုလို မေးငေါ့ကဲ့ရဲ့တတ်ကြပြန်သည်။ ဩော် . . . ယိုသူမရှက် မြင်သူရှက်ပါပဲလား။

နောက်တစ်ခုက တာဝန်သိစိတ်။ ငယ်ရွယ်စဉ်ကတည်းက ဟိုကြည့် ဒီကြည့်လုပ်ပြီး ဆရာမ မရှိဘူး၊ လူကြီး မရှိဘူးဆိုပြီး တွေ့ရာနေရာတွင် အမှိုက်ပစ်တတ်သည့်အကျင့်က လူကြီးဖြစ်လာတော့ စည်းကမ်းရှိပါဦးမလား။ နေရာတကာ ရွံ့စရာကောင်းလောက်အောင် ကွမ်းတံတွေးကလွှမ်းထားတတ်သည်။ ဆေးလိပ်ငွေ့က လူကြားမရှောင် ကလေးသူငယ်နားမရှောင် ဖွာတတ်ကြပြန်သည်။ ဒီအချက်က ငယ်ငယ်ကတည်းက စည်းကမ်းမဲ့စွာကြီးပြင်းလာရလို့ပဲ။ စည်းကမ်းသည် လူ့တန်ဖိုးတဲ့။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ကြပါစေ။

စင်ကာပူလိုတိုးတက်ချင်သည်။ ဂျပန်လို အောင်မြင်ချင်သည်။ မှန်ပါသည်။ အတုယူရမည်။ သူတို့နိုင်ငံသားတွေ ဘယ်လိုစားတယ်၊ ဘယ်လိုဝတ်တယ်ဆိုတာမဟုတ်ဘဲ သူတို့ ဘယ်လိုပညာတတ်သည်၊ မိဘများက ဘယ်လိုထောက်ပံ့သည်၊ နိုင်ငံတိုးတက်အောင် သူတို့ ဘယ်လိုကြိုးစားကြသည်၊ ဘယ်လိုစည်းကမ်းရှိကြသည်ဆိုသည်ကိုပါ။ မြန်မာလူငယ်များ စည်းကမ်းရှိစွာနေထိုင်ရင်း ကောင်းသောအတုခိုးရင်း ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးနဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ကြပါစေ. . .။

■

လူငယ်ဆောင်းပါး

# စဉ်းစားမိသမျှ ဘဝ

**မောင်သာစိုး(ပြည်)**
ရန်ကုန်ပညာရေးတက္ကသိုလ်(ပဥ္စမနှစ်)

**(တစ်)**

ဆောင်းကျွတ်လုပြီ။ နွေရာသီလည်း မပီတတ်သေး။ ဆောင်းလည်းမပီ၊ နွေလည်းမည်သော ကာလ။ နံနက်ခင်းမို့ထင်ရဲ့ အပြင်တွင်နှင်းကြွင်းနှင်းမှုန် ဖွဖွလွလွလေတွေက သုန်သုန်လွင့်ဝဲနေဆဲ။ ဥသြငှက်တို့ကလည်း အားကျမခံ နွေပြယုဂ်ကို ပီပြင်အောင်တွန်ကျူးနေဆဲ။ နှင်းကြွင်းနှင့် ဥသြသံတို့ ဝိုးဝါးထွေးနေသောအလှ။ တစ်ချက်တစ်ချက် ကျီစားတိုက်ခတ်လာသော လေပြည်လေညင်းတို့ကို စိတ်ဆိုးလို့ထင် အိမ်ရှေ့ရှိ ဗာဒံပင်မှ ဗာဒံရွက်ကလေးများ မြေပြင်ထက်သို့ တစ်ရွက်ချင်းတစ်ရွက်ချင်း မဆင်းချင်ဆင်းချင် ဝေ့ဆင်းကြွေကျလာပုံက ပန်းချီစုတ်ချက်များတို့ထားသည့်နှယ်. . . ။

ထိုအချိန်တွင် ဖတ်လက်စ ဆရာသော်တာဆွေ စာအုပ်လေးကိုဘေးချပြီး သဘာဝအလှအပကို ခံစားကြည့်ရှုရန် အိမ်အပြင်ဘက်သို့ လှမ်းထွက်လိုက်သည်နှင့် စိမ်းစိုမွေးကြည်သော လေနုလေအေးက ကျွန်တော့်ကိုသိမ့်ခနဲထွေးဖက်တို့ထိသွားသည်။ စာဖတ်၍ အညောင်းထိုင်နေခဲ့သော ကျွန်တော့်စိတ်များ ဆောင်းလေအေး၏ ပွတ်သပ်မှုကြောင့် လန်းဆန်းတက်ကြွသွားသည်။ ထို့နောက် ကျွန်တော့်ခေါင်းထဲသို့ ဝင်လာသည့် အတွေးတို့ကအုံ့၍ပျံ၍။ ဆရာသော်တာဆွေ၏ "ငွေကိုလေလိုသုံးသူ" ဆိုသည့် ဘဝသရုပ်ဖော်ဝတ္ထုထဲက စာပုဒ်လေးတစ်ပုဒ်ကား ကျွန်တော်၏ စိတ်နှလုံးကို လာငြိညှိယူဖမ်းစား တွယ်ကပ်နေသည်။ ထို"ငွေကိုလေလိုသုံးသူ" ဆိုသည့် ဝတ္ထုကို ကျွန်တော်ကြိုက်လွန်းလို့ ဖတ်မိသည်မှာ တစ်ခါ၊ နှစ်ခါမက၊ အကြိမ်ကြိမ်အခါခါ။ ဖိတ်မိတိုင်းလည်း ထိုအတွေးတို့က မိမိ၏ဦးခေါင်းထဲသို့ အလုအယက် လွန့်လွန့်ထွေးထွေး ဝင်ရောက်လာခဲ့သည်မှာ တစ်ခါ၊ နှစ်ခါမက၊ အကြိမ်ကြိမ်အခါခါ. . . ။

ကျွန်တော်အတွေးမျှင်တန်းရသည့် စာပိုဒ်လေးကို စာဖတ်သူသိရှိအောင် ရွေးချယ်ကောက်နုတ်ဖော်ပြလိုက်ပါသည်။

"ဆရာသော်တာဆွေ၌ အခင်ဆုံးသူငယ်ချင်းများစွာ ရှိသည့်အနက် ထိုသူကလည်းတစ်ယောက် (မိုးကုတ်သူဌေး ဦးမြမောင်)။ ၁၉၄၅-၄၆ မှ ၁၉၅၀ ခုနှစ်ကျော်အထိ ထိုသူသည် ပဲရစ်မှာသွားနေ၍ ပဲရစ်နှင့်လန်ဒန်ကို အိမ်ဦးနှင့် ကြမ်းပြင်ကူးကာ အမေရိကန်၊ အင်္ဂလန် မီလျံနာသူဌေးများကဲ့သို့ သုံးဖြုန်းနိုင်သူ။ ဟိုတယ်မှာစား၊ ဟိုတယ်မှာအိပ်၊ ဟိုတယ်မှာ သောက်သည့်လူ။ တစ်နေ့ ထိုသူဌေးက အရက်မူးပြီး တစ်ရေးအနိုးမှာ ထပ်သောက်ရင်း ဘာကိုတွေး၍ ဝမ်းနည်းနေသည်မသိ။ မျက်ရည်တွေတွေကြီးကျပြီး ပြောရှာသည်။

ကျွန်တော့်မှာ ငွေသိပ်ချမ်းသာတော့ သဘောရှိ သုံးဖြုန်းပြီး စိတ်ထင်သလို နေရစားရတာပျော်တယ်။ ကိုယ့်ဘဝကို ကျေနပ်တယ်များထင်သလား --- မထင်နဲ့" တဲ့

ကျွန်တော့်ခေါင်းထဲသို့ အတွေးရေလျဉ်မပြတ်အောင်၊ အတွေးငြိကာချဲ့မိအောင် လုပ်နေသည်မှာ ထိုသူပြောခဲ့သော အထက်ပါစာပိုဒ်။ ထိုနေရာရောက်တိုင်း ဖတ်လက်စ စာအုပ်ကို ခဏဘေးထားကာ "ဘဝအဓိပ္ပာယ်"ကို ကျွန်တော် တခုတ်တရ စောကြောကြည့်နေမိစမြဲ . . . ။

**(နှစ်)**

ကျွန်တော်တို့တစ်တွေက မိမိတို့ဘဝ ကောင်းကောင်းစား၊ ကောင်းကောင်းနေ၊ ကောင်းကောင်းသေရအောင်ဆိုတဲ့ ဘဝဇာတ်ခုံပေါ်မှာ ကကြိုးစုံစွာဖြင့် ကနေ၊ ရှန်းနေ၊ လှုပ်ရှားနေကြသူများဖြစ်ပါသည်။ တစ်နည်းအားဖြင့် မိမိတို့ဘဝတွေလှပဖို့၊ ရွှေရောင်အနာဂတ် စာမျက်နှာတွေ ပိုင်ဆိုင်ဖို့ ပင်ပန်းဆင်းရဲကြီးစွာ အပြင်းအထန် ကြိုးစားရုန်းကန်နေကြသူများပဲ ဖြစ်ပါသည်။ သည်နေရာတွင် ဆရာကြီးဦးအောင်သင်း စကားကို သွားသတိရမိပါသည်။ စာပေဟောပြောပွဲတိုင်း၊ ဆရာကြီး စာအုပ်တွေဖတ်ရတိုင်း မကြာခဏကြားနေ၊ သိနေ၊ တွေ့နေရသောစကားများပင်ဖြစ်ပါသည်။

"မင်းတို့တစ်တွေနော် (ကျောင်းသားလူငယ်တွေကို ဆိုလို)ဘဝမှာ ကြုံလာတဲ့အခက်အခဲတွေကို မကြောက်ကြနဲ့ ရင်ဆိုင်ပစ်လိုက်စမ်းပါ။ ဘဝဆိုတာ အခက်အခဲရှိမှ သိပ်ပြည့်စုံတာ၊ သိပ်ပျော်စရာကောင်းတာ" ဟုလူငယ်များကို အမြဲလိုလို လှမ်းပြီးသတိပေးဆုံးမတတ်သော စကားများပဲဖြစ်ပါသည်။

ဆရာကြီးဦးအောင်သင်း ပြောခဲ့သော ဘဝအကြောင်းနှင့် ဆရာသော်တာဆွေ၏ သူငယ်ချင်းတစ်ယောက်၏ ဘဝအကြောင်းတို့ကို နှိုင်းယှဉ်ချိန်ထိုးကြည့်လိုက်သောအခါ။ ကျွန်တော် မပီဝိုးတဝါးအတွေးစတို့ ဝင်းခနဲလက်ခနဲ ပြိုးပြက်တောက်ပသွားတော့သည်။ ဆရာသော်တာဆွေ၏ သူငယ်ချင်းက ဘဝမှာ လိုတရသူ၊ ဘဝမှာ မပူမပင် မကြောင့်ကြရသူ၊ ဘဝမှာ ဘာအခက်အခဲမှမရှိသူ၊ ငွေကို ရေလိုသုံးနိုင်သူသာမဟုတ် လေလိုပါသုံးနိုင်သူ စသဖြင့် ဘဝမှာ အစစအရာရာ ကုံလုံပြည့်စုံကြွယ်ဝချမ်းသာနေသောအခါ ထိုသူ့ဘဝအဓိပ္ပာယ်က "တိမ်မယောင်နဲ့နက် လွယ်မယောင်နဲ့ခက်"ဆိုသည့် စကားပုံကဲ့သို့ ပျော်ရွှင်ကြည်မွေ့ဖွယ်ရာကောင်းတော့ မလိုလိုနှင့် ခြောက်သယောင်း သွားပါတော့သည်။ လောကဓံလှိုင်းတံပိုးတွေရဲ့ အရိုက်အပုတ်တွေကြောင့် ကျွန်တော်တို့ဘဝတွေ ခြေကုန်လက်ပန်းကျခဲ့ဖူးပါသည်။ သို့သော် ဘဝမှာ လဲကျ၊ ပြန်ထ၊ ပြန်လဲကျ၊ ပြန်ထဖို့ ကြိုးစားကြ။ အခက်အခဲတွေ၊ အလွမ်းတွေ၊ အဆွေးတွေ၊ ဝမ်းနည်းဝမ်းသာ ပျော်ရွှင်ခြင်းတွေ စသည်စသည်တို့ရှိမှ မိမိတို့ရှင်သန်နေရသော ဘဝက အဓိပ္ပာယ်ရှိ ပြည့်စုံနေမည်ဟု ကျွန်တော်ယုံကြည်နေမိပါသည်။

စင်စစ် ဘဝဟူသည်က ညီညာဖြောင့်ဖြူးပြေပြစ်သည့် မြေနီလမ်းကလေးတစ်ခုတော့မဟုတ်ပါလေ။ ဘဝဟူသည် ကတိုက်ပွဲ။ ဘဝဟူသည်က ကြိုးဝိုင်း။ ဘဝဟူသည်က. . . ။

**(သုံး)**

**"သမုဒ္ဒရာ ရေမျက်နှာထက်**
**ခဏတက်သည့် ရေပွက်ပမာ**
**တစ်သက်လျာတည်း"**

ကျွန်တော့်နှုတ်ဖျားမှ ရံဖန်ရံခါတီတိုးရွတ်ဆိုလေ့ရှိသော ကဗျာတစ်ပိုင်းတစ်စ။ အနန္တသူရိယအမတ်ကြီး မသေခင်ရေးဖွဲ့ခဲ့သော ဂန္ထဝင်မြောက် **"မျက်ဖြေလင်္ကာ"** ကဗျာထဲက ကျွန်တော့်ရင်ထဲ ထင်းထင်းလင်းလင်း ငြိနေသော ကဗျာတစ်စွန်းတစ်စ၊ အနန္တသူရိယအမတ်ကြီးက လူ့ဘဝတွင်ရရှိလာကြသော စည်းစိမ်ချမ်းသာ၊ နောက်ဆုံး လူ့ခန္ဓာကိုယ်ပင်လျှင် သမုဒ္ဒရာရေမျက်နှာပြင်ထက်၌ တစ်ခဏမျှသာ ထပွက်သည့် ရေပေါက်ကလေးတစ်ခုပမာ ပါတဲ့။ ဪ . . . ဘဝမှာ ဘယ်အရာမှ မတည်မြဲ၊ အစိုးမရပါဟု ဆိုလိုခဲ့သော ကဗျာစာသားများ။

လူ့ရွာသို့ ကျွန်တော်တို့ လာရောက်ခဲ့ခြင်းကတော့ ခေတ္တခဏသာလျှင် လာရောက်ခဲ့ခြင်း မဟုတ်ပါသလော။ အမြဲတစေနေထိုင်ရန် အခွင့်အရေးရှိပါသလော။ ကျွန်တော်တို့တစ်တွေက လူ့ရပ်လူ့ရွာသို့ ခဏတာအလည် အပတ်ရောက်လာကြသည့် ဧည့်သည်များသာပေ။ အချိန်တန်လျှင် ပြန်ရမည့်သူတွေ။ ခဏတာ ရရှိပိုင်ဆိုင်ခွင့်ရရှိကြသော ကျွန်တော်တို့ဘဝတွေကို လူ့ရပ်လူ့ရွာတွင် အကျိုးရှိအောင် လုပ်သွားကြမည်လား။ သို့မဟုတ် ဆုတ်ယုတ်ဖျက်ဆီးသွားကြမည်လား။ ဘဝဆိုသည်က သင်္ချာတစ်ပုဒ်လို ကိန်းဂဏန်းအတိအကျဖြင့် တွက်ပြလို့ဘယ်လိုမှမဖြစ်နိုင်၊ ဘဝဆိုသည်က တကယ်ကို သိမ်မွေ့၊ တကယ်ကို နက်နဲ၊ တကယ်ကိုရှုပ်ထွေးကာ နားလည်ရန်ခက်ခဲသော ဝက်ပါတစ်ခုလေလား။ ကိုယ်စီဆုတ်ဆုတ်နိုင်နိုင် ပိုင်ဆိုင်ခွင့်ရရှိခဲ့ကြသော ဘဝတွေကို အကျိုးရှိစွာ အသုံးချသင့်သည်ဟု ကျွန်တော်ထင်မြင်မိပါသည်။ ဘဝမှာ အမုန်းတရားတွေကို ဆုပ်ကိုင်ထားသင့်၊ မထားသင့်၊ ဘဝမှာ အငြိုးအတေး အာဃာတတွေရှိသင့်၊ မရှိသင့်။ ဘဝမှာ ရွံ့ရှာစက်ဆုပ်မှုတွေ ကိန်းအောင်းနေသင့်၊ မနေသင့်၊ ဘဝမှာ. . . ။ ဘဝမှာ. . . ။ ဤအရာတွေအားလုံးက ဘဝတွင်မရှိသင့်၊ မရှိလည်း မရှိထိုက်သောအရာများဟု ကျွန်တော်ယူဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့အားလုံးက လူ့ရွာသို့ အလည်ခဏလာကြသူများပဲဖြစ်ပါသည်။ လာပြီးလျှင် ပြန်ဖို့ပဲရှိပါသည်။ အမုန်းတွေ၊ အာဃာတတွေ၊ အငြိုးတွေ၊ မနာလိုဝန်တိုမှုတွေ စသည်စသည်တို့ကို မထားခဲ့ဘဲ ယူသွားခဲ့မည်ဆိုလျှင်. . . ။ မေတ္တာတွေ၊ အကြင်နာတွေ၊ ကရုဏာတွေ၊ ကိုယ်ချင်းစာနာမှုတွေကိုကော ကျွန်တော်တို့အလည်လာသော လူ့ရပ်လူ့ရွာတွင် ထားခဲ့သင့်၊ ပေးခဲ့သင့် တော်တော့်ကို စဉ်းစားဖို့ကောင်းလွန်းသော အချက်တွေပဲဖြစ်ပါသည်။

ဘဝမှာ ဘယ်လိုအသက်ရှင်နေထိုင်သွားရမလဲဆိုသော ကိစ္စကို ငေးမောတွေးတောလိုက်တိုင်း ကဗျာစာသားတချို့က ကျွန်တော့်ရင်ထဲ ရစ်ကာတွယ်ကာ ဝင်ရောက်လာစမြဲဖြစ်ပါသည်။ ကဗျာရေးသူက "မိုးလ်ဇော်" ကဗျာခေါင်းစဉ်က "အိမ်"

**"သိပ်အထာမကျတဲ့ မိစ္ဆာညမှာ**
**လိပ်ပြာလှလှနေရအောင်"တဲ့**

ကဗျာဆရာက အချိုးအကွေ့တွေ၊ အခက်အခဲတွေ၊ ဆင်းရဲပင်ပန်းမှုတွေ၊ မာယာပရိယာယ်တွေ၊ ခက်ခဲကြမ်းတမ်းမှုတွေ၊ အဆင်မပြေမှုတွေ စသဖြင့် ပေါများလှတဲ့ မိစ္ဆာညတွေ။ တစ်နည်း ဘဝတွေမှာ မိမိတို့၏ စိတ်နှလုံးကို ဖြူစင်အောင်၊ လိပ်ပြာလေးလှအောင်ထားပြီး ဘဝကို နေထိုင်သွားကြရအောင်တဲ့။ ဒါသည်ပင် ကဗျာဆရာ၏ ဆိုလိုရင်းဖြစ်ပါသည်။

ဪ. . . ရရှိလာကြ ပိုင်ဆိုင်လာကြတဲ့ ဘဝတွေမှာ ဘယ်လိုလောကဓံရဲ့ ထိုးနှက်ချက်မျိုးမဆို၊ ဘယ်လိုအခက်အခဲ အတားအဆီးမျိုးမဆို၊ ဘယ်လိုစိတ်ပျက်ညစ်ညူးစရာမျိုးမဆို ကျွန်တော်တို့ဘဝတွင် ကြုံလာခဲ့သည်ရှိသော် စိတ်နှလုံးလေးဖြူအောင်ထားပြီး ကောင်းကောင်းမွန်မွန် နေထိုင်သွားကြပါလို့ ကဗျာဆရာ"မိုးလ်ဇော်"က လှမ်းသတိပေးလိုက်ပုံတွေများ. . . ။

**(လေး)**

ကျွန်တော်တို့အားလုံးသည် လူတို့ရွာသို့ ခဏသာလျှင် လာရောက်ခဲ့ကြပြီး ပြန်လည်ထွက်ခွာသွားရမည်မှာ သေချာပါသည်။ ဟုတ်ပါပြီ။ "ဘာလာလုပ်တာလဲ"။ လူ့လောကကြီးထဲကို ဘာလာလုပ်တာလဲ။ ယူသွားဖို့လာခဲ့တာလား။ ပေးဆပ်ဖို့လာခဲ့တာလား။ ဒါကမိမိတို့ကိုယ်တိုင် စဉ်းစားရွေးချယ်ကြရမည့် လမ်းနှစ်သွယ်ပဲဖြစ်ပါသည်။ ခွင့်လွှတ်ပေးစေချင်ပါသည်။ စာဖတ်သူ မိမိကိုယ်ကို မိမိ မေးခွန်းပြန်မေးကြည့်ဖူးပါသလား။ မမေးဘူးလျှင် မေးကြည့်စေချင်ပါသည်။ "လူ့လောကကြီးထဲကို ငါဘာလာလုပ်တာလဲလို့"။ "အင်း၊ ဟို ၊ ဒီလိုပါပဲ" ဟူ၍ တိကျပြတ်သားမှုမရှိသော၊ ထွေပြားဝေဝါးသော စကားလုံးတွေကိုသာ စာဖတ်သူအများအားဖြင့် ဖြေဆိုလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ သို့မဟုတ်လျှင်လည်း ရုတ်တရက် ဖြေဆို၍ ခဲယဉ်းကောင်း ခဲယဉ်းပါလိမ့်မည်။

သို့ဆိုလျှင် သေချာရေရာမှုမရှိသာ လူ့ဘဝကြီးထဲတွင် "ဘာလာလုပ်တာလဲ"ဟူသော အမေးကို လူတိုင်းလိုလိုက ရေရာသေချာမှုမရှိသော စကားလုံးတွေဖြင့်သာ ဖြေလာခဲ့သော်. . . ဖြေလာခဲ့သော်. . . ဖြေလာခဲ့သော်. . . ။

**(ငါး)**

လေတစ်ချက်အဝှေ့ကြောင့် ကျွန်တော့်အိမ်ရှေ့ မြေနီလမ်းမပေါ်ရှိ ဖုန်အလိမ်းလိမ်း ကပ်ကြံနေသော ဗာဒံရွက်ကြွေများက ရှပ်တိုက်ပြေးလွှားနေဆဲ။ ထို့အတူ ကျွန်တော်ကလည်း လူ့အဓိပ္ပာယ် သို့မဟုတ် ဘဝအဓိပ္ပာယ်ကို ကျွန်တော့်ဉာဏ်အမြင် တစ်ထွာတစ်မိုက်မျှငယ်နှင့် စစ်ကြောကြည့်နေမိဆဲ. . . ။ ဘဝအဓိပ္ပာယ်ကို တိုးတိုးသဲ့သဲ့လေးကြားနေရဆဲ. . . ။

■

လူငယ်ကဗျာ



## ဇာတ်နာတယ်

ဘဝရဲ့ ဇာတ်တည်ချက်အရ
ရွေးချယ်ခွင့်မရှိ
သူ "အူဝဲ" အော်ခဲ့ရတယ်။
နို့တစ်စက်ဝချိန်
ရေတစ်စက်မျှော်ကိုး
မြေကြီးကိုတိုးပြီး
ခရီးပြင်းနှင်ခဲ့တယ်။
ဒါပေမယ့် သူ့ဘဝမှာ
မိုးရာသီမရှိခဲ့ဘူး။
ရေတစ်ပေါက် အတူသောက်
ထမင်းတစ်ဝိုင်း အတူမနွှဲနိုင်ခဲ့ဘူး။
ညတွေ. . . ပုံမှန်မီးမလာပေမယ့်
ဘဝတွေ. . . ညတိုင်းမီးလောင်တယ်။
အဖေတစ်ခါ၊ အမေတစ်လှည့်
ရှို့ကြတယ်လေ။
နေရာတွေအများကြီးရှိတယ်
မြေစာပင်ရှိရာမှ ခတ်ကြလွန်းတော့
သူ . . . လောကကို ကျိန်ဆဲ
ဘဝကို ဆဲဆို
အတိတ်အား နာကျည်း
အနာဂတ်အား ဖျက်ဆီး
ပစ္စုပ္ပန်မှာ ရိုင်းပဲရိုင်းချင်နေမိ။
လောကသာ ရွေးချယ်ခွင့်ပေးလိုက်ပါ
သူ အခုသေပြမယ်။ ။

**ရှားမင်းဦး(မင်းကင်း)**
မဟာအရည်အချင်းစစ် အင်္ဂလိပ်စာ
မုံရွာတက္ကသိုလ်

လူငယ်ကဗျာ

## ဖိုးဝလေးရဲ့ ထမင်းဝိုင်း

သားငါးရွက်စုံသီးနှံပေါတဲ့
ဖိုးဝလေးတို့အိမ်မှာကွယ်၊
ဟင်းများချက်လျှင်စုံလင်လှလို့
အရသာများရှိလှတယ်။
ဖိုးဝလေးရဲ့ ထမင်းဝိုင်းဟာ
အလွန်ထူးခြားလှပါတယ်။
ငါးဖယ်၊ ငါးဆုပ်ကိုအကြော်၊ အသုပ်ခွဲလို့
ကြက်ပဲဟင်းလည်းပါသေးတယ်။
ကန်စွန်းရွက်ကို ချဉ်ရည်ချက်လို့
ချဉ်ပေါင်ရွက်ကြော်စားသေးတယ်။
ရွက်စုံသီးစုံပြုတ်ကာထားလို့
ငါးပိရည်နှင့် စားပါတယ်။
အစားမရွေးတဲ့ ဖိုးဝလေးဟာ
အားကျစရာကောင်းပါတယ်။
အာဟာရပြည့်ကာ ဓာတ်တွေမျှတော့
ဝဝလေးနဲ့ လှပါတယ်။
ညီ၊ညီမတို့လည်း ဖိုးဝလေးလို
စားသောက်တတ်စေချင်ပါတယ်။
အာဟာရစုံစွာ ကျန်းမာတော့မှ
ကျော့ကျော့မော့မော့နေနိုင်မယ်
စားကြကွယ်. . .စားကြမယ်. . .။ ။

**မောင်မင်းသန့်**
GRADE-7(A) အထက(၁)ဒဂုံ

လူငယ်ပေးစာ

# သူငယ်ချင်းများသို့ပေးစာ

**ဝင်းလက်ရွှေရည်(MOY)**
**B.A English (YUFL)**



အများစုက ပြောကြတယ်။ ဘဝမှာအပျော်ရဆုံး အချိန်က တက္ကသိုလ်ကျောင်းသားဘဝတဲ့။ ပူပင်စရာမရှိ၊ မိဘအရိပ်အောက်မှာပဲ ပေးတာသုံး၊ ကျွေးတာစားနဲ့လေ။ ကျောင်းပြီးသွားကြရင်လည်း ကိုယ်တက်ခဲ့တဲ့ တက္ကသိုလ်ကြီးကို လွမ်းနေကြရတယ်တဲ့။ ဒီလိုအပြောတွေနဲ့ ကိုယ်လည်း ဘွဲ့ရခဲ့တယ်။ ကျောင်းဆက်တက်တော့ လွမ်းစရာမလိုတော့ဘူး။ ဒီလိုပဲထင်ခဲ့တာ။ ပြဿနာက ဒီကစတာပဲ။

ကျောင်းဆက်တက်နေတဲ့ကိုယ့်မှာ လွမ်းစရာတွေပေါ်လာတာကို ပြောချင်တာပါ။ အဲ. . . လွမ်းစရာတွေကတော့ အတန်းထဲက ဘော်ဘော်တွေပါ။ ကျောင်းကြီးက သူတို့မရှိတော့ တိတ်ဆိတ်ပြီး စိမ်းကားနေတယ်လို့တောင် ခံစားရပါတယ်။ စည်းကမ်းအလွန်တင်းကျပ်ပြီး (ဝင်ပြီးရင်ပြန်ထွက်မရ)ပြေးပေါက်မရှိတဲ့ ကိုယ်တို့ကျောင်းမှာ ပျော်စရာဆိုတာ သူငယ်ချင်းအချင်းချင်း စကြနောက်ကြရင်းနေရတာလေ။ အဲတာကိုက ပျော်စရာကောင်းနေတာပါ။ အခုတော့ ကိုယ်နဲ့အတူတူဆိုလို့ ကျော့နဲ့ လမင်းပဲရှိတယ်။ ဒီနှစ်ကောင်ရှိလို့ တော်သေးတာပေါ့။ စိုးစိုးကိုတော့ ကျောင်းတက်တုန်းကထက်တောင် ကျောင်းမှာပိုမြင်ရသလို။ သူ့ရဲ့ ဘာညာဘာညာလေးကို ကျောင်းလာလာကြိုလို့လေ။ လင်းလင်းနဲ့ ဖြူဖြူကတော့ တခြားမှာ အတူတူကျောင်းဆက်တက်နေရတော့ အပျော်လုံးဆို့နေမှာသေချာပါတယ်။ ညဏ်ညဏ်ကတော့ အချစ်အတွက် စန္ဒရားတီးရင်း သံစဉ်တွေဖန်တီးနေဦးမယ်ဆိုတာ မမြင်ရလည်း သိနေပါတယ်။ ဘုန်းပြည့်ကတော့ ညီမလေးနဲ့ ဘုရားပေါင်းစုံ လျှောက်ဖူးနေဆိုပဲ။ သူ ဒီလောက် ဘာသာရေးကိုင်းရှိုင်းမှန်း မသိခဲ့ဘူး။ သာခုပါ သားကြီးရာ။ ကာကာကတော့ အအိပ်အစားမမှန်ဘဲ အလုပ်ပဲကြိုးစားလုပ်နေလား မသိဘူး။ တော်ကြာ ကျူရိုးကနေအပ်ဖြစ်သွားဦးမယ်။ သန့်စု၊ စုနှင်း၊ အိဖြူတို့နဲ့ အများနားမလည်တဲ့စကားဝိုင်းကြီး မလုပ်ရတာတော်တော်ကြာပြီ။ အချိန်ရရင် အဲဒီတောင်စဉ်ရေမရ စကားဝိုင်းကြီးကို ပြန်အသက်သွင်းချင်လို့ ကြုံရင်ဆက်သွယ်ပါလို့ ဒီကတစ်ဆင့် ဖိတ်ကြားလိုက်ပါတယ်။ အရင်က အခန်းတွင်း presentation တွေ၊ debate တွေ လုပ်တိုင်း ငြင်းကြခုံကြ၊ ဆေးထိုးကြတဲ့ အချိန်တွေကို သတိရမိပါတယ်။ အခုလည်း အဲဒီလို presentation လုပ်တိုင်း ဝတီ၊ သူဇာ၊ Helen တို့ကို သတိအရဆုံးပါ။ စာသင်နေရင်း ထထရယ်တတ်တဲ့ ခိုင်ဇော့ရယ်သံတောင် မကြားရတာကြာပြီ။ ကျောင်းကားပေါ်ရောက်လည်း ဘေးကကားတွေကြည့်ရင်း ဇင်လေးရော ကားပေါ်မှာ လေ့ကျင့်ခန်းလုပ်သေးလားလို့ စဉ်းစားမိတယ်။ အမှန်တော့ အတန်းထဲကသူငယ်ချင်းအားလုံးကို သတိရပါတယ်။ တစ်ယောက်ချင်းစီရေးရရင်ပြီးတော့မှာကို မဟုတ်တော့ဘူးနော်။ တစ်နေ့က ပန်ပန်နဲ့တွေ့မှ သူ့ရဲ့ ထိမိတဲ့ဟာသလေးတွေ ပြန်ကြားရတော့ ဝမ်း၊ မီးမီးတို့နဲ့အတူတူ Group Work လုပ်ခဲ့တာလေးတွေ ပြန်သတိရမိတယ်။ အဲဒီအချိန်တွေက တကယ့်အမှတ်တရတွေပါ။

သူငယ်ချင်းတွေအားလုံး ကျောင်းပြီးသွားရင် အလုပ်တွေကိုယ်စီနဲ့ ကျောင်းတုန်းကလို အချိန်မပေးနိုင်ကြတော့ဘူးနော်။ အဲဒါကြောင့် လက်ရှိ ကျောင်းတက်နေကြတဲ့ မောင်ငယ်၊ ညီမငယ်လေးတွေကို အကြံလေးတစ်ခုပေးချင်တာက ကျောင်းသားဘဝကို သူငယ်ချင်းတွေနဲ့ အပျော်ရွှင်ဆုံးကုန်ဆုံးပါ။ တန်ဖိုးရှိစွာနဲ့ အအောင်မြင်ဆုံး ဖြတ်သန်းပါ။ ဒါဘယ်တော့မှ အစားထိုးမရတဲ့ ဘဝရဲ့ တစ်စိတ်တစ်ပိုင်း အမှတ်တရလေးတွေမို့ပါ။

လွမ်းမိတယ် . . . သူငယ်ချင်းတို့ရေ . . .

လူငယ်စာညွန့်

# အထီးကျန်လူငယ်


**လှုညီယဉ်(ဥပဒေ)**
ဥပဒေပညာ (ဒုတိယနှစ်)

ဩော် . . . တက္ကသိုလ်တောင် ပြန်တက်ရတော့မှာပဲ။ မနှစ်ကရယ် တစ်နှစ်ကရယ် ဘာလုပ်ဖြစ်လဲ။ 1st year ကျောင်းသားဘဝတုန်းကတော့ တုန်လှုပ်မှုအနည်းငယ်ရယ်၊ စိတ်လှုပ်ရှားမှု အနည်းငယ်ရယ်နဲ့ အထူးအဆန်းဖြစ်မှု၊ သစ်လွင်မှုတို့ကို လိုက်လှည့်ကြည့်ခဲ့တဲ့ ဦးခေါင်းထက်မှာ ကျွန်တော့်ဆံနွယ်တွေ သိပ်မရှည်ခဲ့ဘူး။

အဲတုန်းက ကျွန်တော်ဟာ အရာရာကို ဘောင်ခတ်ပြီး မောင်းသွင်းထားတဲ့ မြင်းရိုင်းလေးတစ်ကောင်ပဲ။ အတန်းခုံတွေရဲ့ရှေ့ဆုံးမှာ အမြဲထိုင်တယ်။ AM အချိန်ဆို lecture တွေကအစ လက်ရေးနဲ့ တစ်လုံးချင်းလိုက်မှတ်တယ်။ ရှားပါးသမိုင်းတွေဆို ကိုယ့်ကိုယ်ပိုင်သိမှတ်ဖွယ်ရာ မှတ်တဲ့ notes လေးထဲ ကူးထည့်တဲ့အဆင့်ထိ ကိုင်းရှိုင်းခဲ့တယ်။

ပထမဆုံးစထိုင်ဖြစ်တဲ့ ကန်တင်းမှာ ကျွန်တော်အဆင်သင့်မဖြစ်ခဲ့ဘူး။ တစ်ယောက်လက်ကို တစ်ယောက်တွဲသွားတဲ့ စုံတွဲတွေရဲ့ လက်တွေ၊ တဝူးဝူး တဝေါဝေါ ဖြတ်မောင်းသွားတဲ့ ကျောင်းတွင်းဘတ်စ်ကားကြီးတွေကို နှစ်သက်အားရ ကြည့်နေခဲ့တယ်။ လူနေမှုဘဝထဲက ပစ္စည်းဝတ္ထုတွေကို ပညာရေးအဆောက်အအုံနဲ့ တွဲမြင်ရတာကို အရူးသဖွယ်ဖြစ်နေခဲ့တယ်။

အမြဲ အဖြူအစိမ်း စပ်မြင်ခဲ့ရတဲ့ အစဉ်အလာ သဘောလာ၊ မျက်လုံးတွေက အပြင်အင်္ကျီတွေနဲ့ သွားလာလှုပ်ရှားနေတဲ့ လူငယ်ရောင်စုံလူသားတွေဟာ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေဆိုတဲ့အမြင် တည့်မတ်ဖို့ တော်တော် ကြိုးစားယူရတယ်။ အဲတုန်းက ကျွန်တော်ဟာ ရှေ့ဆုံးတန်းမှာ ထိုင်မယ်။ ထမင်းဘူးကို ကိုယ်နဲ့မကွာထားမယ်။ အချိန်တွေကုန်ရင် အိမ်ပြန်မယ်။ ဥပဒေပုဒ်မတွေ လိုက်မှတ်ရမယ်လို့ထင်ထားခဲ့တဲ့ အိမ်မက်တွေကို



လွယ်အိတ်ထဲအသာထည့်ထားခဲ့ရပြီး ရှေးလူမျိုးစုတွေရဲ့ ကူးပြောင်းသွားလာမှုကနေ ဥပဒေဖြစ်ပေါ်လာပုံ သမိုင်းတွေ၊ လွှတ်တော်ရုံးတော်တွေ ပေါ်ပေါက်လာပုံအဆင့်ဆင့်တွေကို ခေါင်းထဲယူဆောင်လာခဲ့ရတယ်။

ကျွန်တော် သူငယ်ချင်းအသစ်တွေလည်း ရခဲ့တယ်။ အဟောင်းတွေနဲ့လည်း ပြန်တွေ့တယ်။ အသက်အရွယ်ကြီးရင့်မှုအရ တွေ့ဆုံဖြစ်တဲ့ သူငယ်ချင်းတွေဟာ သူတို့တက်ရမယ့် တက္ကသိုလ်ကိုတော့ ဘယ်သူမှစိတ်မပျက်ခဲ့ကြဘူး။

ဒီပညာသင်တိုက်ပွဲ သက်တမ်း ငါးနှစ်တာကာလပတ်လုံးကို ခံ့ညားသောကျောင်းဝန်းကြီးနဲ့ အားအင်ပြည့်ဝလျက်ရှိနေခဲ့ကြတယ်။ ကျွန်တော်တို့ နည်းစနစ်သစ်တွေ၊ Tutorial ဆိုတာတွေ ကျောင်းခေါ်ကြိမ်ဆိုတာတွေနဲ့ အပျံစသင်ခဲ့ကြတယ်။ လေပေါ်ပျံနည်းသိသွားပြီးတဲ့ နောက်မှာ ကျွန်တော်တို့ ဘယ်တော့မှ အောက်မဆင်းလာတော့ဘူး။ မဆင်းမနေရ အတောင်ညောင်းလို့ ရေသောက်ရမယ်လို့ဆိုတာတွေမှ ဆင်းလာတတ်ကြတယ်။

အဲဒီလိုနဲ့ စာမေးပွဲကို ဖြတ်သန်းခဲ့တယ်။ ပထမနှစ်ကျောင်းသားဘဝက စာမေးပွဲဖြတ်သန်းမှုဟာ ချွေးစီးအနည်းငယ်တော့ရှိခဲ့တယ်။ စာတွေဟာလည်း ကိုယ်အပိုင်နိုင်ဆုံးအဆင့်မှာပဲ ရှိနေခဲ့တယ်။ ကတုန်ကယင်နဲ့ သွေးပျက်နေတဲ့အဆင့်ထိတော့ မရောက်ခဲ့ဘူး။ ရက်တွေ၊ လတွေ ကြာခဲ့တယ်။ ကျောင်းကြီးရဲ့ အကြောတွေကို ကျွန်တော်သိလာပြီ။

ဘယ်နေရာကိုတူးရင် ဘာတွေ့မယ်။ ဘယ်ကြောနဲ့ စုန်ဆင်းရင် ဘယ်ကို ရောက်မယ်ဆိုတာသိခဲ့ပြီ။ အဆောင်ဆီသွားတဲ့ ကျွန်တော့်ခြေရာတွေ အတိတ်ကာလ နေ့တွေကထက် နည်းနည်းသွားတယ်။

ဒုတိယနှစ်ကို မျှော်ကြည့်တဲ့အခါ ကျွန်တော်ပြောင်းလဲသလိုလိုနဲ့ ဘာမှမပြောင်းလဲပါဘူး။ ဒီနေရာမှာ ပတ်ဝန်းကျင်နဲ့ ကျောင်းရဲ့အချက်အလက်တွေကို ဆက်စပ်မဖော်ပြတော့ပါဘူး။ ကျွန်တော် ဘာလုပ်ဖြစ်ခဲ့လဲ ဆိုတာတွေကို တမ်းတမိမှာပါ။

ဟစ်ပိုကရေးတီးရဲ့ လောကမှာ လူဟာ နေရာတစ်နေရာစာပဲ ယူနိုင်တယ်ဆိုတဲ့အဆိုတိုင်း ကျွန်တော်ခုံတန်းရှည်တွေမှာ ကျောင်းသားတွေပြန်တဲ့အထိ ကျောတစ်ခင်းစာနေရာမှာ စာအုပ်တွေနဲ့ အသားကျခဲ့တယ်။

အချိန်တွေကုန်တာကို ကျွန်တော် မထူးဆန်းသလိုနေခဲ့တယ်။ မျက်နှာကြက်ထက်က ပန်ကာတွေနဲ့ စကားပြောလာမိတယ်။

ပထမနှစ်ကျောင်းသားဘဝက လှုပ်ရှားတဲ့ ခါတ်နေရာမှာ အေးဆေးခံစားတဲ့ ခါတ်အစားဝင်လာတယ်။ ကန်တင်းက ကျွန်တော့်ရဲ့ နေ့ရက်တွေကလည်း တစ်ယောက်တည်းနဲ့ စည်ကားလှပါတယ်။ အဲတော့ အတွေးကို လက်စပြန်သတ်ရရင် စာအုပ်ကို ပိတ်တော့မယ့်အချိန် ရောက်မယ်ဆိုရင် ဘာမှ အထွေအထူးမလုပ်ဖြစ်ခဲ့ပါဘူး။

ကျွန်တော်ဟာ ကမ္ဘာလောကကြီးရဲ့ ချောင်လေးတစ်ချောင်က ပင့်ကူအိမ်လေးတစ်အိမ် ဖြစ်ခဲ့ရုံပါပဲ။ လာမယ့်နှစ်တွေမှာတော့ အလင်းရောင်တွေကို ဖမ်းဆုပ်ဖို့ ကျွန်တော်ကြိုးစားရပါတော့မယ်။

လူငယ်ကဗျာ

## ပန်းနီရင့်ကို . . .

အဝေးနားမည် ပင်မြင့်ဆီမှ
ပန်းနီရင့်ရင့် အလှစွင့်ကြောင့်
ပန်းပွင့်နီကို မြတ်နိုးပိုခဲ့။

ကိုင်းဖျားနားနေ လေတိုက်လေတိုင်း
မြေခမည်လား ကြွေမည်လားနှင့်
ဗျာများခဲ့ထို စိုးရိမ်ပိုခဲ့။

ကြွေကျခဲ့ထား မြေခသွားတိုင်
နွမ်းသွားမည်လော အတွေးမောခဲ့
သောကရိပ်သန်း စိတ်လင်းတန်းဝယ်
ထိုပန်းပွင့်ကို သိမ်းထားလိုခဲ့။

မသိမ်းထိုက်ဘူး ရင်ကိုစူးပြီ
ပိုင်ဖူးထားသူ ရှိထားမှုခဲ့။

ဆိုင်သူရှိသေး ပန်းပွင့်လေးဝယ်
ဝေးသည်ထက်ဝေး ပိုင်ခွင့်လေးရယ်
ပြန်တွေး၍ကို ကြေကွဲပိုခဲ့။

**သူ(ပင်ကွင်း)**
ဆေးတက္ကသိုလ် ၁၊ ရန်ကုန်။



လူငယ်ကဗျာ

## ပိန်ဆေး

ကျွန်မက အလှကြိုက်တယ်လေ၊
အချစ်က လူကိုပိန်စေတဲ့ဆေးခါးကြီးတဲ့
အတော်ပဲ ပိန်ရင်ပိုလှမှာပေါ့။
ဆေးခါးကြီးတွေကိုမြိုချ၊
တော်သေးတာပေါ့ရှင်
အသက်လေးတောင် ပြန်ကယ်ထားရတယ်။
သိပ်အစွမ်းထက်လွန်းတဲ့
သဘာဝရဲ့ပိန်ဆေး။
ရောင်းဈေးက လူတိုင်းသောက်လို့ရတယ်လေ၊
သောက်ကြည့်ပါလားရှင့်
ထောင့်ငါးရာပဲရှိတယ်။
ဘေးထွက်ဆိုးကျိုးကတော့ . . .။

**ရတနာမိုး**
မဟာဘွဲ့(အင်္ဂလိပ်စာ)

